
www.burmeseclassic.com

# ကိုရွှေတောသား

ပါလေရာ.....ပွဲကြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၀၃၅၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၁၁၀၀၁၁၀

ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် ၂/၃၂၅း(၁) လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်။

မျက်နှာဖုံးနှင့် – ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

အတွင်းပုံနှိပ် ၁၇၁/၃၃လမ်း၊
ကျောက်တံတားမြို့နယ်။
၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ

စီစဉ်သူ ကိုမြို့ (စိန်မိုးယံစာပေ)

မျက်နှာဖုံးပန်းချီ – ဝန်ဒီ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀

ရွှေတောသား၊ ကို ၈၉၅ .၈၃
ပါလေရာပွကြီး / ကိုရွှေတောသား - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၀၊
၁၇၀ - စာ၊ ၁၃.၂၁ × ၂၀.၀၃ စင်တီ၊
(၁) ပါလေရာပွကြီး


သူမပါ . . . ဘယ်ဟာမှ မပြီးလေတဲ့
ပွကြီးရဲ့ . . . ဝါသနာ။
ဂန္ထဝင် မပြောပေမယ့်
စံတင်အောင် ခလောက်ဆန်လို့
စိတ်ကြဲ့စည် အမိုက်ဖွ
ဒါမှ . . . ကြည်သာ။
ရာဇဝင်အနေနဲ့
စာမတင်ပေမယ့်လည်း
ရှာစဉ်လှည့် ရောမွှေကာ
ပါလေရာ . . ပွကြီး။
ရပ်ဇမ္ဗူခွင် ပီပြင်မဆုံးအောင်လ
ဖတ်သူလျှင် ကြည်ရွှင်ပြုံးစေဖို့
သီကုန်းကာ ကလောင်သွေးလို့
ရေးရသတည်း။ ။

မြို့မေတ္တာခံယူမယ့်
**ကိုရွှေတောသား**
၂၉.၆.၀၉

www.burmeseclassic.com

"မင်းတို့ . . စဉ်းစားကြည့်

ဆိတ်ငြိမ်ကြီး

လူသူလေးပါး ကင်းဝေးတဲ့

တောအုပ်ကြီးထဲမှာ

ဆန့်ကျင်ဘက်လူသားနှစ်ဦးဖြစ်တဲ့

မိုနဲ့မှ တွေ့ကြတော့မယ့်ဟာ

ရင်မခုန်ဘဲ ဘယ်နေနိုင်မှာလဲ"

ပုစွန်ဆီရောင်နေလုံးကြီးကလည်း တစ်နေကုန်အလင်းစွမ်းအင်တွေ ထုတ်လွှတ်ပေးခဲ့ရ၍. . . ထင်။

အတော်ပင် မောပန်းသွားပုံရကာ အနောက်ဂေါယာကျွန်းအငူ၌ မေးတင်နေလေပြီကော။ မကြာမီ အနောက်တောင်စွယ်ကို ငုတ်လျှိုးလျက် တစ်ညတာ 'တာ့တာ' လုပ်သွားပေဦးမည်တကား။

♦♦♦♦♦

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

သည်အချိန်သည် ကာလဆိုလျှင်ဖြင့် မည်သို့မျှတိုင်ပင်မထားရပါဘဲနှင့် အညာသားစံပ၏ ထန်းရိပ်ညိုဆိုင်ကလေးဝယ် သောက်သောက်စားစား လူ့မင်းသားတို့ စုံလင်စွာ ရောက်ရှိလာကြစမြဲ။

သည်လူ့မင်းသားတွေထဲမှာတော့ 'ငါမပါ. . . ဘယ်ဟာမှ မပြီး' ဆိုသည့် ထုံးကို နှလုံးမူထားသည့် 'ပါလေရာပွကြီး'၏အသံက အကျယ်လောင်ဆုံး။

ညာဏ်နီညာဏ်နက်ကလည်း များမှများ။

ဘယ်သူဘာကြိုက်တတ်သည် ဘာကိုဘယ်လိုပြောလျှင်ဖြင့် မနောခွေ့တတ်သည်ကို အထာညက်နေသည်က ပါလေရာပွကြီးအတွက်တော့ တကယ့်ကို ထူးကဲလှသော ပါရမီဟု ဆိုရပါချိမ့်။

ခုလည်း ဘယ်သူတွေဆီက ထန်းရည်ညာသောက်ရပါ့မလဲဟု စဉ်းစားခန်းဝင်လိုက်သည်။ မစဉ်းစား၍လည်း မဖြစ်။ ခုတလော အလုပ်အကိုင်တွေက မကောင်း။ လာမည့်အပတ် တောတက်၍ ဝါးခုတ်ရပါမှသာ အဆင်ပြေနိုင်မည်။ သည်တော့ မသောက်ရမနေနိုင်သော ထန်းရည်စမ်းချောင်းလေး သည်လည်ချောင်းတစ်လျှောက် ဖြတ်သန်းစီးဆင်းနိုင်ရေးအတွက် စဉ်းစားရသည်။ တွေးတောရသည်။ ကြံဆရသည်။

ဟား . . . တွေ့ပါပြီကော။ တွေ့ပြီကော။

www.burmeseclassic.com

သူ့မုဆိုးမျက်ဝန်းထဲသို့ သားကောင်းတစ်ကောင်က လှစ်ခနဲ ဝင်လာသည်။ ဝင်လာသူကား 'ရတနာကြမ်းခင်း ဝါး၊ ခနိ၊ ထရံရောင်းဝယ်ရေး' ပိုင်ရှင် ဦးဝင်းမောင်၏သား ခွက်ပုန်းမောင်ပိန်ဖြစ်ချေ၏။ အမည်ရင်းက အောင်မြင်မှုက ညွန့်အခက်တွေ ဝေဝေလွှင်လွှင်ဖြစ်စေရန် 'မောင်ညွန့်လွင်' ဟု ဖြူစွတ်ပြုခဲ့သော်လည်း နာမည်နှင့်လူက လားလားမျှ အံမဝင်ခွင်မကျ။ သူ့အဖေ ဦးဝင်းမောင်လစ်လျှင်လစ်သလို ဝါးတွေ ခနိတွေကို ခိုးခိုးရောင်းပြီး အညာသားစံပ၏ ထန်းရိုပ်ညိုဦ ခွက်ပုန်းလာလာတွယ်တတ်သည်။ လူပုံက ပိုးဟပ်ဖြူနှင့်မခြား ပါးလှပ်ပိန်လှီလွန်းလှ၍ အမည်ရင်း မောင်ညွန့်လွင် ပျောက်ကာ လုပ်ရပ်နှင့်ပုံပန်းသဏ္ဌာန်အံဝင်ခွင်ကျဖြစ်သည့် 'ခွက်ပုန်းမောင်ပိန်'ဟူ၍ တွင်နေခဲ့သူပါတည်း။

ခွက်ပုန်းမောင်ပိန်က လူတစ်မျိုး။

ခွက်ပုန်းဆွဲပြီဆိုလျှင် သူ့ဘာသာသူ သီးခြားဆွဲတတ်သည်။ အများနှင့် သိပ်ရောယှက်ခြင်းမရှိ။ သို့သော်ငြား ပါလေရာပွဲကြီးနှင့်ကား ပလဲနံပသင့်သည်ဟုဆိုရမည်။ ဘာကြောင့်ဆို ပါလေရာပွဲကြီးက သူ့ဝါသနာ သူ့အကြိုက်ကို လိုက်လျောညီထွေစွာ ပြောဆိုတတ်သည်ကိုး။

မောင်ပိန်က ကျေးငှက်တိရစ္ဆာန်ကလေးများကို ချစ်တတ်သည်။ သူ့အိမ်၌ ကြက်တူရွေးတို့ သာလိကာတို့ မွေးထားသည်။ စကားပြောတတ်အောင်လည်း ကြိုးစားသည်။ သို့သော် စကားမပြောတတ်သေး။

သည်တော့ ပါလေရာပွဲကြီးအဖို့ ကျေးငှက်တိရစ္ဆာန်ကလေးများအကြောင်းနှင့် ရောသောဖောသော လုပ်မှုဖြစ်မည်ဟူ၍ သဘောပေါက်နားလည်ကာ ခွက်ပုန်းမောင်ပိန်ထံ နေရာရွှေ့လိုက်သည်။

"အတော်ပဲကွာ. . . မင်းနဲ့တွေ့ရတာ"

"ဘာဖြစ်လို့လဲ. . . ကိုပွဲကြီးရဲ့"





"ဘာဖြစ်ရမလဲ. . . မင်းက ကျေးငှက်တိရစ္ဆာန်ကလေးတွေကို ချစ်တတ်တယ်မဟုတ်လား"

"ချစ်တာပေါ့ဗျ. . . ချစ်လို့လည်း အိမ်မှာ လှောင်အိမ်နဲ့မွေးထားတာ ကိုပွဲကြီးအသိသားပဲ"

"အေး. . . အဲဒါကြောင့် ဟိုတလောက ငါ. . . တောတက်တုန်း တွေ့ခဲ့ရတဲ့ သာလိကာလေးတစ်ကောင်အကြောင်း ပြောပြချင်လို့ကွ"

"ဘာများထူးလို့လဲဗျာ. . . ကျုပ်အိမ်မှာလည်း မွေးထားတဲ့ဥစ္စာ"

"ဟ! ထူးတာပေါ့ကွ၊ ငါတွေ့ခဲ့ရတဲ့ သာလိကာက မင်းမွေးထားတဲ့ သာလိကာလို 'ငအ' မဟုတ်ဘူးကွ။ လူစကားပြောတာမှ မွတ်နေတာပဲ"

"ဟာ. . ဟုတ်လား! ပြောစမ်းပါဦးဗျာ. . "

"ပြောပြတာပေါ့ကွာ. . အေး. . အေး"

"ကဲ. . . ကဲ. . . ချလိုက်ဦး. . . ချလိုက်ဦး"

ခွက်ပုန်းမောင်ပိန်က အလိုက်သတိ ငှဲ့ပေးလိုက်တော့ ပါလေရာပွဲကြီးလည်း ဖိုးကျိုင်းတူ ဖြစ်ကာ ဂွပ်ခနဲ မော့ချလိုက်သည်။

"ဟား. . . ကောင်းလိုက်တာကွာ။ စေးပိုင်နေတာပဲ. . ဒီလိုကွ မောင်ပိန်ရ ငါဝါးသွားခုတ်တဲ့ ဝါးခြံက ခြံပိုင်ရှင်မွေးထားတဲ့ သာလိကာလေးကွ. . .

မူလပိုင်ရှင်က တောခေါင်းကြီးတဲ့။ အဲသည်တောခေါင်းကြီး ကွယ်လွန်သွားတော့ ဝါးခြံပိုင်ရှင်ဆီရောက်လာတာတဲ့. . . လိမ္မာလိုက်တာလည်း မပြောပါနဲ့ကွာ။ လူ့စကားပြောတတ်တာများ မွတ်နေတာပဲ. . . တကယ့်ကို ပီမှပီ မျက်စိမှိတ်ပြီးသာ နားထောင်ကြည့်မယ်ဆိုရင် သာလိကာလို့တောင် ထင်မှာ မဟုတ်ဘူး။ အဲသလောက်ပီပြင်တဲ့ သာလိကာကွ။ ပိုင်ရှင်က အထီးလေးလို့ ပြောတယ်။ နာမည်ပေးထားတာ 'ငမဲ'တဲ့"

"အင်း. . . အင်း. . . ဆက်စမ်းပါဦးဗျာ. . ထည့်သာ ချချေ"



www.burmeseclassic.com

www.burmeseclassic.com

ပါလောရာပွဲကြီး အကြိုက်တွေ့သွားသည်။ တွေ့သွားသည်နှင့်အမျှ တစ်ခွက်ငုံ့ပြီး မော့ချလိုက်ပြန်သည်။ ပွဲကြီး၏စကားခြေဆင်းကြောင့် တခြားဝိုင်းမှ ကဇော်သမားအချို့ ပွဲကြီးထံ အာရုံကျသွားလေသလောမသိ။ နေရာရွှေ့လာကြ၏။

"ငါက အဲဒီမှာ သုံးရက်လောက်နေခဲ့တာကလား။ ဒီတော့ သာလိကာ ငမဲရဲ့အကြောင်းကို သေသေချာချာသိခဲ့ရတာပေါ့။ အဲ. . . ဗထမရက် ဝါးတွေခုတ်ပြီး နောက်တစ်ရက်ကျတော့ သစ်ခွပန်းပဲရရ၊ ပျားအုံပဲတွေ့တွေ့ အပြန်အတွက်ရသမျှ ချိုင်သွားဖို့အတွက် တောထဲကိုလျှောက်တော့ သာလိကာ ငမဲကလည်း ငါနဲ့အတူလိုက်ခဲ့တယ်ကွ။ ရှေ့က ပျံတဲ့အခါ ပျံ။ ငါ့ပခုံးပေါ် တက်ချင်တက်၊ သစ်ပင်ပေါ် နားချင်နားနဲ့. . . ။

သူက ဝှက်လည်း ငှက်၊ တောကလည်း ကျွမ်းဆိုတော့ ငါ့အတွက် အဆင်ပြေဖို့ရာ ကျိန်းသေတာပေါ့ကွာ။ သည်လိုနဲ့တောထဲ အတော်ကလေး လှမ်းဝင်လိုက်တော့ ငါ့ရှေ့သစ်ပင်အမြင့်မှာ နားရင်း ပတ်ဝန်းကျင်ကို ကြည့်နေတဲ့ငမဲဟာ ငါ့ဆီပျံလာတယ်။ ပြီးတော့ ငါ့ပခုံးပေါ်နားရင်း. . .

"ကိုပွကြီး. . ကိုပွကြီး။ ဟောဟိုးရှေ့. . . ခပ်လှမ်းလှမ်းမှာ ကောင်မလေးတစ်ယောက်ထဲဗျ။ သူ့နားမှာလည်း ရေကန်ကြီး"တဲ့

အဲသလိုပြောပြီး သူပြောတဲ့ကောင်မလေး ဘာလုပ်နေလဲဆိုတာ သိရအောင် အပင်မြင့်ပေါ် ပျံတက်သွားတယ်ကွာ"

ပါလေရာပွဲကြီးက မောသွားဟန်ဖြင့် စကားကိုခေတ္တဖြတ်လိုက်သည်။ ပြီးတော့ ထန်းရည်ငုံ့သည်။ မော့လိုက်သည်။ ခွက်ပုန်းမောင်ပိန်အပါအဝင် ထန်းရည်သမားများသည် ပါလေရာပွဲကြီး၏ စကားသံလိုက်၌ ကပ်ငြိမှန်းမသိ ကပ်ငြိသွားကြတော့သည်။

"အေး. . . သိပ်မကြာဘူး. . ငမဲ ပျံဆင်းလာတယ်။ ပြီးတော့ ဝမ်းသာ





ားရရှိတဲ့ လေသံနဲ့. . .

ကောင်မလေးက 'မှည့်တယ်'ကိုပွကြီးရဲ့. . . အဟီး. . တကယ့်ကို ာစ်လုံးတစ်ခဲကြီးဗျ။ ကိုပွကြီး မမြင်ရသေးလို့. . . လက်တွေ့မြင်ရတဲ့ ကျုပ် င်တွေ တဒိန်းဒိန်းခုန်လာတယ်ဗျာ'တဲ့။ ငမဲရဲ့စကားကြောင့် ဘယ်ကြွတ္တိယနဲ့မှ ာစ်ခါကလေးတောင် မရှာခဲ့ဖူးသေးတဲ့ငါလည်း တဒိန်းဒိန်းဖြစ်သွားတာပ ပေါ့။

မင်းတို့စဉ်းစားကြည့် ဆိတ်ငြိမ်ပြီး လူသူလေးပါးကင်းဝေးတဲ့ တောအုပ် ကြီးထဲမှာ ဆန့်ကျင်ဘက်လူသားနှစ်ဦးဖြစ်တဲ့ ဖိုနဲ့မတွေ့ကြရတော့မယ့်ဟာ ရင်မခုန်ဘဲ ဘယ်နေလိမ့်မှာလဲ"

"ဟုတ်တာပေါ့ ကိုပွကြီးရာ. . . စကားဆက်ပါဦး"

မောင်ပိန်တို့အားလုံး မရိုးမရွဖြစ်နေကြလေပြီ။ ဖြစ်ဆို ဇာတ်ရှိန်က ာရိုပ်ရိုပ်တက်နေလေသည်ကိုး။

"အေး. . . အဲဒါနဲ့ ငါလည်း စိတ်ထဲ ဖသောဖသတွေဖြစ်ရင်း 'ဟေ့ ငမဲ၊ အဲဒီကောင်မလေး ဘယ်မလဲ. . ဘယ်မလဲ'လို့ မေးလိုက်တယ်။ ဒီတော့ ငမဲက 'ကောင်မလေး ကန်စပ်မှာ ရေချိုးနေတယ်ဗျ'တဲ့။ ဒါနဲ့ ငါလည်း လူသူကင်းပြတ်တဲ့ တောထဲမှာ ကောင်မလေးတစ်ယောက်ထဲဆိုတော့ စားရ က်ကြုံပြီလို့ တွက်လိုက်ရင်း. . .

"ဟေ့. . . ငမဲ၊ ငါ့ကိုလိုက်ပြစမ်းကွာ' လို့ပြောလိုက်တော့ 'စိတ်ချ. . ကိုပွကြီး. . ကျုပ်နောက်က လိုက်ခဲ့'တဲ့။ ဒီတော့ ငါလည်း ငမဲနောက်ကနေ ခြေသံကိုလုံအောင်ဝှက်ပြီး လိုက်သွားရတာပေါ့ကွာ. . အေ့. . အဲ. . ။ တာက်! စကားကောင်းနေတုန်း လေကလည်း တက်လာပြန်ပါပြီ"

ပါလေရာပွဲကြီးက အထာနပ်သူပီပီ မသိမသာစကားခေါ်လိုက်သည်။ သည်မှာတင် သူ့ရှေ့သို့ ထန်းရည်ခွက်တွေ ရောက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း. . . စကားဆက်ပါဦး. . . ကိုပွကြီးရယ်"

"ပြောမှာပေါ့ကွာ. . . ပြောချင်လို့ကို တမင်တကာ ဒီကိုလာခဲ့တာ။ အေး. . . အဲဒါနဲ့ ငမဲက ရှေ့က ပျံလိုက်၊ ငါကလည်း သူပျံသွားတဲ့လမ်းကြောင်းအတိုင်း ခြေသံဝှက်ပြီး လိုက်သွားလိုက်နဲ့ သိပ်မကြာဘူး. . တောအုပ်ကလေးအလွန် လှံတစ်ရပ်လောက် ခြတောင်ပို့ကြီးတစ်ခုကို တွေ့ရတယ်။ အဲဒီမှာ ငမဲက. .

'ကိုပွကြီးရေ. . ရောက်ပြီဗျ။ ခင်ဗျား လူလုံးပြလို့ မရဘူး။ ခင်ဗျားကို မြန်းခနဲမြင်ရရင် ကောင်မလေး လန့်ဖျပ်သွားပြီး လန်ထွက်သွားလိမ့်မယ်။ ဒီတော့ သူကန်စပ်မှာ ရေချိုးနေတာကို ခြတောင်ပို့အကွယ်ကနေ ချောင်းကြည့်ပေါ့ဗျာ' လို့ပြောသကွ"

"အဟား. . . ဟား. . အတော်လာတဲ့ သာလိကာပဲ။ ကိုင်း. . ဆက်ပြောဗျာ. . ဘာတွေတွေ့ခဲ့ရသလဲ"

"အေးပါကွာ. . ဒါနဲ့ ငါလည်း ငမဲပြောတဲ့အတိုင်း ခြတောင်ပို့ကို အကာအကွယ်ယူလိုက်တယ်။ ပြီးတော့ ခေါင်းကိုအသာ အသာလေးရှေ့ပြီး ငမဲပြောတဲ့ ရေကန်စပ်ကို ချောင်းကြည့်တယ်။ အယ်. . . ဒါပေမယ့် ငမဲပြောတဲ့ ကောင်မလေးဆိုတာကို မျက်စိမှောက်လို့လားတော့ မသိဘူး။ ဘာမှ မတွေ့ရဘူးဖြစ်နေတယ်။ ဒါကြောင့် ခြတောင်ပို့အပေါ်မှာ နားနေကဲ့ ငမဲကို လေသံနဲ့ တိုးတိုးလေးမေးရတယ်။

"ဟကောင်. . ငမဲ။ ဘယ်မှာလဲကွ. . မင်းပြောတဲ့ ကောင်မလေးဆိုတာ' လို့ မေးလိုက်တော့ 'ဟိုမှာလေဗျာ. . ဟိုမှာ. . ဟိုမှာ သိပ်ကိုလှတဲ့ ကောင်မလေးဗျ။ ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဒီလောက်လှတဲ့ ကောင်မလေးမျိုးကို မတွေ့မိဖူးသေးတာ အမှန်ပဲ' တဲ့ကွ"

"ဒါဖြင့် သာလိကာငမဲပြတဲ့အတိုင်း ကောင်မလေးကို တွေ့တယ်





မဟုတ်လား"

"တွေ့ပါကွာ. . တွေ့ပ. . တွေ့ပ"

"တွေ့တော့. . . ခင်ဗျား. . ရှေ့ဆက် ဘယ်လိုလုပ်ရှားသလဲ. . ပွင့်ပွင့်လင်းလင်းသာပြောဗျာ။ ခင်ဗျား စိတ်ကြိုက် ထန်းရည်ဒကာခံမယ်"

"အေးပါကွာ. . အေးပါ။ ငါလည်း ငမဲပြတဲ့အတိုင်း သေသေချာချာကြည့်တော့ သူပြောတဲ့ကောင်မလေးဆိုတာကို တွေကသကွ၊ တွေ့ပေမယ့် ဘာမှ အလုပ်မဖြစ်ခဲ့ပါဘူးကွာ"

ပါလေရာပွဲကြီး၏ စကားကြောင့် ခွက်ပုန်းမောင်ပိန်အဖို့ မချင့်မရဲ ဖြစ်သွားရသည်။

"ခင်ဗျား တော်တော်တုံးတဲ့လူပါလား. . . ကိုပွကြီးရယ်. . ဒီလောင်တောင် ကံတရားက ခင်ဗျားဘက်ပါနေတဲ့ ဥစ္စာကို"

သည်ခဏ ပါလေရာပွဲကြီး၏ ဖြေရှင်းချက်ကြောင့် ကောင်းခန့်ကို မျှော်လင့်နေကြသည်။ ခွက်ပုန်းမောင်ပိန်တို့အုပ်စု ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သတည်း။

"ဘာမှ မလုပ်မဖြစ်ဆိုကွာ. . ငမဲပြောတဲ့' သိပ်လှတဲ့ကောင်မလေးဆိုတာ လူသားကောင်မလေး မဟုတ်ဘူးကွ။ သူနဲ့အမျိုးတူ သဘာဝချင်းတူတဲ့ သာလိကာမလေးကွ' ပါတဲ့။

◆◆◆◆◆


www.burmeseclassic.com

www.burmeseclassic.com

"ဒါတင်…ဘယ်ကဦးမလဲကွာ…

ခင်ဗျားကို မထီလေးစားလုပ်နေကြတဲ့

ခင်ဗျား လောမနှိမ်ကောင်းသေးဦး

ခင်ဗျားရဲ့သတ္တိကို

မှိန်သွားကြလိမ့်မယ်…။

နောက်ဆို…

မခန့်လေးစားတောင်

လုပ်ကြမှာ မဟုတ်ဘူး…"

သည်ရွှေသည်မျှလောက်နှင့်တော့ ပါလေရာပွဲကြီး၏ လောကီထုပွတ်လူ့တို့ဇာတ်မှာ ပေါ်လွင်ပီပြင်မှု မရှိနိုင်သေးပါ။ ဆက်၍ဆက်ကာ ဇာတ်စုံခင်ပါမှ ဘာကြောင့် ပွဲကြီးတစ်ယောက် 'ပါလေရာ' ဘွဲ့ထူးအား ထိုက်တန်စွာရရှိခဲ့သည်ကို လက်ခံသဘောပေါက်ကြလိမ့်မည် ထင်သည်။

ကိုင်း. . . ရွှေ့ဆက်ကြပါဦးစို့ရဲ့။

♦♦♦♦♦

www.burmeseclassic.com

www.burmeseclassic.com

ရွာအရှေ့ပိုင်းရှိ ခရီးသည်တို့ခေတ္တနားခိုရာ ရိပ်သာကလေးထဲမှာတော့ ဆံသဆရာ ကိုဘဲနန်း၏ မယ်ဒလင်လက်သံက ပျံ့လွင့်လျက်ရှိ၏။ ခလုတ်ကီးများက ချောင်ချောင်ထွက်နေသည်မို့ ပျံ့လွင့်လျက်ရှိသော မယ်ဒလင်သံမှာ ချိုမြိန်နေရမည့်အစား နားကလောဖွယ်ပင် ကောင်းနေသေးတော့သည်။

ချောင်နေသောကီးတွေထဲ ခဏခဏဆိုသလို ထုံး(ညာဘက်အခေါ်စံမယ်ပွင့်) ကို ကော်ကော်ထည့်နေရလေတော့ ကြာလေသော် စိတ်မရှည်တော့ဘဲ ရေအိုးစင်ပေါ်သို့ တင်ထားလိုက်တော့၏။ ထိုခဏ ရိပ်သာထဲသို့ ဆေးပေါ့လိပ်မီး တဖွားဖွားဖြင့် ပါလေရာပွဲကြီးဝင်လာခဲ့သည်။

"ကိုဘဲနန်း. . . မပြန်သေးဘူးလားဗျ"

"ပြန်တော့ပြန်ချင်တာပေါ့ကွာ. . . ဒါပေမယ့် ပြန်လို့ဖြစ်မယ် မထင်သေးဘူး။ ဒါထက်. . . မင်းကော. . ဘယ်ကပြန်လာတာလဲ"

"ထုံးစံအတိုင်း. . . အညာသားစံပရဲ့ ထန်းရိပ်ညိုကပေါ့ဗျာ"

"အေးကွာ. . . မင်းတို့ လူပျိုလူလွတ်တွေရဲ့ဘဝကိုကြည့်ပြီး အားကျလိုက်တာကွာ"

"အားကျရင် ဘာဖြစ်လို့ မိန်းမယူသလဲဗျ"





"အေး. . . အစက မသိလို့ပေါ့ကွာ. . သိသာသိလို့မျှားကတော့ ခြေမလက်မကိုတောင် မတွေ့မမြင်မိအောင် ပတ်တီးစီးထားလိုက်ပါရဲ့"

"ဪ. . . အဲသည်လောက်တောင်မှ မိန်းမရခြင်း ဒုက္ခကို ခံစားနေရရှာတာကိုး"

"အေးကွာ. . . အိမ်ကမိန်းမများ ကောင်းကိုမကောင်းပါဘူး။ ထစ်ခနဲရှိ စိတ်ဆိုးရတာ စိတ်ကောက်ရတာနဲ့။ အခန့်မသင့်ရင် ငါ့ညစာငတ်အောင် ဆိုပြီး မျက်စောင်းထိုးမှာရှိတဲ့ သူ့အမေအိမ်ကို ဆင်းသွားရတာနဲ့"

"အဲဒါ. . . ခင်ဗျားတို့ မနပ်တာပေါ့ဗျာ. . ဒီမှာ. . ကိုဘဲနန်း။ မိန်းမတွေဆိုတာ ဘယ်လောက်စိတ်ဆိုးနေနေ. . . ဘယ်လောက်စိတ်ကောက်နေနေ အတင်းနူသားပါရလုပ်သာပေးလိုက်. . အဟင့်. . အဟင့်နဲ့. . . တစ်ခါတည်းကို သည်းခြေခိုက်သွားမှာ"

"သည်းခြေခိုက်မခိုက်တော့ မသိဘူး။ လောလောဆယ်အနားတောင် အကပ်မခံလို့ ညစ်နေတာပေါ့ပွကြီးရဲ့"

"နေပါဦး. . . ခင်ဗျားရဲ့ဖြစ်ပုံပျက်ပုံ အလုံးစုံကိုလည်း ပြောပြဦးမှာပေါ့။ ဒါမှ လိပ်ပတ်လည်ပြီး ဘာတွေဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေ ထွက်လာတော့မပေါ့"

"အင်း. . . သိချင်လည်း ပြောရတာပေါ့ကွာ"

ဟူ၍ ညည်းညူရင်းမှာ ၎င်း၏ချစ်လှစွာသော ဒုက္ခဖြစ်စဉ်လေးကို ရင်ဖွင့်လေတော့သည်။

"ဖြစ်ပုံက. . . ဒီလိုပွကြီးရ. . . မျက်စောင်းထိုးအိမ်က ငါ့ယောက္ခမအစ်မကြီးကို မင်းသိတယ်မဟုတ်လား"

'ဒေါ်စိန်မမဆိုတဲ့ မုဆိုးမကြီးမဟုတ်လား။ သူ့သားနှစ်ကောင်ကလည်း တကယ့်ပေပေတေတေ။ အကြီးကောင် ညွန့်တင်က ဖဲသမား အငယ်ကောင်


www.burmeseclassic.com

www.burmeseclassic.com



တင်ယုက ကဇော်သမား။ ထီခနဲဆိုရင် ဒီကောင်နှစ်ကောင်ပဲ။ လက်ကလ
ာယဉ်သလဲ မမေးနဲ့"

"ဟုတ်ပါသကွာ. . . မှန်ပါသကွာ. . . ငါ့မှာလည်း အကုသိုလ်က
ချင်လို့လား မသိဘူး။ သူ့သမီး အေးကြည်မနဲ့မှ ညားရတယ်။ ညားမယ့်
ညားတာ သူ့အမေဒေါ်စိန်မမကလည်း သဘောမတူသလို၊ သူ့မောင်
ကောင်ကလည်း စောင်းငန်းစောင်းငန်းနဲ့ မျက်နှာချင်းမဆိုင်မိအောင်
မနည်းရှောင်နေရတယ်။

အဲဒီသည်လို ငါ့အပေါ်မကြည်ဘူးလည်းဆိုသေးရဲ့. . . ။ ယောက္ခမ
အကြောင်းကတော့ကွာ ပြောမဆုံးပေါင် တောသုံးထောင်ပဲ။ အခုအိမ်ရော
နေတာ လေးငါးဆယ်ရက် မကတော့ဘူး။ စရောက်ကတည်းက ခါတိုင်း
ကိုးနာရီလောက်အိပ်ရာဝင်နေကျတာ အိပ်ရာမဝင်ရတော့ဘူး။ ငါ့မိန်းမ
ဖြစ်တဲ့ သူ့သမီးကို အနားခေါ်ပြီး ညည ဆယ်နာရီဆယ့်တစ်နာရီလောက်ထိ
ပွက်ညံပွက်ညံနဲ့ ဘာတွေပြောနေသလဲမသိဘူး။ ငါ့မိန်းမ မပြောနဲ့. . .
အိပ်ရာထဲရောက်နေတယ်. . . ငါ့နားထင်နားရင်းတွေတောင် ထူပူနေတော
တာကလား။

မနက်ရောက်ရင်လည်း လေးနာရီမထိုးခင်လောက် အိပ်ရာကထပြီ
အော်ကျယ် အော်ကျယ်အသံပြကြီးနဲ့ ဘုရားရှိခိုးတော့တာပဲ"

"ဘုရားရှိခိုးတာပဲဗျာ. . . ကောင်းတာလုပ်တာပဲ"

"မကောင်းဘူးလို့ မပြောပါဘူးကွာ. . . ဒါပေမယ့် ကိုယ်တစ်ဦး
တစ်ယောက်ရဲ့လုပ်ရပ်ဟာ ကျန်လူတွေအတွက် အနှောင့်အယှက်ဖြစ်ရတယ်
ဆိုရင် ဘယ်ကောင်းတော့မှာလဲ။ အဲသည်လို ဘုရားရှိခိုးပြီးပြီဆိုရင် သူ့ဘာသာ
မီးဖိုချောင်ဝင်ပါတော့လား။ ရေနွေးအိုးကျို ထမင်းအိုးတည်ပါတော့လား။
မဟုတ်ပေါင်ကွာ. . . ။ ငါ့မိန်းမငါဖက်အိပ်နေတာ၊ ငါ့ဘာသာနွေးနေတာ





ဘာကို မရှုဆိတ်သလဲ မပြောတတ်ဘူး။ အခန်းတံခါးကိုထုထုပြီး နှိုးတော့တာ
ပဲ။ တစ်နေ့လည်းမဟုတ် နှစ်နေ့လည်းမဟုတ်. . . နေ့တိုင်းဆိုတော့
ငါလည်း စိတ်ပေါက်ပေါက်နဲ့ ယောက္ခမကြီးကြားအောင် ငါ့မိန်းမကို ပြော
လိုက်တယ်"

"ဘယ်လို ပြောလိုက်သလဲဗျ"

"ဘယ်လိုပြောလိုက်သလဲဆိုတော့ 'မိန်းမရယ်. . . မင်းအမေ အစောကြီး
ထရတာ အတော်လေး ချမ်းနေမှာပဲနော်။ မင်းဆို နွေးမနေဘူးလား။ မင်း
အမေ နွေးစေချင်ရင် ပြော၊ အားမနာနဲ့. . . ငါ့အဖေ ဦးတုပ်ဖြိုးသည်
မှဆိုးဖိုပဲ။ လွတ်နေတယ်။ အကူအညီလိုရင်ပြော'လို့ စကားလည်း စလိုက်
ရော. . . တစ်အိမ်လုံး ဝုန်းဒုန်းကြဲ. . . နည်းမျိုးစုံအောင်ဆဲပြီး အိမ်ပေါ်က
ဆင်းသွားတော့တာပဲ"

"ဟာ. . . ဒါဆို ခင်ဗျားတို့လင်မယားနှစ်ယောက်အတွက် အိုကေ
ဖြစ်သွားတာပေါ့. . ဟုတ်လား"

"ဘယ်ကလာကွာ. . . သူ့အမေကို အိမ်ပေါ်က ဆင်းသွားရတဲ့အထိ
မိုက်မိုက်ရိုင်းရိုင်းပြောရမလားဆိုပြီး ငါနဲ့အိပ်ရာခွဲအိပ်တော့တာပဲ ပွကြီး
ရယ်"

"ဖြစ်ရလေဗျာ. . . လင်မယားဘဝရောက်ပြီးမှ ခွဲအိပ်ရတာလောက်
အဖြစ်ဆိုးတာ မရှိဘူး။ ဒီတော့. . . ခင်ဗျား ယောက္ခမကြီး ကျေနပ်အောင်
သွားတောင်းပန်လိုက်ပါလား"

"ဟာ. . . မဖြစ်ဘူးကွ. . . မဖြစ်ဘူး။ သူ့အိမ်ရောက်သွားလို့က
ဖဲသမား ညွှန့်တင်နဲ့ကဇော်သမားတင်ယုတို့က ငါ့ကို တီးလွှတ်မှာပေါ့ဟ။
သူတို့အမေ မုဆိုးမကြီးကို ငါ့အဖေမုဆိုးဖို ဦးထုတ်ဖြိုးနဲ့ပေးစားရမလား
ဆိုပြီး ရိုက်ပါမယ်တကဲကဲလုပ်နေတာတဲ့ကွ။ ဒါကြောင့်. . . ငါ. . . အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းရင်တောင် မမှောင်ဘဲ မပြန်ရဲဘူး။ ယောက္ခမကြီးနဲ့ သူ့သားနှစ်ကောင်တို့အိမ်က မျက်စောင်းထိုးမှာ မဟုတ်လား။ ငါ့မှာတော့ ယောက္ခမကြီး အိမ်ပေါ်ကဆင်းသွားပြီလို့ မိန်းမနဲ့ပြည်တော်သာရမလား မှတ်တယ်။ မီးခဲကို ဖင်ခုထိုင်ရတဲ့အတိုင်းပါပဲကွာ”

“ခင်ဗျားရဲ့ ဒုက္ခကလည်း မသေးပါလားဗျာ။ အင်း. . . နေဦး. . . ကျုပ်. . . အကြံရပြီ”

ပွဲကြီး၏စကားကြောင့် ကိုဘဲနန်းခဗျာ အားကိုးတကြီး ဖြစ်သွားပုံရသည်။

“လုပ်စမ်းပါဦး. . ပွဲကြီးရာ။ မင်းရဲ့ကောင်းမြတ်တဲ့အကြံ ပေးစမ်းပါဦး။ အဆင်ပြေလို့ကတော့ကွာ. . . မင်းကို တစ်သက်လုံး ပိုက်ဆံမယူဘဲ ဆံပင်ညှပ်ပေးမယ်”

“ကောင်းပါပြီဗျာ. . ကျုပ်. . . ဒီည ခင်ဗျားအိမ်ပြန်ရောက်လောက်ပြီးချိန်ကျရင် ခင်ဗျားအိမ်ကို မှောင်ရိပ်ခိုပြီး. . . ခဲနဲ့လာထုမယ်ကွာ။ ရုတ်ရက် အိမ်ပေါ်ကို ခဲတွေကျလာရင် ခင်ဗျားမိန်းမလည်း လန့်ဖျပ်ပြီး ခင်ဗျားအနားကို ကပ်မှာပဲ။ အဲဒီမှာ ခင်ဗျားအနေနဲ့ အိုင်တင်ကောင်းဖို့ လိုမယ်နော်. . .

အဲဒီအခါ အိမ်ရှေ့ကိုထွက်ပြီး အိမ်ကိုခဲနဲ့ပေါက်တဲ့သူတွေကို အသံခပ်ကျယ်ကျယ်ဟစ်ပြီး စိန်ခေါ်ဗျာ. . . ။ အဲဒီအခါကျရင် ခင်ဗျားမိန်းမဟာ ခင်ဗျားကို တကယ့်အားကိုးရလောက်တဲ့ လင်တော်မောင်ပဲဆိုပြီး အထင်ကြီးသွားလိမ့်မယ်။ လေးစားသွားလိမ့်မယ်။ ခင်ဗျားကိုလည်း လာဆွဲပြီး အိမ်ထဲကို ခေါ်သွားလိမ့်မယ်”

“အေး. . . ကောင်းသကွာ”

“ဒါတင် ဘယ်ကဦးမလဲဗျာ. . . ခင်ဗျားကို မထိလေးစားလုပ်ချင်နေ





ကြတဲ့ ခင်ဗျားယောက်ဖနှစ်ကောင်လည်း ခင်ဗျားရဲ့သတ္တိကို ရှိသွားကြလိမ့်မယ်။ နောက်ဆို မခန့်လေးစားတောင် လုပ်ရဲကြတော့မှာ မဟုတ်ဘူး”

“ကောင်းလိုက်လေ. . . ပွဲကြီးရာ။ မင်းအကြံကောင်းတယ်ကွာ။ ဒီညပဲ အကောင်အထည် ဖော်လိုက်ကြရအောင်လား”

“ဖော်ပေါ့ဗျာ. . . တစ်ခုတော့ ရှိတယ်နော်”

“ဘာများတုံးကွ”

“ကျုပ်. . . ခင်ဗျား အိမ်ခေါ်မိုးပေါ် ခဲတွေနဲ့ထုပြီးတာနဲ့ ပြန်လစ်မှာနော်. . . မတော်လို့ ကျုပ်လုပ်နေတာ ခင်ဗျားယောက်ဖနှစ်ကောင် မြင်သွားရင် ကျွန်တော်ချောင်မှာ မဟုတ်ဘူး”

“မင်းသဘော. . . မင်းသဘော”

သို့ဖြင့် ပါလေရာပွဲကြီးလည်း သူဆင်ထားသည့်အကွက်အတိုင်း ချွတ်ချော်တိမ်းပါးမှုမရှိရလေအောင် အမှုကိစ္စကို ပီပီပြင်ပြင် ထမ်းရွက်ခဲ့ပါသတည်း။

◆◆◆◆◆



www.burmeseclassic.com

"ဟေ့...
ဘဝဆိုတာ...မှုန်ဝိုးဝါး...ကလေးကလေးရေ
ကလေးကလေး ကောင်တွေပါကွာ။
ဒါပေမဲ့...မောင်မြုံကြီး
ယက်ကန်းစင်ရှင်း ငြိမ်နေနိုး
မိုက်ရင်...ဖွက်လားချီကြမင်း။
ဦးခင်တို့ ခံနိုင်ရစေအောင်
မင်းနှစ်ရှုလားတဲ့
စင်းတို့ပြောကြတိုလား...
တောက်!..."



www.burmeseclassic.com


ရောင်ခြည်တစ်ထောင် အလင်းဆောင်ကုန်သော ဒေါင်းစကြာနေမင်းကြီးက တစ်ညလုံးကိုယ်ယောင်ဖျောက်ခဲ့ရာမှ နောက်တစ်နေ့နံနက်ရောက်လေတော့ အရှေ့ဘက်ဆီမှ ကောင်းကင်တိမ်သားတို့အား ထွင်းဖောက်လျက် အလင်းမျှင်တို့ကို ဖြန့်ကြက်ပေးနေလေတော့သည်။

ပါလေရာပွဲကြီးလည်း ခြံထဲ၌ ချဉ်ပေါင်ပင်များ စိုက်ပျိုးရန်အတွက် မြေကြီးပေါက်ကာ မြောင်းဘောင်ကလေးများ ပြုပြင်နေလေသည်။ မြေစိုင်မြေခဲများကို အတန်သင့်အနေအထားရအောင် ပြုပြင်ရင်း. . . ညတုန်းက ကိုဘဲနန်းတစ်ယောက် ဘယ်လောက်တောင် ပြည်တော်သာသွားလိမ့်မည်ကို သိချင်နေမိသည်။

"ကိုဘဲနန်းကြီးတော့ ငါ့ကို ဘယ်ကလောက်တောင် ကျေးဇူးတင်နေမလဲ မပြောတတ်ဘူး။ အတော်ပဲ. . . မနက်စာ စားပြီးရင် သူ့ဆံပင်ညှပ်ဆိုင်ကလေးသို့ လျှောက်လာခဲ့သည်။

"ဟာ. . ."

ရုတ်တရက်မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ပွကြီးခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ဘာကြောင့်ဆို. . . ဆုံလည်ကုလားထိုင်ပေါ်၌ ကိုဘဲနန်းတစ်ယောက် မျောက်မှိုင်မှိုင်ကာ ထိုင်လျက်ရှိပြီး ၎င်း၏


www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းမှာလည်း ပတ်တီးအဖွေးသား ဖြစ်နေ၍ပင်။

"ဗျို့ . . . ကိုဘဲနန်း . . . ဘယ် . . . ဘယ်လို ဖြစ်ရတာလဲဗျာ"

"မင်းပေးတဲ့အကြံအတိုင်း လုပ်လိုက်တာ . . . ပီပြင်သွားတဲ့ အကျိုး ပေါ့ကွာ"

"ရှင်းကို . . . မရှင်းတော့ဘူးဗျာ"

"မရှင်းတော့လည်း ရှင်းရသေးတာပေါ့ကွာ။ ဒါထက် မင်းညက ငါ့အိမ် ခေါင်မိုးကို ခဲနဲ့ထုသွားခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေဗျာ . . . ထုပြီးပြီးချင်း ခင်ဗျားယောက်ဖတွေကို လန့်တာနဲ့ အိမ်ကိုတန်းပြီး တချိုးတည်း လစ်သွားခဲ့တာ"

"အေး . . . မင်းအပိုင်းကဏ္ဍမှာ မင်းတာဝန်ကျေပါတယ် . . . ပွဲကြီးရာ။ အဲသလို အိမ်ခေါင်မိုးပေါ်ကို ခဲလုံးတွေ ဝုန်းခနဲကျလာတော့ ငါ့မိန်းမလည်း ငါ့ကိုပြေးဖက်တော့တာပဲ။ အဲသည်အထိကတော့ ကောင်းမှ ကောင်းပါပဲကွာ . . .

အဲ . . . မင်းပြောသလို . . . ပွဲသိမ်းဖို့ရာ အိမ်ရှေ့ကိုထွက်ပြီး စိန်ခေါ် တော့မှ အရိုက်ခံရတော့တာပဲဟေ့"

"ဗျာ . . . ခင်ဗျားကို ရိုက်တယ် ဟုတ်လား။ ဘယ်သူတွေရိုက်ကြတာ လဲ"

"ဘယ်သူတွေဖြစ်ရမလဲကွာ . . . ငါ့ယောက်ဖနှစ်ကောင်ပေါ့"

"ဟာ . . . ဗျာ မဖြစ်နိုင်တာပဲ။ တကယ်ဆို သူတို့နှမအိမ်ကို ခဲနဲ့ပေါက် သွားတယ်။ ပေါက်တဲ့သူကို ခင်ဗျားကထွက်ပြီး ကြိမ်းတယ် . . . စိန်ခေါ်တယ် တကယ်ဆို ခင်ဗျားကိုတောင်မှ သူတို့က သူတို့နှမနဲ့ပတ်သက်ပြီး ဝိုင်းကူ ရမှာ မဟုတ်လား"

"အေး . . . တကယ်ဆိုရင် မင်းပြောသလိုပဲ ဖြစ်ရမှာပေါ့ပွဲကြီးရာ။





ဒါပေမယ့် အိမ်ရှေ့ကို ထွက်ကြိမ်း၊ ထွက်စိန်ခေါ်တဲ့နေရာမှာ ငါ့ဘက်က နည်းနည်းများသွားတယ်။ ရှေ့နောက်မစဉ်းစားဘဲ သွေးတကြွကြွနဲ့ ယောက်ဖ တွေပိုပြီး ရှိန်သွားမလားလို့ ကြိမ်းလိုက်တာ . . . ယောက်ဖနှစ်ကောင်လည်း ပြေးလာပြီး ရိုက်သွားကြတဲ့အပြင် ဟန်ကျမလိုလိုဖြစ်နေတဲ့ မိန်းမလည်း "ဒီလောက်တောင် ရိုက်မွေလှတဲ့ရှင့်ကို ကျွန်မ မပေါင်းချင်တော့ပါဘူးဆိုပြီး ညကတည်းက သူ့အမေအိမ်ဆင်းသွားတော့တာပဲကွာ။ ငါတော့ . . . သေ သာသေလိုက်ချင်တော့တာပဲ"

"အကြောင်းရင်းမှန်ကို မသိရသေးလို့ မသေလိုက်ပါနဲ့ဦးဗျာ။ ခင်ဗျားက ဘယ်လိုမျိုးကြိမ်းလိုက်မိလို့လဲ . . . စိန်ခေါ်လိုက်မိလို့လဲ"

ပါလေရာပွဲကြီးအဖို့ သူ့ဇာတ်ဆရာလုပ်သော ဇာတ်လမ်းအတွက် ဘာ ကြောင့် ဇာတ်လမ်းမလှသည်ကို သိလိုလှ၏။

"ပြောပါ့မယ်ကွာ . . . အား . . ကျွတ် . . ကျွတ် . . . ငါကြိမ်းလိုက်တာက

'ဟေ့ . . . ဘယ်က မုဆိုးမသား ကလေကချေ ကလေကဝ ကောင်တွေ လဲကွ။ အဲသလို စောင်ခြုံပြီး လက်သီးပုန်းပြမနေနဲ့ . . . မိုက်ရင် ထွက်လာ ခဲ့ကြစမ်း . . . ငါ့အိမ်ကို ခဲနဲ့ထုရအောင် မင်းနှမယူထားတဲ့ မင်းတို့ ယောက်ဖ မို့လား . . . တောက်"

လို့ကြိမ်းလိုက်မိတာနဲ့ . . . မကြာ . . . မျက်စောင်းထိုးအိမ်က . . . ယောက်ဖနှစ်ကောင် ပြေးလာပြီး တွယ်သွားတာပါပဲကွာ"

"ဖြစ်မှဖြစ်ရလေတယ် . . . ကိုဘဲနန်းရယ်"

ပါလေရာပွဲကြီး၏ စီစဉ်ညွှန်ကြားမှုအောက်၌ သရုပ်ဆောင်မှု အိုဗာ ဖြစ်သွားသဖြင့် ဆံသဆရာကိုဘဲနန်းတစ်ယောက် ခနော်ခနဲ့ ဆံသဆိုင်ကလေး မှာပင် တည်းခိုနေထိုင်ရပါသတည်း။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

"မယ်ရှင်ရေ...

တို့ရွာသမီးလေးတော့

တူးရိုက်ထွေးပေတော်ပေါ့...။

သိကြားမင်းက

ထူးပေါက်စနှင့်ဆင်းပြီးတော့များ

တို့သမီးလေးကို

ရှာ...ဂုဏ်ပဒေသာနေ့ထားမပါဘူး"



မနက်မိုးလင်းကတည်းက တစ်ရွာဝင်တစ်ရွာထွက် လျှောက်လာခဲ့သည်မှာ ခြေသလုံးတွေပင် တောင့်တင်းလာခဲ့ပေပြီ။

သည်ခရီး၌ ပါလေရာပွဲကြီးက ဆရာတစ်ဆူနေရာမှ လိုက်ပါခဲ့ခြင်းဖြစ်၏။ ခရီးထွက်လာရခြင်း၏ အရင်းခံအကြောင်းက မြင်းဝယ်ဖို့ကိစ္စ။

မြင်းဂယ်လိုသူက . . . . မောင်တက်။

မြင်းကောင်းမကောင်းကို ဆုံးဖြတ်ပေးမည့်သူက ပါလေရာပွဲကြီး။

"ဒီလိုရှိတယ် . . . မောင်တက်ရ . . .

မြင်းမှာ . . အရေးကြီးတာက ဗွေပဲ။ အဲဒါမှာ ဗွေဆိုး၊ ဗွေကောင်းဆိုတာရှိတယ်"

"ဘာတွေများတုံး . . . ပွဲကြီးရဲ့၊ လုပ်စမ်းပါဦး"

"အေး . . . ငါက ငါ့ဘကြီးရဲ့ မြင်းမွေးခြံမှာ နေခဲ့ဖူးတော့ မြင်းကောင်းမကောင်း၊ ဗွေကောင်း . . . မကောင်းကို သိနေတယ်။ မြင်းဆိုတာ အိမ်မွေးတိရစ္ဆာန်ဖြစ်ပေမယ့် ဒုက္ခပေးတတ်တဲ့ဗွေဆိုးတွေကို ရှောင်ဖို့လိုတယ်။ မရှောင်လို့ကတော့ မြင်းမွေးတဲ့သူ ဒုက္ခလှလှရောက်ပြီသာ . . မှတ်"

မြင်းဆိုးတွေမှာ ဗွေ(၁၉)မျိုးထဲမှာ တစ်မျိုးမဟုတ်တစ်မျိုး တစ်ခါတလေ . . . တစ်မျိုးထက်မက ပါနေတတ်တယ်။ မင်းဗဟုသုတအဖြစ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထား. . . မောင်တက်၊

(၁) မုတ်ဆိတ်ပွေဆိုတာ ပွေဆိုးတစ်ခုပဲ။ မြင်းရဲ့မေးအောက်မှာရှိတယ်။

(၂) အာရင်းအောက်မှာရှိတဲ့ ပွေကတော့ ဇက်ခွက်ပွေတဲ့။

(၃) ပါးစပ်အောက်မှာရှိတဲ့ပွေကတော့ စားချက်နိုက်ပွေ။

(၄) ရင်ဘတ်မှာရှိတဲ့ပွေဆိုရင် ပွေတံခွန်လို့ ခေါ်တယ်။

(၅) ပွေတံကျင်ဆိုတာကျတော့ မျက်စိအရှေ့စပ်မှာရှိနေတဲ့ ပွေပဲကွ။

(၆) လက်ဝှေ့ဆိုင်ပွေကျတော့ လည်ကုပ်အောက်ဘက် လည်ချိုင့်နားမှာရှိတယ်။

(၇) အဲသည် လည်ကုပ်အောက်ဘက် လည်ချိုင့်နားမှာရှိနေတတ်တဲ့ ပွေတစ်မျိုးကျပြန်တော့ ကျားဘုတ်ပွေလို့ ခေါ်ပြန်တယ်။ အဲဒါလည်း ပွေဆိုးပဲ။

(၈) အဲသည်နေရာမှာပဲ ပွေဆိုးတစ်မျိုးရှိပြန်သေးတယ်။ အဲဒီပွေကို မောက်တိုရိပ်ပွေလို့ခေါ်တယ်"

"ဟာ! ပွေဆိုးတွေကလည်း မနည်းပါလားပွကြီးရဲ့"

"ဩော်. . . (၁၉)မျိုးတောင်မှ ရှိပါတယ်လို့ပြောခဲ့ပြီးသားပဲကွာ. . . ကဲ. . ကျန်တာတွေ ဆက်ပြောမယ်။ အဲ. . (၈)ပြီးသွားပြီနော်"

(၉) က. . မျက်ရည်သုတ်ပွေတဲ့ကွ။ သူ့ကျတော့ ရှေ့လက်ခွာ ဆစ်ပါးမှာရှိတတ်တယ်။

(၁၀) ထိပ်ဦးစွန်းနားမှာရှိတဲ့ပွေက ထိပ်ကျဉ်းနဟ်ပွေတဲ့ကွ။

(၁၁) ကဦးပွေဆိုတဲ့ ပွေဆိုးကျပြန်တော့ လည်ဆံမွေးအဆုံးမှာ ရှိနေတယ်။

(၁၂) ကညောင်းပွေကျပြန်တော့ ကျောနောက်ကျကျမှာရှိနေတဲ့ ပွေဆိုး





တစ်မျိုးပဲ"

"ရှုပ်ပါ့ကွာ. . . မြင်းဝယ်မွေးရမှာတောင် လန့်လာပြီ"

"ဟ. . . ဘာလို့လန့်ရမှာလဲ. . . အဆိုးတွေကိုသိထားတော့ အကောင်းကိုရှာရလွယ်တာပေါ့။ ကဲ. . . ဆက်ပြောဦးမယ်. . ။

(၁၃) အမြီးရင်းရဲ့ တစ်ပေကျော်လောက်မှာရှိတဲ့ ပွေကျပြန်တော့ မြီးဖြတ်ချွတ်ပွေလို့ ခေါ်တယ်။

(၁၄) အမြီးရင်းနဲ့ကပ်လျက်ရှိတဲ့ပွက ဘောင်ရစ်ပွေတဲ့ကွ။

(၁၅) အမြီးအောက်မှာရှိတဲ့ပွေက 'ခွေးဆွဲပွေ. . . တဲ့။

(၁၆) နံပါး ပေါင်စပ်မှာရှိတဲ့ပွေက ပွတ်ဆွဲပွေတဲ့။

(၁၇) အဲ. . ပါးတီးပွေကျပြန်တော့ ပါးမှာရှိတဲ့ ပွေဆိုးတစ်မျိုးပဲ။

(၁၈) သိုအောက်မှာရှိနေတဲ့ပွေက သိုခက်ပွေတဲ့။

(၁၉) နောက်ဆုံးပွေဆိုးတစ်မျိုးဖြစ်တဲ့ ညွှန့်ကျန့်ပွေကျပြန်တော့. . . အောက်ခြေထောက်ခွာဆစ်မှာရှိတဲ့ ပွေဆိုးတစ်မျိုးပဲ။ မင်ဝယ်မယ့်မြင်းမှာ ပွေဆိုးတွေ လွတ်မလွတ်သေသေချာချာ စစ်ဆေးကြည့်ရှုပြီး အပြစ်လွတ်မှ ဝယ်တာပေါ့ကွာ"

မောင်တက်အဖို့ ပါလေရာပွကြီးကို လွန်စွာမှ လေးစားသွားတော့သည်။ သူသာဆိုလျှင် ကြော့ကြော့မော့မော့နှင့် ဒေါက်ကောင်းကောင်း၊ အလုံးအဖန်ကောင်းကောင်း မြင်းကိုတွေ့လျှင် ဝယ်မိမှာပဲ ဖြစ်သည်။ ပွေဆိုးတွေပါ၊ မပါကို ခွဲခြားသိရှိလိမ့်မည် မဟုတ်။

ခု. . . ပါလေရာပွကြီး၏ ကျေးဇူးကြောင့်သာ ပွေဆိုးတွေအကြောင်းကို ခရေစေ့တွင်းကျ သိခွင့်ရပြီ မဟုတ်ပါလား။

"ဟူး. . . တစ်ရွာဝင် တစ်ရွာထွက်ပြီး မြင်းဝယ်ဖို့ စုံစမ်းတာ. . . မော. . . မောလှသကွာ။ ခုထိ အပြစ်လွတ်တဲ့မြင်းကို မတွေ့သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

မြင်းဝယ်မည့် ကာယကံရှင်မောင်တက်ပင် ညည်းငြူစ ပြုလာသည်။ ညည်းမည်ဆိုလည်း ညည်းလောက်ပါပေ၏။ သူတို့ဖြတ်သန်းခဲ့သော ရွာ အရေအတွက်သည်ပင်လျှင် (၅)ရွာကျော်ခဲ့ပြီ မဟုတ်ပါလား။

အဲသည်ရွာတွေမှာ ရောင်းမည့်မြင်းတွေကို တွေ့ပါ၏။ ဈေးနှုန်းကလည်း ဝယ်နိုင်လောက်အောင် သင့်ပါ၏။ သို့ရာတွင် ဆရာအဖြစ်တင်မြှောက်ခံရသော ကိုရွှေပွကြီးက မြင်းပွေဆိုးများကြောင့် ခေါင်းတရမ်းရမ်း။

"ညနေလည်း စောင်းလှပြီကွာ. . . ရွှေရွာကျရင်တော့ နားမှပဲ. . . ဗိုက်ထဲမှာလည်း ဘာအစာမှမရှိတော့. . တဂွီဂွီဖြစ်နေပြီ"

"အေးလေ. . . နားကြတာပေ့ါ. . . အဲသည်ကျမှပဲ အိမ်ရှင်ကို အကျိုးအကြောင်းပြောပြပြီး ထမင်းလေးဟင်းလေး ကျွေးခိုင်းကြတာပေ့ါ"

သည်လိုနှင့် ဥယျာဉ်ချောင်းရွာကလေးသို့ ရောက်ရှိပြီး သကာလ ရွာထိပ်ရှိအိမ်တစ်အိမ်သို့ ဝင်လိုက်ကြသည်။ အိမ်ထဲရောက်တော့ နေရောင်ပင်လျှင် ညှိုနေခဲ့ချေပြီ။

ခြံဝမှာတော့ အိပ်တန်းတက်ချင်ဟန် မတူသေးသည့် ကြက်မကလေးတစ်ကောင်သည် ခြေကလေးဆတ်တောက်ဆတ်တောက်ဖြင့် အမှိုက်ပုံးကိုယက်ဖွလျက်ရှိ၏။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

ပါလေရာပွဲကြီး၏ အသံ။

ရှင်ရှင်လန်းလန်းမရှိသော အိမ်ရှင်လူကြီးက အိပ်ခန်းထဲမှ လေးပင်ဖင့်နွဲ့စွာ ထွက်လာသည်။

"ဘာကိစ္စများပါလိမ့်. . . မောင်ရင်တို့"

"ဒီလိုပါခင်ဗျာ. . . ကျွန်တော်တို့ ပေါက်တောဝရွာကနေ မြင်းဝယ်ထွက်လာခဲ့ကြတဲ့သူတွေပါ။ တစ်နေကုန် တစ်နေခန်း တစ်ရွာဝင်တစ်ရွာထွက်





ထွက်လာခဲ့ကြတာ။ စိတ်ကြိုက်မြင်းကလည်း မတွေ့၊ ပြန်ဖို့ဆိုတာကလည်း ရွာနဲ့အတော်ကလေး အလှမ်းဝေးနေတာမို့ ဖြစ်နိုင်ရင် ဒီတစ်ည ဒီမှာ တည်းခိုဖို့ရာ ခွင့်ပြုဖို့ အကူအညီတောင်းခံတာပါ"

"အင်း. . . ."

အိမ်ရှင်၏အသံက သိပ်အားရစရာမရှိ။ အင်း. . . ချသံကိုက လေးလေးပင်ပင်။ မျက်နှာအမူအရာကလည်း ကြည်ကြည်လင်လင်မဟုတ်။

ထိုခဏ အိမ်ရှင်မဖြစ်ဟန်တူသူက ရေနွေးဘန်းကလေး လာချသည်။ ဗိုက်ထဲမှာ ဗလောင်ဆူနေပြီမို့ စားစရာကလေးများ ပါလိုပါငြား မျက်စောင်းထိုးကြည့်ပါသော်လည်း မြည်းစရာက အချားနိမ်း။ ရေနွေးဘန်းတောင်မှ မကောင်းတတ်၍ လာချသည့် ပုံမျိုး။

"ကျွန်တော်တို့ကို ဒီတစ်ညတော့ တည်းခွင့်ပြုပါခင်ဗျာ။ နက်ဖြန်မနက် စောစော. . . ထပြန်ပါ့မယ်"

"အင်း. . . တည်းဖို့ရာ အခက်အခဲဖြစ်နေတယ်ဆိုတော့လည်း တည်းပေ့ါ"

"ဟုတ်ကဲ့. . . ကျေးဇူးအများကြီးတင်ပါတယ် ခဗျာ။ ဒါထက် ညစာလေးဘာလေးများ"

ပါလေရာပွဲကြီးက ဦးဆောင်သူပီသစွာ စကားခေါ်သည်။ မောင်တက်မှာတော့ ရင်ထဲ တထိတ်ထိတ်။

"အဲသည်အတွက် စိတ်မကောင်းဖြစ်နေတာ။ ကျုပ်တို့မှာ သမီးကလေးတစ်ယောက်ရှိပါတယ်။ အဲဒီသမီးလေးခဗျာ ကျန်းမာရေးမကောင်းလို့ တရှောင်ရှောင်ဖြစ်ပြီး အိပ်ရာထဲလဲနေခဲ့တာကလား"

မှန်လေစွ။ သည့်အတွက်ကြောင့်ပင် အိပ်ခန်းထဲ ဝင်လိုက်,ထွက်လိုက်လုပ်နေခြင်း ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

"အိုး. . . ကျွတ်. . . ကျွတ်. . . ကျွတ်။ ဖြစ်မှ ဖြစ်ရလေတယ်ဗျာ"

"အဲဒါကြောင့်. . . ကျုပ်တို့လည်း စိတ်သောကရောက်ပြီး စားချင်သောက်ချင်စိတ်တွေခန်းပြီး ဘာမှမချက်မပြုတ်ဘဲကို နေတာ"

အိမ်ရှင်၏စကားသံမှာ အားရစရာမရှိ။ မောင်တက်အဖို့ သည်တစ်ညတော့ ဟာနေသော ရေနွေးကြမ်းကိုပဲ ဗိုက်ပြည့်အောင် ဖြည့်ရပေတော့မည်။ ပါလေရာပွဲကြီးကို အကဲခတ်လိုက်တော့ ဘာမှမဖြစ်သလို အနေအထား။

"ဒါထက် စကားမစပ် ကျွန်တော်က ဆေးကလေး ဝါးကလေးအကြောင်း တီးမိခေါက်မိရှိတော့ ကျွန်တော် ကူညီနိုင်စရာရှိရင် ကူညီ ချင်ပါတယ်"

ပါလေရာပွဲကြီး၏ စကားအခေါ်အပြောကြောင့် အိမ်ရှင်လူကြီး၏ မျက်လုံးတွေ အရောင်လက်သွားသည်။

"ကူညီနိုင်ရင်တော့. . . ကောင်းတာပေါ့မောင်ရင်ရယ်. . .။ သမီးလေးက နာတာရှည်ဖြစ်နေတာ. . .။ ကျုပ်တို့ရွာက ဗိန္ဓောဆရာ ဦးအောင်ကြီးဆိုရင် လက်လျှော့ချင်နေတဲ့ အနေအထားဆိုတော့. . . ကျုပ်တို့မှာ မျှော်လင့်ချက်မဲ့နေသလိုပဲ. . .။

တကယ်လို့များ သမီးလေးသာ တစ်ခုခုဖြစ်သွားရင် ကျုပ်တို့ လင်မယားလည်း ကြာကြာနေရလိမ့်မယ် မထင်ပါဘူးကွယ်"

"ဒီလိုလည်းဘယ်ဟုတ်ရပါ့မလဲ ဦးကြီးရယ်. . . သတ္တဝါတစ်ခုမှာ ကံတစ်ခုဆိုတာရှိကြရစမြဲပါ။ ကံဆိုတာက ကျွန်တော်တို့မြင်နိုင်တဲ့ အရာမဟုတ်ပေမဲ့ 'လူမစွမ်း နတ်မ' ဆိုတာမျိုးလည်း ရှိတတ်ပါသေးတယ်။ ဒါထက် လူနာ ကလေးမကအသက်ဘယ်လောက်ရှိပြီလဲ။ ပြီးတော့. . . ဘာနေ့ သမီးလဲ"

ပါလေရာပွဲကြီးမှာတော့ မင်သေသေဖြင့် စကားတွေဖြောင့်နေလေ၏။ မောင်တက်အဖို့ ရှေ့ဆက်ဘာတွေများ ဖြစ်လာလိမ့်မည်နည်းဆိုသည့်





သဘောဖြင့် ရင်တထိတ်ထိတ်။ အိမ်ရှင်ဦးကြီးမှာမူ ပွဲကြီး၏လေကြောဲ့ မိသွားပုံရသည်။

"သမီးလေးအသက်က ပြီးခဲ့တဲ့လကပဲ (၁၄)နှစ် တင်းတင်းပြည့် သွားပြီ။ အင်း. . မွေးနေ့က. . တနင်္လာနေ့ဆိုတော့ တနင်္လာသမီးပဲပေါ့"

"ဒါဆို. . ရပြီ. . .။ ဒါထက် ဦးကြီးတို့အိမ်မှာ ကျောက်သင်ပုန်းနဲ့ ကျောက်တံကလေးများရှိခဲ့ရင်. . .။

"ဟာ. . ရှိတယ်. . ရှိတယ်။ ဟဲ့. . မယ်ရင်. . ခေါင်းရင်းဘုရား ကျောင်းတော်အောက် ခုံပေါ်က ကျောက်သင်ပုန်းနဲ့ကျောက်တံကို ယူခဲ့စမ်း"

ပြောပြီး သိပ်မကြာလိုက်။

ကျောက်သင်ပုန်းနှင့် ကျောက်တံရောက်လာသည်။

ဤသို့. . . ပါလေရာပွဲကြီးလည်း ကျောက်သင်ပုန်းနှင့် ကျောက်တံကို ယူကာ. . . တဒေါက်ဒေါက်နှင့် ဟိုခြစ်သည်ခြစ် ခြစ်နေသည်။ ပြီးတော့. . မျက်ကြောရှုံ့လိုက်၊ မျက်လုံးပြူးလိုက်၊ နှာမှုတ်လိုက်နှင့်. . .။ ပြီးတော့မှ 'အဟမ်း'. . ဟူ၍ ချောင်းဟန့်လိုက်သည်။

"လက်ရှိအသက်က(၁၄)နှစ်။ ဟုတ်ပြီ. . (၁၄) ကိုတည်. . . ခုနစ်နဲ့ စား. . . အကြွင်းမရှိဘူး. . . ပြတ်တယ်ဆိုတော့ကာ. .

"အကြွင်းပလပ်

စား၍ပြတ်

ဇာတ်စာနဲ့သာ ကုပါလော့. . . တဲ့။ ဒီတော့ ဦးကြီးရဲ့သမီးကို ဇာတ်စာ အာဟာရနဲ့ကုသမှ ပျောက်ကိန်းရှိတယ်ခင်ဗျာ"

"အို. . . မောင်ရင်ရယ်. . . ပျောက်ကိန်းရှိလို့ကတော့. . . ဘယ် ဇာတ်စာကိုကျွေးရမလဲ. . . ပြော. . . ကျုပ်တို့ကျွေးနိုင်ပါတယ် မောင်ရင်. . .။

"ဟုတ်ပြီ. . . ဒါဆိုရင်. . . မိန်းကလေးက. . . တနင်္လာသမီးဆို


www.burmeseclassic.com

www.burmeseclassic.com

တော့ကာ. . . ဆိုတော့ကာ. . . ”

စကားကို လက်စမသပ်သေးဘဲ ကျောက်သင်ပုန်းအား တဒေါက်ဒေါက်ခေါက်ရင်း မျက်လုံးကို ပင့်တင်ကာ တွေးတွေးဆဆဟန် လုပ်နေလေသည်။

“အင်း. . . ‘ခါတ်တူနာမ်တူ ဆေးဖက်ယူ’ တဲ့။ ‘ခါတ်နာမ်တူမှ၊ သက်ဇီဝ၊ သုခကျန်းမာမည်’ တဲ့။ ဆိုတော့ ဦးကြီးရဲ့သမီးကို သူနဲ့နံတူ ဖြစ်တဲ့ တနင်္လာနံကို ကျွေးရမယ်။ တနင်္လာနံဆိုတာ. . . ကခဂဃင. . . ဆိုတော့ ကြက်သားဖြစ်စေ၊ ခွေးသားဖြစ်စေ. . . ငရုတ်သီးစပ်စပ်နဲ့ချက်၊ ငရုတ်ကောင်းမှုန့်ဖြူးပြီး ခါတ်စာအဖြစ် ကျွေးရမယ်။ ကလေးမမှာက တေဇောခါတ်နည်းနေတယ်။ ဖြစ်တယ်. . . မဟုတ်လား”

“ဟာ. . . ဖြစ်ပါတယ်. . . မောင်ရင်ရယ်. . . ခွေးသားတော့ မကျွေးပါရစေနဲ့. . . အင်မတန် ယုတ်ညံ့တဲ့ သတ္တဝါမို့ပါ။ အိမ်မှာက ခြံထောက်ကလေးတစ်ဖက်ဆာတာ. . . ဆာတာ၊ ဆတ်တောက်. . . ဆတ်တောက် ဖြစ်နေတဲ့ ကြက်မဒန်းတစ်ကောင်ရှိတယ်။ ဒင်းကိုပဲ ခါတ်စာအတွက် စီမံလိုက်တာပေါ့”

အိမ်ရှင်ဦးကြီးလည်း ပြောပြောဆိုဆိုနှင့် လောက်စလုံးအချို့နှင့် လေးခွတစ်လက်ဆွဲကာ အိမ်အောက်သို့ ဆင်းသွားလေတော့၏။

မကြာလိုက်. . . ။

“ကတော့. . . ကတော့. . . အွတ်”

ဆိုသော အသံနှင့်အတူ အိမ်ရှင်ဦးကြီးလည်း ကြက်သေကို ခြေနှစ်ဖက်မှဆွဲကာ အိမ်ပေါ်တက်လာခဲ့ လေသည်။

“ကိုင်း. . . မယ်ရင်ရေ. . . ။ သမီးလေးအတွက် ခါတ်စာကိုအမြန်ဆုံး စီစဉ်ပေတော့။ ကိုင်း. . . မောင်ရင်လေးတို့ ရေနွေးသောက်ကြအုံး။





တစ်လက်စတည်း ညနေစာပါ စီစဉ်လိုက်မယ်”

သည်စကားကြားလိုက်ရတော့ မောင်တက်အဖို့ ဝမ်းမြောက်ဝမ်း သာဖြစ်သွားခဲ့သော်လည်း. . . တာရှည်ဝမ်းမသာရ။ ပါလေရာပွဲကြီးတစ်ယောက် စိတ်ထင်ရာတွေ လျှောက်လုပ်နေသည့်အတွက် ဘယ်အချိန်ပြေပေါက်မှားလေမည်လဲဟူ၍ တထိတ်ထိတ်ရင်ဖို နေရသေးတော့၏။ သည်တော့. . .

“ဟေ့ကောင်. . ပွဲကြီး မင်းက. . ဘယ်တုန်းက ဆေးပညာနဲ့ ဗေဒင်ပညာ တတ်လိုက်ပါလိမ့်။ ‘ကျွတ်ကျက်’ လည်း ‘လိ’ပါအုံးကွာ. . . ”

“တေတေကလေးနိတ်လို့ တိတ်တိတ်ကလေး နေစမ်းပါ မောင်တက်ရာ. . . ။ အခု. . . မင်းနဲ့ငါ ဗိုက်ဆာနေတာ. . ထမင်းစားရဖို့ အရေးကြီးတယ် မဟုတ်လား။ဗိုက်လည်းပြည့်မယ်. . သက်တောင့်သက်သာနဲ့လည်း အိပ်ရမယ်. . . ။ ဒီတော့. . . မင်းဘာမှမသိဘဲ ဝင်မပြောနဲ့. . အသာနေ. . အသာနေ. . . ”

သည်တော့လည်း. . . မောင်တက်ခမျာ မည်သို့မျှ အထွန့်မတက်နိုင်တော့ဘဲ ကုပ်ကုပ်လေးဖြစ်သွားကာ. . . ဟာနေသောဝမ်းအတွက် ရေနွေးကြမ်းခွက်ကို ကောက်မော့လိုက်ရသည်။

“ဟာ. . . ကြက်သားဟင်းနံ့ကလည်း. . မွှေးနေတာပဲကွာ. . ပြောရင်းဆိုရင်း သွားရည်တွေတောင် ကျချင်လာပြီ”

“ဟကောင်. . . မောင်တက် ဆင်ခြင်ထိန်းချုပ် ထားလိုက်စမ်း. . . ‘တိတ်တိတ်နေ ထောင်တန်’ တဲ့ကွ။ အချိန်တန်တော့လည်း နွားပိန်ကန်လိမ့်မပေါ့”

နှစ်ယောက်သား စိတ်ကို ချုပ်တည်းလိုက်ကြရသည်။

မကြာခင်. . . ထမင်းဟင်းကျက်ပြီမို့. . . လူမမာ၏ ဦးစွာ ခူးခပ်


www.burmeseclassic.com

ကျွေးလေ၏။ 'တိုင်းရက်သည့် ပဏ္ဍလာ မိုးရွာသည်နှင့် အဆင်သင့်' ဆိုသလို သိခင့်ယခင်က မည်သည့်အစာအာဟာရမှ မတောင်းခဲ့သည့် လူမမာသည် အံ့အားသင့်စွာ အစာတောင်းလာသည်။

"ကျွေးသာကျွေး. . . ဦးကြီး၊ ကျွေးသာ. . ကျွေး. . ."

"ဟုတ်ပြီကွယ့်. . . ဟုတ်ပြီ. . ."

အိမ်ရှင်ဦးကြီးက သမီးငယ်နာတာရှည်လူမမာအား ကိုယ်ဘိုင်တယု တယ ခွန့်ကျွေးရာ. . . လူမမာကလည်း ဟပ်ထိုးဖြစ်နေရှာ၏။ တစ်လုတ်ပြီး တစ်လုတ်အငမ်းမရစား၏။

"ရေ. . . ရေပေးပါ. . . ရှူးရဲ့. . . ရှူးရဲ့. . ."

ငရုတ်သီးစပ်ခြင်းကတစ်မျိုး၊ ငရုတ်ကောင်း၏ပူခြင်းက တစ်ဖုံတို့ကြောင့်. . . အပူငုပ်နေသော နာတာရှည်လူမမာသည် ချွေးတွေတပြိုက်ပြိုက် ကျလာ၏။ ရေကို အငမ်းမရသောက်လိုက်သည့်အတွက်ကြောင့် ခဏမကြာမီ ဆီးသွားတော့သည်။

ထွက်လိုက်သည့် ချွေးတွေကလည်း . . . တရွှဲရွှဲ၊

အဝတ်တွေကို မကြာခဏလဲပေးရ၏။ ဆီးမှာလည်း မကြာခဏသွားသည့်အတွက် ကိုယ်တွင်းငုပ်လျှိုးနေသော အပူအနိုးတို့ ပွင့်ထွက်သွားချေ၏။ သည်သို့သော အကျိုးရလဒ်ကြောင့် လေးပင်နေသမျှ ပေါ့ပါးလန်းဆန်းသွားပြီး. . .

"သမီး. . . အိပ်ချင်တယ် အဘ"

ဟုရှုံ့ပြောကာ တခေါခေါ အိပ်ပျော်သွားပါလေတော့၏။ အိမ်ရှင်ဦးကြီးကား. . . စကားမပြောသည့်လူနာ စကားပြောလာသည့်အတွက် ဝမ်းသာသွားရသည်။ အစာမတောင်းသည်မှ အစာတောင်းပြီး စားလာသည့်အတွက်လည်း တအံ့တသြဖြစ်ရသည်။ ဆီးတွေ ဒလဟောသွားသည့်အတွက်ကြောင့် အပူနိုးများထွက်သွားသည်။ သည်တော့လည်း. . . ပေါ့ ပါးသွားကာ အိပ်ပျက်ညများကို အစားထိုးသည့်အလား တခေါခေါ အိပ်ပျော်သွားသည့်အတွက် 'စားတော့ အသား. . . အိပ်တော့ အား' ဆိုသကဲ့သို့ ကျန်းမာရေးအခြေအနေထူးခြားလာသည့်အပေါ် အစွမ်းထက်စွာ ကုသပေးသည့် အာဂန္တုဧည့်သည်နှစ်ဦးအပေါ် အတိုင်းမသိ ကျေးဇူးတင်မိတော့၏။

"မယ်ရင်ရေ . . တို့များသမီးလေးတော့ ကုသိုလ်ထူးပေတာပဲဟေ့။ သိကြားမင်းက လူယောင်ဖန် ဆင်းပြီးတော့များ တို့သမီးလေးကို လာကုသပေးနေသလား မသိဘူး"

"ဟုတ်ပါ့တော်. . . အစာမတောင်းတာကြာတဲ့သမီးလေး. . . နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်တဲ့ သမီးလေး. . .။ ခု. . ဒီဆရာရောက်လာတော့မှပဲ ထူးထူးခြားခြားပြောင်းလဲလာတော့တယ်။ မနက်ဖြန့်. . . ဗိန္ဓောဆရာ ဦးအောင်ကြီးလာမှ ရင်ကော့ပြီးတော့. . . 'ဆရာထင်ထားတာတွေ. . . ဘာတစ်ခုမှ မဟုတ်ဘူး၊ ကျွန်မတို့သမီးလေး ရေတိမ်နစ်တော့မဲ့ဘေးကကင်းလွတ်သွားပြီရှင့်' လို့ ပြောပစ်လိုက်အုံးမယ်"

"အေး. . . ပြောတာလည်းပြောပေါ့ကွယ်။ တို့များအတွက် မိုးပေါ်က ကျလာတယ်လို့ ပြောရလောက်တဲ့ကျေးဇူးရှင်တွေကို ပြုစုရအောင် ထမင်းပွဲပြင်ဟေ့"

"ပြင်ရမှာပေါ့ရှင့်. . . ထမင်းကျွေးပြီးရင် ရေနွေးကြမ်းသောက်ရင်း မြည်းရအောင် ငါးရံ့ခြောက်ဖုတ်ကိုလည်း စီမံ လိုက်အုံးမယ်"

အဲသည်ညမှာတော့. . . ပါလေရာပွဲကြီးနှင့်မောင်တက်တို့နှစ်ယောက်သား ဗိုက်ကိုခွေးနမ်းတော့မည့်အလား. . . ငရုတ်သီးစပ်စပ်နှင့် ကြက်သားဟင်းကို တွယ်ရပါလေတော့၏။ ဒါတင်မက. . . ဗိုက်ကားအောင် ထမင်းစားပြီးပြန်တော့. . . အိမ်ရှင်တို့၏ စေတနာသဒ္ဓါတရားအရ ပဲဆီစစ်စစ်ကို

 www.burmeseclassic.com

ရွှဲရွှဲစိုအောင် ဆမ်းထားသော ငါးရံ့ခြောက်ဖုတ်အမြှောင်းလိုက် ကြီးမျှားကို အကျရည်ဖြင့် စပါယ်ရှယ်ဇိမ်ယစ်လိုက်ရသေးသည်။

"ကိုင်း . . ဆရာတို့ အိမ်အပေါ်ထပ်မှာ ဆရာတို့အိပ်ဖို့အိပ်ရာတွေ အဆင်သင့်ခင်းထားပြီးပါပြီ။ အိပ်ချင်တဲ့အချိန် တက်အိပ်ကြပါ"

ကြည့် . . .။

အစားကောင်းကောင်းကို စားသောက်ပြီးသည့်သကာလ၊ အိပ်ပြန်တော့လည်း စောင်တွေ၊ ခြင်ထောင်တွေ အပြည့်အစုံဖြင့် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်စက်လိုက်ရလေ၏။

မနက်မိုးလင်းလင်းချင်း အပေါ်ထပ်မှဆင်းလာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသကာလ အိမ်ပေါ်ပြန်တက်တော့ ထမင်းစားပွဲပေါ်၌ အငွေ့တစ်ထောင်းထောင်းနှင့် ကောက်ညှင်းပေါင်းကို တွေ့ရသည်။ ငါးသလောက်ကြော်ပန်းကန်ကို တွေ့ရသည်။

"လာ. . . ဆရာတို့။ အဆာပြေ စားကြသောက်ကြအုံး။ ဒီနေ့. . . မပြန်ချင်သေးဘူးဆိုလည်း ဒီနေ့တင်မက နောက်နေ့တွေလည်း နေလို့ရပါတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့၊ တည်းခိုဖို့အတွက် ဘာမှပူစရာမလိုပါဘူး။ ကျုပ်တို့ တာဝန်ယူပါတယ်ဆရာ"

"ဟာ. . . နေဖို့တော့ မဖြစ်ဘူး။ အိမ်ကလည်း မနေ့ညကပြန်မရောက်လို့ စိတ်ပူနေရော့မယ်"

"ဒါဆိုလည်း. . . ပြန်ပေါ့ ဆရာတို့ရယ်။ ဆရာတို့ပြန်မယ်ဆိုရင် ဟောဒီမှာ ဆရာတို့အတွက် လက်ဆောင်တွေ စီစဉ်ထားပါတယ်"

ဟုတ်ပါပေ့. . . မှန်ပါပေ့. . .။

နှစ်ဦးစာ ငါးခြောက်တွဲ၊ ဆီပုလင်းတို့ကို နှစ်ဦးသားအတွက် အဆင်သင့်လုပ်ထားသည်။ မြင်းဝယ်ထွက်လာသည့်ကိစ္စ အဆင်မပြေ အကြိုက်မတွေ့၍





မြင်းဝယ်မရလာသော်ငြား ခုတော့. . . ဘာမှုအရှုံးမရှိ။ ကောင်းကောင်းအိပ်စက်နားနေခဲ့ရသည်။

"ဆရာတို့ရယ်. . . ကျုပ်တို့လင်မယားရဲ့အချစ်ဆုံး၊ တစ်ဦးတည်းသော သမီးလေးဟာ ဟောဒီ. . ဆရာပေးတဲ့ အသက်ပဲရှိပါတော့တယ်။ ခုဆို. . . သမီးလေးဟာ လမ်းတောင် ထလျှောက်နေပြီ။ အဖျားငွေ့တွေလုံးဝမရှိတော့ဘူး။ မနက်က အစာတောင်းလို့ ဆံပြုတ်ကို တိုက်လိုက်ရသေးတယ်"

ပစ်လိုက်ရပြီ ဟုထင်ထားသည့် နာတာရှည်လူမမာသည် ပါလေရာ ပွကြီး၏ ကျေးဇူးတရားကြောင့် ခုဆို. . . အိပ်ရာထဲလဲကာ ဘဝတုံး၊ ဘဝဆုံးရမည့်အရေးမှ ကင်းဝေးကာ လူ့လောက၌ အသက်ရှင်ရပ်တည်ခွင့် ရခဲ့လေပြီ။ သည့်အတွက် လူနာရှင်၏မိဘနှစ်ပါးအဖို့ ပါလေရာပွကြီးသည် ကျေးဇူးရှင်တစ်ဦးဖြစ်ခဲ့ရလေပြီ။ သည့်အတွက် ကျေးဇူးတင်မဆုံး။

မောင်တက်အဖို့ ပါလေရာပွကြီးအား အထင်မသေးရဲတော့ပေ။

လမ်းခရီးရောက်တော့ အောင့်အည်းမထားနိုင်သဖြင့် ဖွင့်ဟမေးမြန်းရတော့သည်။

"ပွကြီးရာ. . . မင်းကို အရင်တုန်းက အထင်အမြင်သေးမိတာတွေကို ခွင့်လွှတ်ပါ။ တကယ်တမ်းကျ တော့ မင်းဟာ. . . ထင်မှတ်မထားလောက်အောင်ကို တော်တဲ့ ပညာရှင်ပုဂ္ဂိုလ်ကြီးပါပဲလား. . "

"ဟကောင်ရ. . . မောင်တက်။ မင်းဘာတွေ ပေါက်ကရလျှောက်ပြောနေတာလဲ"

"ဘာတွေမှ ပေါက်ကရလျှောက်ပြောနေတာ မဟုတ်ဘူး။ လက်တွေ့မျက်တွေ့ မြင်ရလို့ အတိအကျ ပြောနေတာ။ မြင်းဆိုးမြင်းကောင်းကိုရွေးချယ်တတ်တာဟာမြင်းမွေးတဲ့ ဘကြီးဆီမှာနေခဲ့လို့ ဆိုတာတော့ ထားလိုက်ပါတော့။ ခုဟာက. . . လူနာအတွက် ဗေဒင်တွက်ချက်ပြီး ဓာတ်စာဆေးဝါးကို



www.burmeseclassic.com

www.burmeseclassic.com

အမှန်အကန်ပေးပြီး ကုလိုက်တာ. . . သေကောင်ပေါင်းလဲဖြစ်နေတဲ့ လူမမာ ပေါက်ခနဲထပြီး ကျန်းမာပကတိ ချမ်းသာစွာ ရှိခဲ့တာ ငါ့မျက်မြင်ပဲ။

ဒါထက်. . . ဘယ်တုန်းကများ ပေဒင်တွက် တတ်လာတာလဲ။ ဆေးဝါး မာတ်စာအကြောင်း နားလည်လာတာလဲ"

"ဟာ. . . မောင်တက်ရာ. . . မင်းတော့ ခက်နေပါပြီကွာ။ ငါဟာ ပေဒင်လည်းမတွက်တတ်ဘူး။ ဆေးဝါးဓာတ်စာအကြောင်းလည်း ဘာတစ်ခု မှ နားမလည်ဘူး"

"မဖြစ်နိုင်တာကွာ။ ဒါဖြင့်. . . မင်းလုပ်တာ တွေက"

"အဲဒါပေါ့ကွ. . . 'ထန်းသီးကြွေခိုက် ကျီးနင်း ခိုက်' ဆိုတာမျိုးပေါ့။ ခြံထဲကို ငါတို့ဝင်လာတော့. . . အမှိုက်ပုံပွနေတဲ့ ခြေဆတ်တောက်၊ ဆတ်တောက် နဲ့ ကြက်မဒန်းမလေးကိုမြင်တော့ ကြက်သားစားရအောင် အကွက်ဆင်လိုက် တာပဲ။ ကြက်သားချက်ရအောင် ဓာတ်တူန်တူဆိုတာတွေ ဖန်တီးပြီးပြော ပိုပြီးယုံကြည်မှုရှိအောင် ပေဒင်တွက်သလိုလိုလုပ်လိုက်တာကွ။ လူမမာဟာ အပူငုပ်နေတော့ အခိုးတွေပွင့်သွားအောင် ချွေးတွေထွက်သွားအောင် ငရုတ် သီးတို့ ငရုတ်ကောင်းတို့နဲ့ တွဲဖက်ပေးလိုက်တာပေါ့ကွ. . . ရှီး. . ဟီး. . ဟီး"

"တတ်လည်းတတ်နိုင်တဲ့ ပါလေရာပွဲကြီးပါပဲလားကွာ. . . ဟား. . . ဟား. . . ဟား"

တစ်ဖက်သားအပေါ် မယုံ ယုံအောင် အကွက်ရိုက်ဖန်တီးနိုင်ခဲ့သည့် ပါလေရာပွဲကြီး၏လုပ်ရပ်အတွက် မောင်တက်ခမျာ ဟားတိုက်ရယ်မောနေရ ပါသတည်း။

◆ ◆ ◆ ◆ ◆



"တိုင်း....ကျွန်တို့
နှစ်တွေကြာကြာကလေးလောင်းစေပြီ...
ဘယ်သူတွေ လောင်းချင်ကြသေးလဲ
ငွေအလျှော်ကြတော့ မရှုံး။
ကျွန်တို့ မြင်းသမားတွေရဲ့သူတွေ။
မြင်းစေပြိုင်ရန်တို့...
ငွေတွေက အလျှော်ပေါပဲ..."

www.burmeseclassic.com

www.burmeseclassic.com




ပါလေရာပွဲကြီးနဲ့ မောင်တက်တို့အဖို့ လက်ဆောင်ရခဲ့သော ငါးရံ့ခြောက်ပြားနဲ့ ဆီပုလင်းတို့အား အလေးပင်ခံ၍ သယ်မသွားလို့ရကား ၎င်းရွာထိပ်ရှိ ကုန်စုံဆိုင်၌ ညှိနှိုင်းဈေးဖြင့် ရောင်းချခဲ့ကြလေ၏။

"ပိုက်ဆံရှိရင်. . . ဘာမဆို ဝယ်လို့ရနေတာပဲကွာ။ ဘာကြောင့် အလေးအပင်ခံပြီး သယ်သွားရမှာလဲ။ ကိုယ့်ရွာရောက်လို့ အဲဒါတွေကိုမြင်ရင် ဟိုလူက တောင်းချင် ဒီလူကတောင်းချင်နဲ့။ မပေးပြန်ရင်လည်း တွန့်တိုတယ်ဆိုပြီး အပြစ်တင်ကြအုံးမယ်။ ဒါကြောင့်. . ကိုယ့်ပစ္စည်းနဲ့ကိုယ် အမုန်းမခံတော့ဘူး။ ကိုယ်စားချင်ရင် ဝယ်စားလိုက်။ အေးရော. . .-"

"ဟုတ်ပ. . . ပွကြီးရာ. . ."

မောင်တက်အဖို့ ပါလေရာပွကြီးသည် အထင်ကြီးစရာကောင်းသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်မှန်းမသိ ဖြစ်နေခဲ့ချေပြီ။ ထို့ကြောင့်. . ပွကြီးဘာပြောပြော သူ့ဘက်က သဘောတူ လက်ခံဖို့ရာ အဆင်သင့်။

"ဟော. . . ဟိုး. . . ရှေ့က ကွင်းပြင်မှာ လူတွေ ရှုံးစု ရုံးစုနဲ့"

"ဟုတ်ပါရဲ့. . . ဘာတွေလုပ်နေကြလည်း မသိဘူး"

ထိုခဏ. . . ၎င်းတို့အနောက်ဘက်ဆီမှ ပန်းတက်လာသည့်လူခံတစ်ယောက်က. . .


www.burmeseclassic.com

www.burmeseclassic.com

"ကြက်ဝိုင်းလေဗျာ. . . တကယ့်နာမည်ကြီး ကြက်နှစ်ကောင်ခွပ်ကြမှဲ့ပွဲဗျ။ လောင်းကြေးကလည်း နည်းနည်းနောနောမဟုတ်ဘူး။ တကယ့် ပွဲကြီးပွဲကောင်း. . ."

ကြက်ဝိုင်းဆို၍ ပါလေရာပွဲကြီးနှင့် မောင်တက်တို့နှစ်ဦးသား စိတ်ဝင်စားသွားကြတော့၏။

"လာကွာ. . . မောင်တက် အခြေအနေသွားအကဲခတ်လိုက်ရအောင်။ အနေအထားကောင်းတော့လည်း ဝင်ပြီး နှိပ်ထည့်လိုက်ကြတာပေါ့"

"အေး. . . ကောင်းတယ်"

နှစ်ဦးသား၌ ငွေသားကလေးများရှိနေသည်မို့ ချိုတကြွကြွဖြစ်နေကြသည်။ သို့ဖြင့်. . . ဒယ်အိုးကြီးမှောက်ထားသည့်အလား အရိပ်အာဝါသများဖြန့်ကြက်အုပ်မိုးထားသည်။ ကုက္ကိုပင်ကြီးအောက်ရှိ ကြက်ဝိုင်းသို့ ရောက်ရှိသွားခဲ့ကြသည်။

"လောင်းထားနော်. . . လောင်းထား. . . ရပ်ကြည့်လို့ အမြတ်မရှိဘူး။ လောင်းကြည့်မှ အကြောင်းသိမယ်"

ဒိုင်လုပ်သူက တင်းတောင်းကြီးကို မလျက် လောင်းချင်ဘူတို့ကို ဖိတ်ခေါ်လျက်ရှိ၏။ တောင်းထဲမှာတော့. . လောင်းကြေးငွေတွေက တစ်ပုံတစ်ပင်။

ဝိုင်းထဲတွင်မူ ကြက်နှစ်ကောင်သည် လည်ဆံမွေးများထောင်ထကာ တစ်ကောင်၏အလစ်အငိုက်ကို တစ်ကောင်ကချောင်းနေသည်။ တစ်ကောင်သောကြက်သည် ရွှေနီဖြစ်၍ ပြိုင်ဘက်ကြက်မှာ နက်ကျောက်ဖြစ်လေ၏။

"ရွှေနီကွ. . . ရွှေနီ. . . အသည်းကောင်းလို့ပွဲတောင်းတဲ့ နက်ကျောက်ကို ခေါက်ကနဲ မထနိုင်အောင် ပွဲသိမ်းပစ်လိုက်စမ်းဟေ့"

အမှန်တကယ်လည်း တိုက်ပွဲဝင်ကြက်နှစ်ကောင်၏ အနေအထားက ရွှေနီတွင် အလေးသာနေ၏။နက်ကျောက်ကား. . . သက်လုံကောင်းဟန်မတူ။ ခွပ်အားလည်းကျနေပေပြီ။ အတန်ငယ်လည်းမောနေဟန်ရှိ၏။ ရေရှည်အနေအထားမှာဖြင့် ရွှေနီက စားသွားမည့်ပုံသဏ္ဌာန်။

"ကျုပ်တို့. . . နက်ကျောက်ဘက်က လောင်းမယ်ဗျို့"

"ဟာ. . . ."

ပွဲကြီး၏စကားကြောင့် ကြက်ပွဲလာပရိသတ်များ အံ့အားတသင့် ဖြစ်သွားကြသည်။ ဦးနှောက်မှ ကောင်းပါသေးရဲ့လား။ စိတ်မှ မှန်ပါသေးရဲ့လားဆိုပြီး စုံစမ်းကြ၏။ ဘယ့်နှယ့်. . . ပြကတေ့ အနေအထားမှာပင် ရွှေနီက အသာကြီးသာနေသည် မဟုတ်ပါလား။ ဒါကို ရွှေနီဘက်က မလောင်းဘဲ နက်ကျောက်ဘက်က လောင်းမည်ဆိုတော့ ကိုယ့်မွဲဆေး ကိုယ်ဖော်ခြင်းပဲ မဟုတ်ပါလား။ တယ်သူတွေ. . ဘယ်လိုအကြည့်နဲ့ကြည့်ကြည့် ပွဲကြီးကတော့ ဣန္ဒြေမပျက်။ မောင်တက်သည်ပင်လျှင် ပွဲကြီးကို နားမလည်သလို ဖြစ်သွားရသည်။

"ကိုင်း. . . ကျုပ်တို့ နက်ကျောက်ဘက်ကလောင်းမယ်။ ဘယ်သူတွေ လောင်းချင်ကြသေးလဲ။ ငွေအတွက်တော့ မပူနဲ့။ ကျုပ်တို့ မြင်းဝယ်လာတဲ့သူတွေ. . . မြင်းမဝယ်ဖြစ်လို့ ငွေတွေက အလျှံပယ်ပဲ"

ပွဲကြီး၏စကားကြောင့် မောင်တက်မှာ ပါးစပ်အဟောင်းသား။ ဒိုင်လုပ်သူမှာ မနေသာတော့။

"ဟေ့လူ. . . ခင်ဗျား တကယ်ပြောနေတာနော်"

"ဟာ. . . ဒါ. . . ကလေးကစားနေတာ မဟုတ်ဘူး။ တကယ်ပြောတာ။ ဟောဒီမှာ. . . ကျုပ်တို့ နက်ကျောက်ဘက်က လောင်းမဲ့ငွေ"

သည်ခဏ ရွှေနီဘက်က လောင်းမည့်သူတွေ အလုံးအရင်းဝင်လာကြ၏။ လက်ရှိအနေအထားကလည်း ရွှေနီက အခြေအနေကောင်းနေသည်။

"လောင်းကြစမ်းပါ. . . လောင်းကြစမ်းပါ. . . သွေးကြောင်ရင်. . . ဘေးရှောင်နေကြ။ ကျုပ်တို့ကတော့ နက်ကျောက်မှ နက်ကျောက်ပဲ"



စိန်မိုးသီစာပေ

www.burmeseclassic.com


ပွဲကြီး ဘာတွေလုပ်နေလေသနည်း။

မောင်တက်. . . သိပ်နားမလည်တော့။ ရင်တွေ တထိတ်ထိတ်ခုန်နေရင်းမှ မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်နေမိသည်။

"တော်ပြီလား. . . တော်ကြပြီလား. . . လောင်းစမ်းပါ. . . လောင်းကြစမ်းပါ။ ဆတူတောင် မဟုတ်ဘူး။ နက်ကျောက်ရှုံးရင် နှစ်ဆလျော်မယ်"

သည်လိုမျိုး. . . စကားဆွလေတော့. . . ရွှေနီဘက်မှ လောင်းကြေးတွေ ထပ်ဝင်လာသည်။ လောင်းကြေးငွေတွေ အားလုံးမှာ တောင်းထဲတွင် အပြည့်အသိပ်။

စည်းဝိုင်းထဲမှာတော့. . . နက်ကျောက်သည် ယိုင်နေခပြီ။ ရွှေနီကမူ ပွဲသိမ်းနိုင်ဖို့ စုံခုန်ကာ ဖြောင်းခနဲ ခွပ်ထည့်လိုက်ရာ နက်ကျောက်သည်ဖင်ထိုင်ကျသွားလေတော့၏။

"ဟာ. . . ရွှေနီကွ. . . ရွှေနီ. . . "

ပရိသတ်၏အသံက ဝေါခနဲပေါ်ထွက်လာ၏။ ထိုစဉ်မှာပင် ပွဲကြီးသည် ပုဆိုးကို စလွယ်သိုင်းကာ ပုဆိုးတွင်းသို့ တောင်းထဲမှငွေများ သိမ်းကြုံးထည့်လိုက်၏။ ပြီးနောက်. . .

"ကိုင်း. . . မောင်တက်ရေ. . . ။ နောက်က ဘုံခြေထောက် သစ္စာဖောက်ပဟေ့. . . လစ်စို့"

ပြောပြောဆိုဆို သုတ်ခနဲထွက်ပြေးလေရာ မောင်တက်လည်း ရုတ်ခြည်းအသက်ဝင်လာပြီး. . . ပွဲကြီးနောက် သုတ်ခြေတင်ရတော့သည်။ ရုတ်တရက်ဆိုတော့ ကြက်ဝိုင်းမှလူများသည် ကြောင်သွား၏။ နောက်ကျမှ အသက်ဝင်လာပြီး တုတ်များ၊ ခဲများကောက်ကာ ပွဲကြီးတို့နောက်သို့. . . 'လိုက်ဟ. . . လိုက်ဟ. . . လူလည်ကျပြီး အလစ်သုတ်သွားတဲ့ကောင်တွေ ချမ်းသာမပေးနဲ့. . . ။ရိုက်ကြ. . . ထုကြ. . . ခဲနဲ့ပစ်ကြ' ဟူ၍ အသံတွေပေးပြီး လိုက်ကြလေ၏။ ဆဲသံ၊ ဆိုသံ၊ အော်ဟစ်သံတွေမှာလည်း စီစီညံလျက်။

တုတ်တွေနှင့် လှမ်းပစ်ကြ၏။ ခဲလုံးတွေနှင့် လှမ်းထုကြ၏။

ကံကောင်းထောက်မ၍လော. . . မဆိုသာ။

ဘာတစ်ခုမှ မိတ်ဆက်ခြင်းမခံရသေး။

အတော်အတန်ပြေးမိလေတော့. . . အနောက်မှ လိုက်လာသူများ မရှိတော့သဖြင့် စိတ်အေးသွားရကာ သစ်တိုပင်ကြီးအောက်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

"ရှိုးမှပဲ. . . ပွဲကြီးရာ။ မင်းလုပ်လိုက်ရင်. . . တကယ့်ကို အသည်းအသန်ပဲ။ ဒီလူအုပ်ကြီးမိသွားလို့ကတော့ အသက်ဘယ်လို ထွက်ရမှန်းတောင်သိမှာ မဟုတ်ဘူး"

"အဟီး. . . ပျော်ရွှင်စရာစွန့်စားခန်းပေါ့ မောင်တက်ရာ. . . "

"ဟာ. . . ဒါထက်. . လောင်းကြေးငွေတွေ ထည့်လာတဲ့ ပုဆိုးရော"

"ငွေတွေရဲ့အလေးချိန်ကြောင့် ပြေးရတာမလွတ်လပ်တာနဲ့ လမ်းမှာတင် ဖြုတ်ချပစ်လိုက်ရတယ်ကွာ"

"တောက်. . . ဖွတ်မရ ဓားမဆုံးဆိုတာ ဒါမျိုးပေါ့. . . သေပါတော့ပွဲကြီးရာ"

မှန်လေစွ. . . ။

ပွဲကြီးတစ်ယောက် ကြက်ဝိုင်းမှ ငွေကြေးများ တစ်ကြားတစ်ချပ်မှ ရမလာသည့်အပြင်. . . ၎င်းဝတ်ဆင်သည့် ချည်ကြမ်းပုဆိုးပင် ဆုံးရှုံးခဲ့ရလေပြီ မဟုတ်ပါလား။

သည်ပုံအတိုင်း ရွာထဲသို့ဝင်လျှင် ခွေးတစီစီဖြစ်လေအုံးမည်တကား။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

'ရွှေရင်းမာ ကြာခဝဲတို့. . . ဖွဲ့စနှင်းလျှံ' ဆိုသည့် မိုးလရာသီ၏ အနှောင်းပိုင်း. . . ဇာတ်သလင်းလွန်မြောက်ကာ သီတင်းကျွတ်လသို့ ကူးပြောင်းခဲ့ချေပြီ။ မကြာမီ ဖုံးတုံးလုံးတုံး. . တန်ဆောင်မုန်းသို့ ရောက်ပြန် ချေအုံးမည်။

မြောက်ပြန်လေ၏ တေးသွားကလည်း ဟေမန္တကကြိုးကို သွက်လက်စေဖို့ ခပ်ပြေပြေကလေး အစပျိုးလာခဲ့ချေပြီကော။

အလွန်အေးတော့မည့်ရာသီ၊ အလွန်ချမ်းတော့မည့်ရာသီသို့ ကူးပြောင်းရောက်ရှိတော့မည်မို့ 'ဆောင်းအမီ' တေးသွားကလေးအတိုင်း မောင် တစ်ရွာ မယ်တစ်မြို့ နေလို့လည်း မဖြစ်နိုင်တော့သည့်အခြေ။ သည့်အတွက် 'ဝါကျွတ်ပြီ' ဆိုသည်နှင့် မင်္ဂလာရက်မြတ်လက်ထပ်မည့်သူတွေ၊ နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်ကိုရယူလျက် အာဝါဟဝိဝါဟပြုမည့်သူတွေ၊ ဘယ်သူဘယ်ဝါတွေကမှ သဘောမတူလျှင် တူနှစ်ကိုယ် တဲအိုပျက်မှာ နေရစေတော့. . . ထမင်းရည်ပူပူကို ဆားခတ်၍လျက်ရစေတော့. . . တူနှစ်ကိုယ် တိုင်းပြည်တည်ရန်အလို့ငှာ ခိုးပြေးကြမည့်သူတွေက မြားနတ်မောင် စိတ်တစ်ခြမ်းမကညစ်ရလေအောင် ကဲကြ၊ သဲကြ၊ နွှဲကြပေအုံးတော့မည်ပါကား။

သူနှင့် သက်တူရွယ်တူအပေါင်းအသင်းတွေ၊ သူ့အောက်ငယ်သူတွေ အသီးသီး အသကာ. . အသကာဆိုသလို ဒွိယံဒွိယံတွေ ဖြစ်သွားကုန်ကြသော်





ငြား. . . ပါလေရာပွဲကြီးအဖို့ရာမတော့ သူကိုယ်တိုင်ကပဲ စိတ်မဝင်စားလေသည်လား. . . နဖူးစာမင်ရည်ကြဲလေသည်လား မဆိုသာ. . . ။သည်အရွယ်အထိ အမြှီးမပေါက်နေသေးပါပေ။

အလုပ်အကိုင်ကလည်း မယ်မယ်ရရမရှိသေး။

အိမ်ကအလုပ်တွေကိုလည်း လက်ကြောတင်းအောင်လုပ်ဖို့ရာ စိတ်မကူးသေးသည်မို့ : . သည်လိုပဲ ရပ်ထဲရွာထဲ ကိုးကျင်းကိုးကျင်းလျှောက်ကာ လတ်လျားလတ်လျား လုပ်နေလေတော့၏။ မိဘတွေကလည်း စီးပွားရေး အတန်အသင့်ချောင်လည်သည်မို့ လူပျိုဘဝနှင့် လွတ်လွတ်လပ်လပ်နေပါစေဟု ဆိုကာ ပေလျက်ထားရစ်ခဲ့လေသည်။ သည်တော့လည်း ပါလေရာပွဲကြီးတို့ အကြိုက်ပဲမပေါ့။

ထိုစဉ်မှာပင်. . . 'နှမလင်နေ မောင်ဖင်ကျိုန်း' ဆိုသည့်ကိန်း ဆိုက်ရောက်မည့်ကိစ္စလေးတစ်ခုက မဆင့်ခေါ်ပါဘဲနှင့် ရောက်လာခဲ့သည်။

"ဟဲ့. . . ပွကြီး"

"ဘာတုံး. . . အမေရ. . ."

"သည်စနေကျရင် နင်. . . ရွှေပန်းတောကို သွားရမယ်"

ရွှေပန်းတောရွာဆိုသည်က ပွကြီးတို့နေထိုင်သောရွာနှင့် လေးငါးဆယ်ရွာမက လှမ်းသည်။ ရွှေပန်းတောရွာသည် အမေ၏ ဇာတိချက်ကြွေ မွေးရပ်မြေ။ အဲသည်မှာ. . . အမေ၏ ဆွေမျိုးသားချင်းတွေ အများကြီးရှိသည်။ ဒီတော့. . . ရွှေပန်းတောထန်းရည်သည် တကယ့်ကို နာမည်ကြီး။

"ဘာကိစ္စရှိလို့ သွားရမှာလဲ. . . အမေရ. . ."

"ဟဲ့. . . နင်မေ့နေပြီလား. . . ငါ့ညီမ. . . နင့်အဒေါ်မကြာစိရဲ့ သမီးလေး မင်္ဂလာဆောင်ရှိတယ်လေ. . ."

"ဟာ. . . ဟုတ်ပါရဲ့. . . ကြည့်စမ်း. . . အပုမ မင်္ဂလာဆောင်မှာကို မေ့နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

**အပုမဆိုသည်က အဒေါ်မကြာစိ၏ တစ်ဦးတည်းသောသမီး ဖြစ်သည်။ အဒေါ်သမီးဆိုတော့ ပွကြီး၏ နှမဝမ်းကွဲလေ။**

နှမဝမ်းကွဲက သူစိမ်းယောက်ျားလေးနှင့် မင်္ဂလာဆောင်တော့မည်မို့ ဘာပဲဖြစ်ဖြစ် ခုကိစ္စက 'နှမလင်နေ မောင်ဖင်ကျိုး' ဆိုသည့်ကိန်း ဆိုက်ရောက်နေရလေကား. . . ရှောရှောရှူရှူ သွားဖို့ရာ တွန့်တော့ အတွန့်သား။

"အမေတို့ဘာသာ သွားကြပါလားဗျာ"

"ဟဲ့. . . ပျိုးခင်းထဲ. . . ပိုးသတ်ဆေးဖျန်းဖို့ရယ်၊ ကွမ်းညွန့်တွေ ဖြတ်ဖို့ရယ် တိုက်နေလို့ နင့်ကိုလွှတ်ရတာ. . .။ ငါ. . . ကြာစိတို့ကိုလည်း အကြောင်းကြားပြီးပြီ၊ ငါတို့မလာနိုင်ဘူး. . . နင့်တူ ပွကြီးကိုပဲ လွှတ်လိုက်မယ်လို့. . ."


"ဟာ. . . ဗျာ။ အမေတို့ကလည်း. . . လုပ်ရော့မယ်" ဟု ငြင်းဆိုစကားပြောလိုပါသော်ငြား. . . 'ရွှေပန်းတော့ထန်းရည်' ဆိုတာကြီးကို အာရုံထဲ တွေ့မိသဖြင့် တံတွေးကို ဂလုခနဲမြိုချရင်း. . .။ အင်းလေ. . . သွားဆိုလည်း သွားတာပေါ့။ အသုံးအစွဲကလေးတွေကို ပြည့်ပြည့်စုံစုံတော့ လုပ်ပေးလိုက်နော်. . . အမေ ဟု အထွန့်တက်လိုက်မိတော့သည်။

♦♦♦♦♦



www.burmeseclassic.com

www.burmeseclassic.com



၅ ဆောင်းဦးပေါက်စ. . . မိုးလေတို့ကင်းလွတ်သော ပွင့်လင်းရာသီ၊ သည့်အတွက် တာလမ်းမကြီးသည် ရွှံ့တွေဗွက်တွေ သိပ်မရှိတော့။ နေတစ်ပတ်လောက်ပူလိုက်လျှင်ပင် ရွှံ့ပျော့များက သွေ့ခြောက်သွားလေရာ လှည်းလမ်းမပေါက်သေးသည်မို့ အဘစီးနင်းနေကြဖြစ်သော ရာလေးစက်ဘီးဖြင့် လက်ဖွဲ့ငွေသားများယူဆောင်လျက် ပွကြီးလည်း မနက်ဝေလီဝေလင်းကပင် လျှင် ရွှေပန်းတောရွာကလေးရှိရာသို့ ဦးတည်နင်းထွက်ခဲ့လေသည်။

တာလမ်းဘေးဝဲယာမှာတော့ သက်ကြီးစပါးတို့သည် မြကမ္ဗလာကြီးခင်းထားသည့်နှယ် စိမ်းစိမ်းစိုစိုရှိလှချေ၏။ မိုးလေဝသ မှန်ကန်ကောင်းမွန်သည်မို့လည်း လျာထားသတ်မှတ်ချက် အပြည့်အဝဖြင့် အထွက်တိုးအုံးမှာ သေချာသလောက်ရှိသည်။ လယ်သမားဦးကြီးတော်တော်များများပင် စပါးတစ်ခုတည်းသာမဟုတ်။ စပါးကြီးပြီးလျှင် ပဲ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် ကွမ်းတို့ကိုပါ တွဲဖက်စိုက်ပျိုးလာကြပြီမို့ ကျေးရွာအတော်များများ၏ စီးပွားရေးအနေအထားသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာကြီး တိုးတက်လာခဲ့သည်။

တစ်ရွာပြီးတစ်ရွာဆိုသလို သက်တောင့်သက်သာဖြင့် သီချင်းကလေးတအေးအေးညည်းဆိုရင်း ဖြတ်သန်းလာခဲ့သည်မှာ ဆွမ်းခံချိန်လောက်ရောက်

www.burmeseclassic.com

တော့ ဝေ့ဝဲလာသောလေထုကြားမှ လော်စပီကာသံကြီးကို ကြားလာရတော့၏။ ကျေးလက်တစ်ခွင်၌ ဘယ်တော့မှ ရိုးအီသွားခြင်းမရှိသည့် ကျေးလက်အဆိုတော်ကြီး တွံတေးသိန်းတန်၏ ပြီးတော့. . . တင်တင်မြနှင့် ချစ်စံပယ်တို့ပါဝင်ထားသည့် 'ရိုးရိုးမေတ္တာ' ဇာတ်ထုပ်။ဖ

"xxx ချစ်ခြင်းမေတ္တာဆိုတာxxx အတွေ့ဓာတ်မှ ပေါက်ဖွားလာတာ အမှန်xxx ရန်ကုန်သူရဲ့xxx မောင်ကြီးအသည်းxxx ကွဲခဲ့ပြီကော ကွယ်xxx ချစ်စရာတစ်ပါးကညာရယ်xxx မေတ္တာထားxxx မှားခဲ့ လေသလားကွယ်xxx နှစ်ပွင့်ရယ်xxx တစ်ခိုင်နှစ်ခိုင်xxx ဘယ် အပွင့်ကိုပိုင်ပိုင်နိုင်နိုင်xxx ချူရေးxxxခက်သေးတယ်xxx "

"ကိုသိန်းတန်. . . ကိုသိန်းတန်. . . စိုး. . သဘော်ပေါ်တက်ခဲ့မယ် နော်. . ."

"အိုး. . . မတက်နဲ့. . . မတက်နဲ့. . . ပြော်. . . ဒုက္ခတွေများကုန် တော့မှာပဲ"

"ကိုသိန်းတန်ရယ်. . . မမမိုးရဲ့. . . မေတ္တာဟာ ဘယ်တော့မှ မခမ်းတဲ့ ဒုဋ္ဌဝတီမြစ်ရေလိုပါပဲ"

အကြိမ်အခါပေါင်းမရေတွက်နိုင်လောက်အောင် ကြားနေကျ နားရည်ဝနေခဲ့သော ဇာတ်ထုပ်ဖြစ်လင့်ကစား စစ်မှန်သောအနုပညာနှင့် ပေါင်းစပ်ဖွဲ့စည်းထားလေသည်မို့ ကျေးလက်သူကျေးလက်သားတွေအဖို့ရာမတော့ ဘယ်အခါဖွင့်ဖွင့် ရိုးအီသွားသည် မရှိခဲ့။ ဘယ်နှစ်ခါကြားကြားနားလျှံသွားသည် မရှိခဲ့။

ဟော. . . ဇာတ်ထုပ်ပြီးပြန်တော့ လာပြန်ပြီကော. . . ဓတ်ပြားသီချင်း။

"ပန်းစံပယ်xxx နန်းအလယ်မပေါ်ခိုက်ဟာမို့xxx အလိုက်တော တန်သင့်ရုံပxxx ခံပွင့်ကို ကုံးရတယ်xxx ထွေးညိုလေးရယ်xxx





အဆွေးဆိုတာxxx ဖျောက်ဖျက်ပစ်ရတယ်xxx မျှော်လင့်ရည်မှန်းထားတဲ့xxx ပန်းတိုင်အသွယ်သွယ်xxx ရောက်လာတဲ့တစ်နေ့ဝယ် xxx တေးဆိုကာထွေးညိုကိုချော့လို့xxx သော့သော့လာခဲ့ပေမဲ့ ကွယ်xxx ရွာအဝင်လမ်းဆီကိုကွယ်xxx လွမ်းရင်းxxx ဆွေးရင်း ပမ်းစရာကြုံတော့တယ် xxx "

ဘယ်သောအခါမှ မရိုးလေသောသီချင်း။

ဂန္ထဝင်ဆိုသည်မှာ ဒါပဲဖြစ်သည်။ ကာလတွေ ဘယ်လောက်ကြာစေ . . . ကြာစေ. . . ။ရိုးမသွား၊ အီမသွား။ ဘယ်အခါ ခံစား ခံစား ရသတွေက အပြည့်အဝ။ ဒါသည်ပင် ဂန္ထဝင်အနှစ်ဖြစ်ချေ၏။

ကျေးလက်တောရွာတွေမှာက သာရေး၊ နာရေး အလှူအတန်းများရှိပါက လော်စပီကာသံကို ကြားရသည်နှင့် ဘယ်အရပ်၊ ဘယ်နေရာဆိုသည်ကို ခန့်မှန်း၍ရသည်။ မြို့ပြမှာလို မရောက်ဖူး၊ မသွားဖူးလျှင် မူးနော်က် အောင်ရှာစရာမလို။ မသွားတတ်၍ မေးမြန်းပြောဆို အကူအညီတောင်းလျှင်လည်း သွားလို့သည့်နေရာရောက်အောင် စေတနာရှေ့ထား၍ ပို့ဆောင်ပေးတတ်စမြဲပင်။ ဒါသည်ပင် ကျေးလက်၏ စိတ်အရင်းခံဟု ဆိုရချေမည်။

ခုလည်း လော်စပီကာသံ တည့်ညဲဖြင့် ဝေစည်လှစွာသော ရွှေပန်းတောရွာသို့ ရောက်ခဲ့ပြန်ပါပြီ။ မိခင်၏ ချက်မြှုပ်ဇာတိကျေးရွာမို့ ပွဲကြီးအတွက်မစိမ်း။ အားလုံးသည် ရပ်ဆွေရပ်မျိုးတွေချည်း။

"ဟော့ကောင်. . . ပွဲကြီး၊ မင်းအမေ. . မထွားကြည် နေကောင်းရဲ့လားဟေ့. . ."

"မင်း. . အဖေကိုသာပျောကော. . . မာရဲ့ မဟုတ်လား. . ."

"အိမ်ကို ဝင်ခဲ့အုံးလေဟယ်. . ."

"မင်္ဂလာဆောင်မှာ မစားနဲ့. . တို့အိမ်မှာ ထမင်းစား၊ ဒီကနေ့


www.burmeseclassic.com

www.burmeseclassic.com

အမဲချဉ်ရလာလို့ ငရုတ်သီးစပ်စပ်နဲ့ ချက်ထားတယ်. . ."

"ရေနွေးကြမ်းသောက် လာခဲ့အုံးဟေ့. . ."

အိမ်တိုင်းစေ့ဆိုသလို ပွကြီးကိုမြင်သည်နှင့် ဖက်လှဲတကင်းရှိကြသည်။ နွေးနွေးထွေးထွေး ဖိတ်ခေါ်ကြသည်။

"လာခဲ့မယ်ဗျို့. . . လာခဲ့မယ်. . . စိတ်ချ။ မင်္ဂလာဆောင်အိမ်ကို ဝင်ပြီးမှ ပြန်လှည့်လာခဲ့မယ်"

စက်ဘီးကိုတွန်းပြီးနောက် မင်္ဂလာမဏ္ဍပ်ရှိရာသို့ ဝင်လာခဲ့လေသည်။

"ဟာ. . . ပွကြီးတောင်ရောက်လာပြီကိုး. . . လာဟေ့. . . ငါ့တူကြီး"

မင်္ဂလာဆောင်မဏ္ဍပ်အတွင်း ဝါးကြောဖျာပေါ်၌ အကျအန တင်ပလ္လင်ခွေထိုင်လျက် ကွမ်းသီးညှပ်နေသော ဘကြီးသာဒင်က လှမ်းနှုတ်ဆက်လိုက်သည်။ ဘကြီးသာဒင်မှာ ပွကြီး၏ အမေနှင့်မောင်နှမဝမ်းကွဲတော်စပ်သူမို့ ပွကြီး၏ ဘကြီးလည်း ဖြစ်ပေသည်။

"ဟကောင်. . . ပွကြီးငါ့နှမနဲ့ ငါ့ယောက်ဖကော မာကြရဲ့လား. . သာကြရဲ့လားဟ. . ."

"မာကြပါတယ် ဘကြီးရဲ့. . . ."

"အေး. . . ဒီအသက်အရွယ်အထိ မာကြသေးတယ်ဆိုတာ နည်းတဲ့ကုသိုလ်မဟုတ်ဘူးနော်. . . ဘကြီးဆို အရင်ကလောက်မမာတော့ဘူး. . . သည့်အတွက် မင်းဒွေးလေးက စိတ်ဆင်းရဲနေတာ. . ."

"အိုတော်. . . ဘာတွေလျှောက်ပြောနေတာလဲ"

နဘေးတွင်ရှိနေသော ဒွေးလေးခက ဘကြီးသာဒင်၏ နံတောင်းအားတံတောင်ဖြင့် ခပ်ဖွဖွလေးတွတ်လိုက်ရာ ဘကြီးသာဒင်မှာ ကွမ်းတွေ ဗလုံးဗထွေးဖြင့် တဟားဟားရယ်လေတော့သည်။

"ဟဲ့. . . မယ်ခရဲ့. . . ငါက 'အာရောဂျံ ပရမံ လာဘာ' လို့ဆိုတဲ့





ကျန်းမာရေးကိစ္စကိုပြောနေတာ. . . ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ တဲ့ဟ။ ညည်းက ဘာတွေ အတွေးပေါက်နေရတာတဲ့တုန်း. . ."

ဒွေးလေးခလည်း ခပ်ရှက်ရှက်ဖြင့် နောက်ဖေးဘက်ထွက်သွားလေတော့၏။ ဘကြီးသာဒင်၏ ခေါင်းတစ်ခုလုံးက ဆံပင်ဖြူတွေ ကိုးတို့ကဲ့တဲ့နှင့်။ ကိုယ်အထက်ပိုင်းသည် ဗလာကျင်းလျက်ရှိ၏။ ဘကြီးသာဒင်ကား. . . အင်္ကျီဝတ်ရမှာကို သေမတတ်ကြောက်သောသူဖြစ်၏။ ဘယ်ခါကြည့်ကြည့် ခါးအထက်ပိုင်းသည် အမြဲလို ဗလာကျင်းလျက်. . .။

ယခုပွဲကား. . . မင်္ဂလာပွဲဖြစ်လေသည်မို့ မတတ်သာသည့်အဆုံး ရှုကြည့်တင်မောနိုင်စေခြင်းငှာ ပိတ်စိမ်းပါးလေးတော့ ယူလာခဲ့ပါ၏။ သို့သော် ဝတ်၍ထား။ ပုခုံးတစ်ဖက်ပေါ် တင်ထား၏။ ခါးတွင် အနွမ်းနွမ်း အလလက သိမ်းဆည်းထားဟန်ရှိသော ဘန်ကောက်ပုဆိုးမှာ မူလတုန်းဆီက ပန်းရောင်ဖြစ်လိမ့်မည်ဟု ယူဆဖွယ်ဖြစ်၏။ အကြောင်းမူ ပကတိအနေ အထား၌ ဘာအရောင်ဟူ၍ တိတိပပပြောမပြနိုင်သောကြောင့်ပါပေ။ သည်မင်္ဂလာဆောင်၌ ထိုသို့ဝတ်ဆင်လာခြင်းကပင် ကြီးမားစွာချီးမြှောက်ခြင်းဟု ပြောရမလိုပင်။

ဘကြီးသာဒင်မှသာလျှင် မဟုတ်။

ဘကြီးသာဒင်ကဲ့သို့ ကိုယ်အထက်ပိုင်းတွင် ဘာမျှမဝတ်ဆင်ဘဲ အပေါ်အင်္ကျီကိုသာ ကြည့်ကောင်းအောင် ပခုံးပေါ်တင်လာသူတွေက ထုနှင့်ဒေး။ အချို့က ဒိုတီအင်္ကျီ။ အချို့မှာ ရှပ်ကျယ်လက်စက။ တစ်ဦးတစ်လေသာ လည်ကတုံးတိုက်ပုံနှင့်ရှိလေ၏။ တကယ်တော့. . . ပွကြီးတို့လို ကျေးလက်တောရွာရှိတောသူတောင်သားလယ်သမားများအဖို့ ပဏာသနဟူသည် သူတို့၏သဘောစိတ်ထားနှင့်တော့ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်နေတော့သည်။ အပူဒဏ်ကို မခံနိုင်ကြ။ သည့်အတွက် အပေါ်ပိုင်းကို ဗလာကျင်းကာ အောက်ပိုင်း၌ ပုဆိုးကို ဒူးအထက်ထိ ပင့်တင်ထားကြသည်။ မြို့ကြီးသားများ အဖို့



www.burmeseclassic.com

www.burmeseclassic.com

တော့ တင့်တယ်ကောင်းမှ တင့်တယ်မည် ဖြစ်ပေသော်ငြား. . . အနိုးခံ ဈေးလက်၏ ပကတိအသွင်အပြင်ကဖြင့် တကယ့်ကို နှစ်သက်မက်မောဂုဏ်ယူဖွယ်ရာ ကောင်းလွန်းလှသည်ဟု ပွကြီးထင်ပါသည်။

သည့်နောက် သတို့သမီးနှင့် ဆွေမျိုးရင်းချာလိုဖြစ်နေ၍ သတို့သမီးအမေ ဒေါ်လေးမကြာစိန်နှင့် နှမတော်စပ်သော သတို့သမီးအပုမအား နှုတ်ဆက်ပြန်သည်။

“ဟဲ့. . . ပွကြီး. . . မင်္ဂလာပွဲပြီးတာနဲ့ ပြန်မသွားနဲ့အုံးနော်။ ဒီမှာ သုံးလေးရက်တန်အောင် နေသွားအုံး”

“ဟုတ်သားပဲ. . . အစ်ကိုလေးရယ်။ အစ်ကိုလေးက တစ်ခါ တစ်ခါမှလာတာ။ ရောက်တုန်းရောက်ခိုက် နေသွားနော်”

“ဟုတ်ကဲ့ပါ. . . ဒေါ်လေးရယ်. . . ပွကြီးဆိုတာ ဈေးကျရာပျော်တဲ့ အကောင်ပါဗျ။ ဟဲ့. . . အပုမ. . . ငါ. . . ရွာမှာရှိနေတုန်း ထန်းရည်ဖိုးဒကာခံရမှာနော်”

“အင်းပါ. . . အစ်ကိုလေးရယ်. . . ဒါလေးများ”

“ဟဲ့. . . ဒါထက်၊ ငါ့ယောက်ဖလောင်း. . . သတို့သားကိုလည်း မမြင်ပါလား”

“မြင်ရပါလိမ့်မယ် အစ်ကိုလေးရယ်. . . သူ့မိဘတွေနဲ့ ရွာဦးကျောင်းကို ခဏသွားနေလို့ပါ”

“အေး. . . ဒါဆို. . . ငါ စက်ဘီးထားခဲ့မယ်။ ရွာထဲလှည့်လိုက်အုံးမယ်ဟာ”

“ဘာလဲ. . . ထန်းရည်သွားသောက်မလို့ မဟုတ်လား။ ဒါပဲနော် ထမင်းစားချိန်အမီပြန်လာခဲ့။ အစ်ကိုလေးရဲ့ ယောက်ဖလောင်းနဲ့ ထမင်းအတူစားဖို့ စောင့်နေမှာ”

“အေးပါဟာ. . . အေးပါ. . . အေးပါ”





မင်္ဂလာဧည့်ခံပွဲက မနက်ဖြန်မနက်မှဆိုတော့ သည်နေ့အဖို့ အချက်အပြုတ်၊ အလုပ်အကိုင်တွေနဲ့ဆိုတော့ ဘာမှလည်းကူဖော်လောင်ဖက်မလုပ်ရသည့်အတွက် ပွကြီးအဖို့ရာတော့ အေးအေးဆေးဆေးမှ တကယ့်ကို အေးအေးဆေးဆေး။

မဏ္ဍပ်ထဲမှာတော့ ကြက်သွန်နွှာသူတွေကနွှာ။ ဆန်ပြာသူ တွေကပြာ။ ရောက်သီးထောင်းသူကထောင်း။ ကြက်သွန်လှီးသူကလှီး။ မဏ္ဍပ်နှင့် ခပ်လှမ်းလှမ်းမှာတော့ ငါးကိုင်သူတွေက ငါးကိုင်နေကြသည်။ ဝက်သားလှီးနေသူတွေကလှီးနေကြသည်။

မင်္ဂလာဆောင်က တောမင်္ဂလာဆောင်ဖြစ်ရကား မြို့တွေမှာလို အစားအသောက်ကျွေးမွေးရာ၌ တို့ကနန်းဆိတ်ကနန်း အစားအစာတွေ မဟုတ်။ မဝရေစာတွေမဟုတ်။ လှတပတတွေ မဟုတ်။ ဗိုက်ခွေးနမ်းအောင် တစ်ဝကြီးကျွေးမည့် အနေအထား။ ကျွေးမှာက ထမင်း။

ဝက်သားကို ပြောင်ကျွေးမည်။ ငါးသလောက် ပေါင်းမည်။ ချဉ်ပေါင်ရွက်နှင့် ရုံးပတီသီးကို အဆီအစိမ့်ပြေစေခြင်းငှာ ပင်စိမ်းခတ်ပြီး ဟင်းချိုချက်မည်။ ပြီးတော့. . . ပုစွန်ခြောက်နိုင်းချင်းဖြင့် ငံပြာရည်ကျော်။ နောက်. . . ကိုစရာအဖြစ် ပဲတီချဉ်၊ သရက်ချဉ်သုပ်၊ သခွားသီး၊ ခရမ်းသီး ပြုတ်။

သည်တော့. . . သည်လိုမျိုးတောမင်္ဂလာဆောင်တစ်ခု ဖြစ်ပေါ်လာလျှင် တစ်ရွာလုံး မီးခိုးတိတ်ကြကာ. . . တစ်ယောက်မကျန် မိသားစုအကုန် လာကြပြီး အားပါးတရဆွဲကြမည်မို့ သည်လိုပွဲမျိုးကို စောင့်စားနေကြသည်မှာ မဆန်း။

ပြီးတော့. . . မင်္ဂလာဆောင်ည၌ ‘ရတနာ မေနှင်း’ အငြိမ့်ဖြင့် ဧည့်ခံလိမ့်အုံးမည့်အကြောင်း သတင်းထွက်နေလေတော့ ရွှေပန်းတောတစ်ရွာလုံး သာမက. . . ရွာနီးချုပ်စပ်ကပါ လွန်စွာ လွန်စွာ စိတ်ဝင်စားနေကြသည့် ‘ပြောစမှတ်တွင်စရာအခေါင် တောရပ်မင်္ဂလာဆောင်’ တစ်ခုရယ်ပါတည်း။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

"နေ့...နေ့...ပျူကြီး
ငါ...ငှဲ့ပေးမယ်...။
ငါ...ငှဲ့ပေးမယ်...။
မင်းကလည်း...
ကောင်းခန်းရောက်နေမှ
စကားကို ဖြတ်ထိုက်ရတယ်လို့...
ငါတို့မှာ...ဆက်တင်ငံ့နေကြ ..
ကွယ်..."



ရွှေပန်းတောမှာတော့ ကိုပုလုံးဟာ၏ ထန်းရည်ကဲ နာမည်ကြီး။

မနက်ပိုင်းတွင် ထန်းရည်ချိုရသည်။

နေကျော်သွားလို့ကတော့ ထန်းရည်ခါး။

ပြီးတော့. . . လျှာရင်းမြက်စရာ မြည်းဖွယ်ရာတွေက စုံလင်လှသည်။

ပဲကြီးလှော်၊ အာပြဲချောက်ဖုတ်၊ အမဲခြောက်၊ ငါးရှဉ့်ကြပ်တိုက် ကြော်မွမွလေး။ ရာသီအလိုက်ဆိုလျှင်ဖြင့် ကြွက်ကင်တို့ ဖားကြော်တို့လည်း ရတတ်ပြန်ပါသေး။ သည်တော့ ထန်းရည်ကောင်းကောင်းကြိုက်နှစ်သက်သူ၊ အမြည်းကောင်းကောင်းတွယ်လိုသူတို့သည် ညနေရီနေညိုချမ်းရောက်လျှင် ကိုပုလုံးထန်းတဲ၌ ဆုံစည်းတတ်ကြစမြဲဖြစ်သည်။

ခုလည်း ရွှေပန်းတောထန်းရည်အား တစ်ဝကြီးတွယ်လိုက်မဟဲ့ ဟူသော မဟာရည်ရွယ်ချက်ဖြင့် ပွကြီးတစ်ယောက် ရောက်ခဲ့ပြန်ပါပြီ။ ပွကြီး၏ အခြံအရံတွေက အများသား။ သူတို့အားလုံး ပွကြီးနှင့်ရပ်ဆွေရပ်မျိုးများဖြစ်ကြသည်။ သားချင်းများတော်စပ်ကြသည်။ သူတို့ကပင် ပွကြီးအို အထူးဧည့်သည်တော်အဖြစ် စိတ်တိုင်းကျပြုစုကြမည်ဖြစ်၏။

"ကြိုက်တဲ့အမြည်းမှာကွာ. . . ။ထန်းရည်ကို ကြိုက်သလောက်



www.burmeseclassic.com

www.burmeseclassic.com

သောက်။ မှောက်ချင်လည်းမှောက်သွားပလေ့စေ။ ငါတို့အားလုံး မင်းကို ထမ်းပြီးပို့မယ်”

သားချင်းတော်စပ်သည့် ဖြူတုတ်က တိုက်တွန်း၊ အားပေး၊ အာမခံ၏။

“ဟုတ်တယ်. . . ပွကြီး။ မင်းနဲ့တို့တွေက ဆွေမျိုးရင်းချာတွေသာ ဆိုတယ်. . . မဆုံရတာကြာပြီ။ ဂိတ်ကြိုက်သာတွယ်ကွာ။ ဒီည တို့ညီအစ်ကိုတွေ အားရပါးရ ပျော်ပျော်ပါးပါးကြီးပေါ့ကွာ”

“ဟေ့. . . ဒီထက်ပိုပျော်ရအောင် ဆယ်အိမ်ခေါင်း ကိုသောင်းယဉ်ကြီးကို သွားခေါ်ကွာ။ မယ်ဒလင်ပါ တစ်ပါတည်းယူခဲ့။ ဒီလူကြီးကို ထန်းရည်တိုက်ရင်း သီချင်းလေး ဘာလေး ဟဲကြရအောင်”

ထန်းရည်ဝိုင်းကလေးက စည်ကားလှပါဘိ။

“ဒါထက်. . . မင့်ယောက်ဖလောင်း သံလုံးဆိုတာကိုကော မြင်ပြီးတွေ့ပြီးပြီလား”

“ဟင့်အင်း. . . မတွေ့ရသေးဘူး။ အပုမကို မေးကြည့်တော့ ဘုန်းကြီးကျောင်းကို သူ့မိသားစုတွေနဲ့ သွားနေသတဲ့ကွာ။ ဘယ်နှယ့်တုန်း. . အဲဒီသံလုံးဆိုတဲ့ ယောက်ဖလောင်းရဲ့ အနေအထား”

“နောက်ခံအင်အားက မဆိုးပါဘူး။ ဒါပေမဲ့ ငတိကြည့်ရတာ ရိုးအအ ကြီးကွ. . . ဘယ်လောက်ရိုးသလဲဆိုရင် မင်းတို့ငါတို့ ဘိုကေဆံပင်ထားတာတောင် ငတိက သျှောင်ထုံးကြီးနဲ့ကွ. . . သူ့ဆံပင်ကို သူတော်တော်မြတ်နိုးပုံရတယ်”

“ဘာပဲဖြစ်ဖြစ်ကွာ. . . ရိုးရိုးသားသားဆိုရင် ငါ့နှမအပုမအတွက် စိတ်အေးရတာပေါ့။ အဲ. . . ဒီည အိမ်ပြန်ကြတဲ့အခါ ငါမင်္ဂလာဆောင်အိမ်မှာ မအိပ်ဘူးနော်. . . ဟေ့ကောင်ဖြူတုတ်. . . မင်းနဲ့လိုက်အိပ်မယ်”





“အိပ်ပါကွာ. . . အိပ်ပါ။ ဒါထက်နေစမ်းပါအုံး. . . မင်းက အပုမတို့ အိမ်မှာ ဘာကြောင့်မအိပ်ချင်ရတာလဲ”

“မအိပ်ချင်ပါဘူးကွာ. . . ‘နှမလင်နေ မောင်ဖင်ကျိန်း’ ဆိုတဲ့ စကားရှိတယ်မဟုတ်လား။

“အေး. . . ကြားဖူးတယ်ကွ. . . ဒါပေမဲ့ ခြေခြေမြစ်မြစ်တော့ မသိဘူး။ မင်းက နေရာတကာနှံ့နှံ့စပ်စပ်ရှိတဲ့ ပါလေရာကောင်ဆိုတော့ အဲဒီစကားကို ရှင်းပြစမ်းပါကွာ”

“အေး. . . ဟုတ်တယ်. . . ရှင်းပြ. . . ရှင်းပြ”

အားလုံးကပင် ပွကြီးကို ဝိုင်းဝန်းတိုက်တွန်းကြသည်။ ဤ၌ပွကြီးလည်း ထိုစကားဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းခံ ပုံပြင်လေးတစ်ပုဒ်ကို ကြားဖူးနားဝရှိသည့်အတိုင်း ပြောပြလိုက်တော့သည်။

ကိုပုလုံး၏စေတနာသဒ္ဓါတရားကြောင့် ထန်းရည်ဝိုင်းတစ်ဝိုင်းလုံး ‘ဟေး’ ဆိုသည့် အသံကြီးထွက်ပေါ်လာတော့သည်။ ထန်းရည်တဲက ရွာနှင့်ခပ်ခွာခွာဆိုလေတော့ မည်သူမည်ဝါကိုမျှ အနှောင့်အယှက်မရှိ။

“ကိုင်း. . . ကိုသောင်းယဉ်ကြီး. . . မယ်ဒလင်လက်စွမ်းပြဗျာ”

“အဆိုတော်လေး ဘာလေးလည်း လုပ်နော်”

“အေးပါကွာ. . . အေးပါ. . . ။ ငါအခု စန္ဒရားချစ်ဆွေနဲ့ ထားတို့ စုံတွဲသီဆိုခဲ့တဲ့ ‘မုန်းဆက်ဆက်မရှယ်’ ဆိုတဲ့ သီချင်းကို အဲဒီမူလသံစဉ်အတိုင်း စာသားဖျက်ထားတာ ဆိုပြမယ်။ မင်းတို့နားထောင်ကြမလား”

“လုပ်ဗျာ. . . လုပ်ဗျာ”

“အေး. . . မူလသီချင်းနာမည်က ‘မုန်းဆက်ဆက်မရှယ်’ ။ငါက အမူးသမားတွေရဲ့သဘာဝကို ပီပီပြင်ပြင်ရေးဖွဲ့လိုက်တော့ ‘မူးတစ်သက်သက်



www.burmeseclassic.com

www.burmeseclassic.com

ကွယ်' လို့ဖြစ်သွားတယ်။ ကိုင်း. . . ကြားချင်သပ. . . နားဆင်ကြပေရော့"

သို့ဆိုပြီးသကာလ မယ်ဒလင်လက်ကွက်ကို စမ်းလိုက်သည်။ သည့်နောက် သာယာငြိမ့်ညောင်းလှစွာသော အသံဝါဝါကြီးဖြင့် ဟစ်ကြွေးလိုက်လေသည်မှာ အင်မတန်မှ နားဝင်ပီယံရှိလှပါဘိတော့။

"xxxနှစ်ကိုယ်တူ သက်ပြင်းမဖက်ဖို့xxxတစ်ခွက်ချင်းနှက်ရာဝယ်xxxကဖော်အထူး မူးဖို့မှန်းတယ်xxxနုနုကြမ်းကြမ်းအရမ်းခွက်မမှောက်xxxရဲရဲတင်းတင်းသောက်ကြရာဝယ်xxxခွက်တူညီတူxxxxသီချင်းများပင်. . ကြူxxxအမြည်းတွေလည်းxxxစုံအောင်ဆွဲလို့xxxပုလင်းချင်းတူညီသောက်လို့xxxကိုယ်မဟန်နိုင်ရင်မှောက်အိပ်မယ်ကွယ်xxxမောင်ကလည်း မူးတစ်သက်သက်ကွယ်xxxမေကလည်း. . တွဲလို့မူးမယ်ကွယ်xxx"

သီချင်းသွားက နားဝင်ပီယံရှိလှသည့်နှင့်အမျှ ကာလဒေသနှင့်လျော်ညီစွာ ပြုပြင်စပ်ဆိုထားသည်မို့ အားလုံးပင် ဆယ်အိမ်ခေါင်းကိုသောင်းယဉ်ကြီးအား ဝမ်းစမိုးပေးကြသည်။ အဆိုရပ်ထား၍ တီးခတ်နေသည့်အချိန်၌ ထန်းရည်ခွက်နှင့် ၎င်း၏ပါးစပ်ကို တေ့ပေးကြကုန်၏။ ဟော. . . ဆက်ပြန်ပါပြီ။ မောင်တစ်ပိုဒ်၊ မယ်တစ်ပိုဒ်အဆို. . .။

(xxxအမြည်းလည်း ကျီးမများဘဲ ဖုံနေရရင် ကျေနပ်တယ်ကွယ်xxxဂျင်ဆိုရင်xxxရေမရောနဲ့xxxဆိုဒါလေးနဲ့xxxသောက်အားပြိုင်မယ်)

အရက်ချက်လို့xxxနှစ်ယောက်အတူသောက်xxxနေ့စဉ်ပုံမှန်ကွယ်xxxဘယ်လောက်ပင်ပြုပြုxxxတက်ညီလက်ညီxxxနှစ်ယောက်ပြိုင်ကစ်လို့ ဆိုစရာလည်း အမြဲအော်ဟစ်မယ်xxx(မေရယ်)xxxအရက်မှာ ပုလင်းတစ်စိပ်ထဲမို့xxxတထိတ်ထိတ်xxxရင်မှာဆူxxx





ကုန်အောင်လေxxxအမြန်မမော့ပါနဲ့xxxမောင်တစ်ယောက်ပဲxxxသောက်ချင်ပါတယ်ကွယ်xxx

မူးတစ်သက်သက်ကွယ်xxxပုလင်းနဲ့ ခွက်နဲ့ ညီနောင်xxxမူးတွေတွေxxxမူးဝေနိုင်အောင်xxxမှောက်လေလေxxxမှောက်လေ နိုင်အောင်xxxမောင်လေxxxအရက်မဖြတ်ရက်တယ်xxxပုလင်းလေးကိုယူxxxခွက်တူခြင်ယှမယ်. . . 'ခင်'. . . 'ရှင့်'. . . မောင်ကလည်း မူးတစ်သက်သက်ကွယ်xxxမေကလည်းတွဲလို့ မူးမယားကွယ်"

ဆယ်အိမ်ခေါင်းကိုသောင်းယဉ်ကြီး၏ အဆိုအတီးဂီတသံကသည်ကနေ့ညအဖို့ ကိုပုလုံး၏ထန်းရည်ဆိုင်ကို သာယာမှုတွေ လွှမ်းခြုံသွားလေတော့သည်တကား။

◆◆◆◆◆


www.burmeseclassic.com

www.burmeseclassic.com

"မယား…ဆိုတာကျွန်တော့
ယင်ပြမ်းတဲ့သူ ယားတဲ့အခါ
အယားဖျောက်ဖို့
ယားတာတွေ မယားစေဖို့
စွမ်းဆောင်ပေးနိုင်တဲ့အတွက်
'မယား'…လို့ခေါ်တာပါပဲ
အဟင်း…အဟင်း…"



ထမင်းရည်ချောင်းစီး မောင်းတီး၍လှူသည်နှင့်မခြား ခမ်းခမ်းနားနားဆောင်သည့် မင်္ဂလာပွဲမို့ ကြွရောက်ချီးမြှင့်ကြကုန်သော မိတ်ဆွေသင်္ဂဟတို့မှာ စည်ကားသိုက်မြိုက်လှပါဘိ။

သတို့သားဘက်ကလည်း. . . ဆွေကြီးမျိုးကြီး။

သတို့သမီးဘက်ကလည်း. . . ဆွေကြီးမျိုးကြီး။

သည်လိုမျိုး နှစ်ဖက်အသိုင်းအဝိုင်းစလုံး ဆွေကြီးမျိုးကြီးတွေဆိုတော့ မင်္ဂလာပွဲ ဝက်ဝက်ကွဲစည်ကားသည်မှာ မဆန်း။ ရွှေပန်းတောတစ်ရွာလုံးသာမက ရွာနီးချုပ်စပ်မှ ဖိတ်ကြားထားသည့် မိတ်သင်္ဂဟများ၊ ဆွေမျိုးသားချင်းများ၊ သတို့သား သံလုံးတို့ဘက်မှ အသိုင်းအဝိုင်းများကြောင့် ဧည့်ပရိသတ်တို့မှာ ဩချယူရလောက်အောင် စည်ကားများပြားလှချေ၏။ မင်္ဂလာဆောင် မဏ္ဍပ်၏နဖူးစည်းမှာတော့. . .

" မောင်သံလုံး နှင့် အပုမ
တို့၏
မင်္ဂလာဧည့်ခံပွဲ "



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့်ဆိုင်းဘုတ်ကြီးက အဖြူရောင်အောက်ခံထားကာ ရွှေစာလုံးဖောက်ကပ်ထားသည့်အတွက် ထင်းနေတော့၏။ ကုက္ကိုပင်ကြား၌ ချိတ်ဆွဲထားသော အော်လံကြီးကလည်း သောင်းတိုက်ကကြားလောက်အောင် မင်္ဂလာတေးသီချင်းများ ပျံ့လွင့်နေတော့သည်။

“×××တူနှစ်ဖြာ×××ရွှေဂဟေဆက်ဖို့×××သွေမပျက်တဲ့×××
မေတ္တာ×××ရေစက်ရဲ့ရှေးအလာဝယ်×××မနှေးခါခါ×××
ချင့်တွေး×××ချစ်ရေးခု သမုဒ္ဒရာလာ×××ခုဘဝတကယ်
ဘယ်မမုန်းတော့. . လေး×××လေး×××အခါတော်×××ပေး
×××တာက×××နတ်ရေးငယ်×××ရွှေစာ×××”

လော်စပီကာသံကြီးက ဘယ်လောက်ပင် နားကွဲလုမတတ် ဆူညံနေပါစေ။ ဘယ်သူကမှ အပြစ်မမြင်ကြ။ သည်လို ဆူညံခြင်းကိုပင် အရသာတစ်ခုသဖွယ် သဘောကျနှစ်သက်နေကြသည်။

မဏ္ဍပ်အတွင်းမှာတော့ ရောင်စုံပန်းစက္ကူလိပ်များ၊ ရောင်စုံဘောလုံးများကို ရှုမြင်တင့်မောစေရန် ချိတ်ဆွဲထားကြသည်။ မဏ္ဍပ်အစင်ဝမှာတော့ မင်္ဂလာလက်ဖွဲ့များကို စာရင်းဇယားဖြင့် လက်ခံနေကြသည်။ တချို့က. . . ငွေကြေး၊ တချို့က မင်္ဂလာပစ္စည်း။

သတို့သားသံလုံးနှင့် သတို့သမီးအပုမတို့သည် တစ်ဦးနှင့်တစ်ဦး လက်ချင်းချိတ်လျက် မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြကုန်သော ဧည့်ပရိသတ်တို့အား သွားအဖြီးသားနှင့် လိုက်လံနှုတ်ဆက်လျက်ရှိသည်။

သတို့သားသံလုံးသည် သျှောင်ဖုံ့ဖုံ့ကြီးနှင့် ဖြစ်၏။ သတို့သမီးအပုမကျတော့ တစ်ပတ်လျှိုဆံထုံးနှင့်။ မည်သည့်အလှပြင်ဆရာက ပြုပြင်ချယ်သပေးလိုက်သည်မသိ။ နှစ်ဦးသား၏မျက်နှာပြင်၌ မိတ်ကပ်တွေအဖွေးသား။ အဲ. . . လည်ပင်းကျတော့ မည်းမည်းသည်းသည်း။ သည်ကြားထဲ သတို့သား





သံလုံးသည် မခဲတတ်. . ခဲတတ်နှင့် ဆေးတံကို ဟန်ပါပါခဲနေပြန်ပါသေး၏။ သတို့သမီးတစ်ကိုယ်လုံးကား. . . အနှစ်နှစ်အလလ ခြစ်ခြစ်ခြုတ်ခြုတ်ဖြင့် စုဆောင်းထားခဲ့လေသော ရွှေတို့ဖြင့်အိလျက်ရှိ၏။ အသားတော်မည်းညစ်ညစ်မှာက အိနေအောင်ဝတ်ဆင်ထားသော ဝါဝါဝင်းဝင်းရွှေတို့က ဖုံးလွှမ်းလျက်ရှိချေ၏။ ခြေထောက်မှာတောင် ရွှေခြေကျင်းကို ဆင်မြန်းထားပါသေး။

“တောက်. . . အင်မတန်မှ လိုက်လျောညီထွေရှိလှတဲ့. . . နတ်ဖက်တဲ့ မင်္ဂလာမောင်မယ်ကွာ။ တစ်ယောက်က မည်းမည်းသည်းသည်း. . . နောက်တစ်ယောက်က မွဲမွဲပြာပြာ. . . ”

“အသွင်တူလို့ အိမ်သူဖြစ်ကြတာပဲ. . . ။စီးပွားဥစ္စာတော့ တိုးတက်ဖွံ့ဖြိုးလိမ့်မှာ မလွဲဘူး”

“သတို့သားဖက်ကလည်း အတော်အုံတောင့်တာပဲနော်”

“သတို့သမီးဖက်ကလည်း မခေပါဘူးဟဲ့. . . ”

တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်သံမှာ။

ဧည့်ပရိသတ်တွေ ဝင်လာပြီဆိုကတည်းက လက်ဖွဲ့လက်ခံသောနေရာ၌ ထားရှိသော ယပ်တောင်တွေကို အချောင်း(၅၀)စီထပ်ထားရာမှ ဆွဲယူဝေငှလေ၏။ ယပ်တောင်အရောင်က နှစ်မျိုးတည်း။ အဖြူရောင်၊ အနီရောင်။ အချောင်း(၅၀)စီ။

ယပ်တောင်ရသဖြင့် မင်္ဂလာမဏ္ဍပ်ထဲ တဖျတ်ဖျတ်နှင့် ယပ်ခပ်၍ရသည်။ ပြီးတော့. . . ရလာသောယပ်တောင်သည် ထမင်းစားလက်မှတ်လည်း မည်၏။

“အဖြူရောင်ယပ်တောင်ရရှိထားသည့် ဧည့်ပရိသတ်များ ခင်ဗျာ. .
အဖြူရောင်ယပ်တောင်ရရှိထားသည့် ဧည့်ပရိသတ်များ ခင်ဗျာ. .
ထမင်းသုံးဆောင်ရန်အတွက် ထမင်းကျွေးရုံသို့ ကြွရောက်ဖို့ရာ


www.burmeseclassic.com

www.burmeseclassic.com


ဖိတ်မန္တက ပြုအပ်ပါတယ်ခင်ဗျာ. . .”

လော်စပီကာမှ ကြေညာသံအဆုံးဝယ် အဖြူရောင်ယပ်တောင်ရရှိထားသော ဧည့်ပရိသတ်များသည် နေရာမှထကာ မလှမ်းမကမ်းရှိ ထမင်းကျွေးရုံသို့ သွားကြလေတော့၏။ ထမင်းကျွေးရုံအပေါက်ဝမှ တစ်ဦးက အဖြူရောင်ယပ်တောင်များကို သိမ်းလိုက်လေ၏။ ထမင်းကျွေးရုံထဲမှာတော့ လူဦးရေ(၅၀)စာ စီမံထားလေရာ ယပ်တောင်ပိုင်ရှင်အရေအတွက်နှင့်တော့ ကွက်တိ။ ထိုအချိန်ဝယ် မဏ္ဍပ်အတွင်း၌ အနီရောင်ယပ်တောင်ရရှိထားသော ဧည့်ပရိသတ်သည် ယပ်တောင်တဖျတ်ဖျတ်ခပ်ရင်း ရေနွေးကြမ်းသောက်သူသောက်ကြ၏။ လက်ဖက်သုပ်တွယ်သူ တွယ်ကြ၏။ ဆေးလိပ်ဖွာသူ ဖွာကြ၏။ ကွမ်းဝါးသူ ဝါးကြ၏။ အတင်းချသူ ချကြ၏။ ကာလသားလပျိုတွေဆိုလျှင် ကာလသမီးအပျိုတို့အား မျက်လုံးကစားကြ၏။ အားလုံး သူ့ဝသီနှင့်သူ ထောင့်စေ့နေကြလေသည်ကော။

“အင်း. . . ယပ်တောင်ကမ်းပြီး ထမင်းကျွေးတာ မြို့ကလူတွေ တွေ့ရင် အင်မတန်မှ အံ့အားသင့်သွားကြမှာပဲနော်”

“အံ့အားသင့်လည်း သင့်ပါစေ။ ထမင်းစားလက်မှတ်သဘောမျိုးနဲ့ ယပ်တောင်ကမ်းတာဟာ အင်မတန်မှ ကောင်းတဲ့နည်းစနစ်တစ်ခုပဲ။ ထမင်းကျွေးရုံမှာက တစ်ခါကျွေးမယ်ဆိုရင် လူ့အရေအတွက်(၅၀)စီသာ ပြင်နိုင်တော့ စည်းစနစ်ကျနအောင် ဒီလိုပဲ လုပ်ရမှာပဲ။ ဒီလိုမှ မလုပ်ရင် ဟိုလူထမင်းစားကြွပါ. . . ဒီလူထမင်းစားကြွပါနဲ့. . . ဟိုခေါ် ဒီခေါ် အလကား အချိန်တွေကုန်တယ်။ အုတ်ရောရောရော ကျောက်ရောရောလည်း ဖြစ်ကုန်မယ် မဟုတ်လား”

မှန်လေစွတကား။

ဘာပဲဖြစ်ဖြစ်. . . တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း

ဆိုသကဲ့သို့ သူ့အရပ်နှင့်သူ့ဇာတ်ကတော့ ဟပ်လို့သာနေတော့သည်။ ကျွေးမွေးရာမှာလည်း တိုရေရှားရေမျိုးမဟုတ်။ ကြိုက်သလောက်သာ. . . စား။ ချက်ပြုတ်ထားတာတွေကလည်း အလျှံပယ်။ ပိုလျှံသာပိုရမည်။ လိုသည်ဟူ၍ မရှိစေရ။

အကျွေးအမွေးကိစ္စတွေ ပြီးပြီဆိုလေတော့ ‘ဘိသိက်ဆရာကြီးမုန်တိုင်း-ဦးကျော်ဒွန်း’ က သတို့သား သတို့သမီးတို့အား ဘုရားရှင်နှင့်နှစ်ဖက်သောမိဘများကို ကန်တော့စေပြီး မင်္ဂလာတရားတော်နှင့်အညီ ဆုံးမဩဝါဒများကို ပေးလေတော့သည်။ လေကလည်း ခပ်ရှည်ရှည်. . . သူဆုံးမဩဝါဒပေးသည်ကို ပေလျှက်ပြုလျှင်ဖြင့် ဟောဟောဒိုင်းဒိုင်းပြောချတတ်သည်မို့ ၎င်း၏အမည်နာမဖြစ်သော ‘ဦးကျော်ဒွန်း’၏ရှေ့၌ ‘မုန်တိုင်း’ဘွဲ့က အလိုလို ရရှိသွားသည်။

“အဟမ်း. . . အဟမ်း. . . အဟမ်း. . .

အခုဆိုရင်ဖြင့်. . . သတို့သားမောင်သံလုံးနှင့် သတို့သမီးအပုမတို့ဟာ နှစ်ဖက်သောမိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ သဘောတူကြည်ဖြူမှုနဲ့ သိမ်းမြားလက်ထပ်ပြီးလေတော့ တစ်ဦးနဲ့တစ်ဦး ကိုင်းကျွန်းမှီ. . . ကျွန်းကိုင်းမှီ ဆိုသလို အကြင်လင်မယားဘဝကို ရောက်ရှိခဲ့ကြပါပြီ. . .။

အကြင်လင်မယားဆိုတာ. . . ဘာလဲ။

တစ်ဦးနဲ့တစ်ဦး ကြင်ကြင်နာနာရှိကြတဲ့ လင်ရယ်၊ မယားရယ်လို့ ဆိုတာပါပဲ။ လင်ဆိုတာမျိုးဟာ မယားအပေါ်ကို ကြည်လင်မှုတွေ ပေးစွမ်းတတ်တာမို့ ‘လင်’ ရယ်လို့ ဖြစ်လာတာပါပဲ။

‘မယား’ ဆိုတာကျပြန်တော့ လင်ဖြစ်သူယားတဲ့အခါ အယားပျောက်ဖို့၊ ယားတာတွေ မယားစေဖို့ စွမ်းဆောင်ပေးနိုင်တဲ့အတွက် ‘မယား’ လို့ ခေါ်တာပါပဲ. . . အဟမ်း ဟမ်း. . .”



www.burmeseclassic.com

www.burmeseclassic.com

'လင်မယား' ဆိုသည့် ဝေါဟာရအဓိပ္ပါယ်ကို သူ့အသိ၊ သူ့အတွေး၊ သူ့အယူအဆဖြင့် ဖော်ထုတ်ပြမှုအပေါ် လူငယ်ကာလသား ကာလသမီးအချို့သည် ပြုံးစေ့စေ့ဖြစ်နေကြလေ၏။

"ဟုတ်ပြီ. . . လင်ရယ်မယားရယ်လို့ ဖြစ်လာကြပြီ. . . အဲ. . အဲဒီအခါကြတော့ သူ့အပိုင်းနဲ့သူ၊ သူ့ကဏ္ဍနဲ့သူ တာဝန်တွေ၊ ကျင့်ဝတ်တွေ၊ ဝတ္တရားတွေ ဖြစ်လာကြပြီ။ လင်မှာလည်း လင့်ဝတ္တရားတွေရှိသလို မယားမှာလည်း မယားဝတ္တရားတွေရှိတာပါပဲ။

ဟဲ့ကောင်. . . သံလုံး. . . သေသေချာချာနားထောင်။ ခုဆိုရင် မင်းဟာ လူပျို့လူလွတ်မဟုတ်တော့ဘူး။ အပုမရဲ့ 'လင်' ဖြစ်လာပြီ။ ဒီတော့. . 'မထေမဲ့တင်၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကျင်၊ ငါးအင်လင့်ကျင့်ရာ' ရယ်လို့ သင်္ဂဇာဆရာတော်ကြီးက ဆိုမိန့်ထားခဲ့တယ်။

ဒီတော့. . . ဟေ့ကောင်. . . သံလုံး။ မင်းဟာ အပုမအပေါ်မှာ လင့်ဝတ္တရားငါးပါးနဲ့အညီ ကျင့်ကြံဖို့လိုလိမ့်မယ်။ တစ်ချက်ချင်းပြောရရင်ဖြင့် မင်းဟာ. . . (၁)အပုမပေါ်ကို မြတ်နိုးကြင်နာမှုရှိရမယ်။ (၂) အပုမအပေါ်ကို နှိမ့်ချပြီး မဆက်ဆံရဘူး၊ မထီမဲ့မြင် မပြုရဘူး။ (၃) အပုမရဲ့ကွယ်ရာမှာ မယားငယ်မထားရဘူး။ (၄) မင်းရှာဖွေလို့ရသမျှကို အပုမရဲ့လက်ထဲအပ်ရမယ်။ (၅) အပုမကို အဝတ်တန်ဆာတွေ ပြည့်ပြည့်စုံစုံဆင်ပေးရမယ်. . . ကြားတယ်. . . မဟုတ်လား. . . သံလုံး"

"ဟုတ်. . ဟုတ်ကဲ့. . . ကြားပါတယ်ခင်ဗျာ"

"အဲ. . . မင်းအတွက် လင့်ဝတ္တရားငါးပါးကို သတိပေးဆုံးမပြီးပြန်တော့. . . ဟဲ့. . . အပုမ. . ."

"ရှင်. . . ဘကြီး. . "

"အေး. . . နင့်အတွက်လည်း မယားဝတ္တရားငါးပါးနဲ့ နေထိုင်ကျင့်





ကြံတတ်အောင် ဩဝါဒပေးရအုံးမယ်. . "

"မယားဝတ္တရားတွေဆိုတာ. . . ဘာတဲ့လဲ. . ။သင်္ဂဇာဆရာတော်ကြီးကပဲ မယားဝတ္တရားကို ဒီလိုဆိုထားတယ်။

'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချီ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်ရာ' တဲ့. . . ။

ဆိုလိုတာကတော့. . . အပုမ၊ နင့်အနေနဲ့ နင့်လင်ဖြစ်လာပြီဖြစ်တဲ့ သံလုံးနဲ့ ပတ်သက်ပြီး ထားရှိရမဲ့၊ ခံယူရမဲ့၊ ကျင့်သုံးရမဲ့ ဝတ္တရားတွေကတော့. . . (၁) အိမ်တွင်းမှုကိစ္စတွေဖြစ်တဲ့ အချက်အပြုတ်၊ အလျှော်အဖွပ်၊ အချုပ်အလုပ်စတဲ့ အမှုကိစ္စကြီးကြီးငယ်ငယ်တွေကို ကောင်းစွာစီရင်တတ်ရမယ်။ (၂) သူ့ဘက် ကိုယ့်ဘက် ဆွေမျိုးတွေအပေါ် မျှမျှတတဆက်ဆံရမယ်. . . ချီးမြှောက်ရမယ်။ (၃) နင့်လင် သံလုံးကလွဲလို့ ဘယ်ယောကျ်ားသနကိုမှ စိတ်ကူးထဲမထည့်ရဘူး။ ဖောက်ပြန်မှုမလုပ်ရဘူး။ (၄) နင့်လင် သံလုံးရှာဖွေလို့ရလာတဲ့ ဥစ္စာပစ္စည်းမှန်သမျှကို တည်တံ့အောင်၊ တိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။ (၅) အလုံးစုံသောကိစ္စတွေမှာ လိမ္မာရမယ်။ လင်ကြိုက်တတ်တာမှန်သမျှကို မပျင်းမရိ လုပ်ဆောင်ပေးရမယ်။

"အဲ. . . အနှစ်ချုပ်ပြောရမယ်ဆိုရင်. . . ဟဲ့ကောင် သံလုံး. . ."

"ဗျာ. . . ဘကြီး. . . "

"အေး. . . မင်းအနေနဲ့ မင်းမယားအပုမ မခံချင်အောင် ဘယ်တော့မှ မပြောနဲ့. . . မှတ်ထား. . ."

"ဟုတ်. . ဟုတ်ကဲ့. . . ခင်ဗျာ. . ."

"ဟဲ့. . . အပုမ. . ."

"ရှင်. . ဘကြီး. . . "

"အေး. . . နင့်အနေနဲ့လည်း နင့်လင် သံလုံး. . . လုပ်ချင်အောင်


www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ မပြောနဲ့. . . မှတ်ထား. . . "

"ဟုတ်. . ဟုတ်ကဲ့. . ရှင့်. . . "

"ဒီတော့. . . လင်က မခံချင်အောင်မပြောရင် မယားကလည်း မလုပ်ချင်အောင်မပြောရင်. . . အဲဒီ အိမ်ထောင်ရေးဟာ တကယ့်ကို သာယာမဲ့ အိမ်ထောင်ရေးဆိုတာ မှတ်သွားကြ. . . ဟုတ်ပလား. . "

"ဟုတ်ကဲ့. . . ခင်ဗျာ. . "

"ဟုတ်ကဲ့. . . ရှင့်. . "

ကာယကံရှင် အပုမနှင့်သံလုံးတို့တော့ မည်သို့နေလိမ့်မည်မသိ၊ ဘိသိက်ဆရာကြီး၏ မုန့်တိုင်းဦးကျော်ဒွန်း၏ မင်္ဂလာဩဝါဒစကားကဖြင့် မှတ်သားလောက်ဖွယ်ကောင်းသည်နှင့်အမျှ အစိပ္ပါယ်ချော်တောငေါ့သူတွေအတွက် ပြုံးစေ့စေ့ဖြစ်ရလေသည်တကား။

ရှည်လျားထွေပြားလှစွာသော မင်္ဂလာဩဝါဒမိုးကြီး ရွာသွန်းဖြိုး အပြီးမှာတော့ ပရိသတ်တွေ လွှင့်စွာမှ စိတ်ဝင်စားကြသည့် နှစ်ဦးနှစ်ဖက် ဘယ်သူတွေကဖြင့် ဘယ်လောက်ထည့်ဝင်သည်။ ဘာတွေလက်ဖွဲ့သည်ကို လော်စပီကာကြီးမှနေ၍ အထက်တာဝတိံသာ၊ အောက်အဝီစိ ကြားလောက်သည့်အတွက် ဂုဏ်ယူဝင့်ကြွားနေတော့၏။

ပြီးလေတော့. . . နှစ်ဖက်မိဘအသိုင်းအဝိုင်းမှ ကြေငြာခြင်းအမှု။

ဦးစွာ. . . သတို့သား သံလုံး၏အမေက ပဝါကြီးခြုံလျက် ပြောင်းဖူးဖက်လိပ်ကို လက်ကြားညှပ်ကာ ကြေညာပါလေတော့၏။

"ဒီမင်္ဂလာပွဲမှာ သားရှင်ဖြစ်တဲ့ကျုပ်အနေနဲ့ လယ်(၁၀)ဧက၊ နွားတစ်ရှဉ်း၊ ဝမ်းစာစပါး သုံးဆယ်၊ နေထိုင်ဖို့ရာမြေတစ်ကွက် လက်ဖွဲ့ပါသတော်. . . "

"ဟေး. . . ရှီး. . ဖြောင်း. . ဖြောင်း. . ဖြောင်း. . . "





သတို့သားဖက်မှ ဆွေမျိုးအသိုင်းအဝိုင်းတွေက ဂုဏ်ယူဝင့်ကြွားစွာဖြင့် လက်ခုပ်သြဘာများပေးကြလေ၏။ ဤတွင် သမီးရှင်ဖြစ်သော ဒေါ်ကြာစိကလည်း သတို့သားမိခင်ကို အားကျမခံ သောင်းတိုက်ကကြားလောက်အောင် ကြေညာသမှုပြုရန် မိုက်ခွက်အနားသွားပြီး ခာတ်စက်ဆရာထံမှ မိုက်ခွက်ကို လှမ်းယူလိုက်သည်။

"ကိုင်း. . . ကြာစိ၊ နင်ကလည်း နင့်သမီးအတွက် ဘာတွေပါသလဲဆိုတာ ကြေညာလိုက်အုံး. . . "

မုန့်တိုင်းဦးကျော်ဒွန်းက သတိပေးတော့. . . ဒေါ်ကြာစိ၏အာရုံ၌ သူ့သမီးညွတ်နေအောင် ဆင်ယင်ဝတ်စားထားသော လက်ဝတ်ရတနာရွှေငွေတို့မည်သည်မှာ အခြားအခြားသော သတို့သမီးတွေလို တစ်ပါးသူထံမှ ငှားရမ်းဝတ်ဆင်ထားသည်မဟုတ်ဘဲ ကိုယ်ပိုင်ပစ္စည်းများသာဖြစ်ကြောင်း၊ ဒါတွေအားလုံး လက်ဖွဲ့လိုက်သည်ဆိုသော သဘောဖြင့် ပြောချလိုက်သည့်စကားကြောင့် မင်္ဂလာပွဲလာပရိသတ်အပေါင်းမှာ မည်သို့သဘောပေါက်သွားကြလေသည်မသိ၊ အုံးခနဲ ရယ်မောသံကြီးသည် မင်္ဂလာမဏ္ဍပ်အတွင်း ပေါ်ထွက်ရိုက်ဟည်းသွားလေတော့၏။

ဒေါ်ကြာစိ. . . ဘာတွေပြောလိုက်ပါသနည်း။

ကိုင်း. . . နားထောင်ကြည့်ပါလေလော့. . . ။

"ဟုတ်ကဲ့. . . ကျုပ်သမီးအပုမကတော့. . . ပါတဲ့အတိုင်းပါပဲ" တဲ့ ခင်ဗျာ. . . ။

♦♦♦♦♦


www.burmeseclassic.com

www.burmeseclassic.com


“ငဲ့ဆိုတာမျိုးဟာ...
ကူးလို့မပေါက်တောင်းရှူရေ
ပွားများ ထုပ်ဆောင်ရင်...
ရှုပ်ကင်းကောင်းရှုပ်ကင်းပေမဲ့
ဝင်းဆိုတာမျိုးက
ကိုယ်ကျင့်ဆောင်သမျှကို
တို့ဖြန့်ခံစားရစမြဲပဲ...
ရှုပ်ရှုပ်ပေးပေးမကြည့်နဲ့...။
ငါ့...ရူပ တစ်ယောက်ကိုပဲကြည့်...။



သံလုံးနှင့်အပုမတို့၏မင်္ဂလာဆောင်ကား ရွှေပန်းတောရွာမှာတော့ တကယ့်ကို ပြောစမှတ်တွင်လောက်အောင် ခြိမ့်ခြိမ့်သဲ စည်ကားခဲ့ပါ၏။ ထိုပြင်တစ်ဝ အငြိမ့်တို့၊ ဇာတ်တို့၊ ပွဲတို့ ငတ်နေကြရာမှ. . . ‘ရတနာမေနှင်း’ ဆိုသည့် အငြိမ့်ကို ထည့်သွင်းခဲ့သဖြင့် တစ်ရွာလုံးအဖို့ အကြီးအကျယ် ကျေနပ်ပီတိဖြစ်နေကြလေသည်။

ရတနာမေနှင်း အငြိမ့်သည် မင်္ဂလာဆောင်ပြီးသည့်ညမှာပင်. . . ဝင်လာ၏။ ခေါင်းဆောင်မင်းသမီး ရတနာမေနှင်း၊ ရွှေထွက်မင်းသမီးတွေက မြနန်းရှင်နှင့်မြမဥ္ဇူဝေတို့ဖြစ်ကြ၏။ လူရွှင်တော်တွေက အံပွား၊ မြင့်မားနှင့် ကြပ်ကြီးတို့ဖြစ်ကြ၏။ ခြမ်းပဲ့တီးဝိုင်းကို ဦးဆောင်သူကတော့ ရွာစားကျော် ကျော်စိုးဗိုလ်ဖြစ်လေ၏။ အသီးသီး. . သူ့ကဏ္ဍနှင့်သူ ထောင့်စေ့အောင် စွမ်းဆောင်နိုင်ကြသူတွေမို့ ရွှေပန်းတောအပါအဝင် ကျေးလက်တောရွာတစ်ခွင်၌ ပွင့်လင်းရာသီရောက်ပြီဆိုလျှင် လက်မည်နိုင်လောက်အောင် လိုက်လံကပြနေရသော အငြိမ့်တစ်ဖွဲ့လည်း ဖြစ်တော့၏။

ရွှေထွက်မင်းသမီးမြနန်းရှင်နှင့်မြမဥ္ဇူဝေတို့မှာ ရုပ်ရည်ကလည်း မြူး၏။ ခန္ဓာကိုယ်ဖွဲ့စည်းပုံကလည်း ကာလသားတို့အကြိုက်။ အဖူ၊ အထစ်၊ အရှိုက်၊ အငင်၊ အကွေး၊ အဖြောင့်၊ အကောက် အိုး. . .သူ့နေရာနှင့်သူ



www.burmeseclassic.com

www.burmeseclassic.com

ပီပြင်လှသည်သာမက ကြာပစ်သည့်နေရာ၊ ကြာပေးသည့်နေရာတွေမှာလည်း တကယ့်ကို ရင်တုန်လှိုက်မောဖွယ်ကောင်းလှပါဘိ။ ခေါင်းဆောင်မင်းသမီးဖြစ်သည့် 'ရတနာမေနှင်း' ကျပြန်တော့ အနုပညာဝါရင့်သူပီပီ၊ သမ္မာရင့်သူပီပီ၊ ပြိုင်စံရှားလောက်သော ကကြိုးကကွက်ပညာရပ်များဖြင့် ပရိသတ်ကို ထိန်းထားနိုင်၏။ ရှာစားကျော်-ကျော်စိုးပိုလ်ဆိုလျှင် မင်းသမီးများ၏ အဆွဲအငင်၊ အချွဲအပြုများအား ပီပြင်ကြည်လင်သည့် လက်သံ၊ ဂီတသံတို့ဖြင့် ထိန်းမတ်ပေးနိုင်၏။ ပို့ဆောင်ပေးနိုင်၏။

အထူးသဖြင့် 'ရတနာမေနှင်း' ၏အငြိမ့်ကို ထိန်းနိုင်သည်က လူရွှင်တော် အံပွား၊ မြင့်မားနှင့်ကြပ်ကြီးတို့ သုံးယောက်ဖြစ်သည်။ မျက်နှာပြောင်ခြင်း၊ ပြက်လုံးများကို အချိတ်အဆက်မိမိ ချိတ်တတ်ဖောက်တတ်ခြင်း၊ တန်ဖိုးပွတ္တိဟာသဉာဏ်ရွှင်ခြင်းတို့ကြောင့် ပရိသတ်အဖို့ ပါးစပ်လုံးဝမပိတ်နိုင်လောက်အောင်. . . တဝါးဝါး တဟားဟား။

အငြိမ့်ဝင်သည့်ညကိုပဲ ကြည့်။

ရွှေထွက်မင်းသမီး မြနန်းရှင်က ရွှေပွဲလာပရိသတ်ကြီးကို အညှအခရာ။ တီတီတာတာဖြင့်လည်းကောင်း၊ မြူးကြွသောတေးသွားဖြင့်လည်းကောင်း. . . အားကြိုးမာန်တက်ကပြသီဆိုဖျော်ဖြေပေးနေစဉ် လူရွှင်တော်သုံးယောက်သားမှာလည်း လက်ခုပ်လက်ဝါးတီးကာ စည်းလိုက်ပေးနေ၏။ အကပိုဒ်ပြီးလေတော့. . . ခွန်းဆက်စကားဆိုလေသည်။

"ဟောဒီက. . . ကိုအံပွားကြီးလားရှင်. . . "

"ဟုတ်ပ. . ဟုတပ. . ငါ့နှမ မြနန်းရှင်ရေ. . . "

"ဒီဘက်က. . . ကိုမြင့်မားကြီးနော်. . . "

"မှန်ပါလေစွ. . မှန်လေစ. . ငါ့နှမ. . . "

"ဒီဘက်က. . . ကိုကြပ်ကြီး. . . "





"ဟီး. . ဟီး. . ဟီး. . . . . ဟီး. . ဟီး. . ဟီး. . . "

"ခုလိုမျိုးသာယာလှတဲ့ ညချမ်းအခါမျိုးမှာ ရွှေပန်းတောရွာရဲ့ မင်္ဂလာညည့်ခံပွဲကို လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် အများကြီးပဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း. . . စကားပလ္လင်ခံပါရစေရှင်. . . "

"လိမ္မာယဉ်ကျေးလှပါပေ့. . . ကလေးရယ်. . "

"အဲဒါကြောင့်မို့ ချစ်လှစွာသော ရွှေပွဲလာညည့်ပရိသတ်ကြီးကိုဖြင့် ဟောဒီ. . ကျွန်မ အငြိမ့်သမကလေးမြနန်းရှင်က အရိုးကြေကြေ အရည်ခမ်းခမ်းဆိုသလို. . . ရင်နှစ်ခြင်း ပြန်းပြန်းကွဲချင် ကွဲသွားပါစေ။ အနုပညာအမှုတော်ကို ကျေပွန်အောင် ထမ်းပြလိုက်ချင်ပါတယ် အစ်ကိုတို့ရေ. . . "

"ရှီး. . . ဖြောင်း. . ဖြောင်း. . ဖြောင်း. . ရှီး. . . "

ပီယဝါစာ ချိုသာသောစကားကို ချစ်ခင်ဖွယ်ရာမျက်နှာပေးကလေးဖြင့် ဆိုအပြီးမှာတော့ မြောက်မြားလှစွာသော ပရိသတ်အပေါင်းကား လက်ခုပ်သြဘာများပေးကြလေတော့၏။ ပြီးတော့ ယပ်တောင်ကလေး တဖျတ်ဖျတ်ခတ်လျက် အနောက်ဘက်လှည့်အသွားမှာတော့ လူရွှင်တော်တွေ တစ်စခန်းထလာကြသည်။


www.burmeseclassic.com

www.burmeseclassic.com

မြင့်မား ။ ။ ဟိုမြို့ကိုလည်း ပွဲလက်ခံထားသေးတယ် မဟုတ်လား။

အံ့ပွား ။ ။ ဘယ်မြို့ပါလိမ့်. . . ။

မြင့်မား ။ ။ ရောဝတီတိုင်းထဲမှာ ရှိတယ်လေကွာ. . ‘အထိုင်မတော်၊ စန္ဒော်ငွေလ၊ ပန်းလှုလှု’ ဆိုတဲ့မြို့။

ကြပ်ကြီး ။ ။ အံ့မယ်. . . ကဗျာဆန်ဆန်ကာရန်တွေနဲ့။ ဧကန္တ ပန်းမြို့တော်လိုခေါ်တဲ့ ပြင်ဦးလွင်လား။

မြင့်မား ။ ။ နိုး. . နိုး. . နိုး. . . မဟုတ်ရေးချ မဟုတ်။

အံ့ပွား ။ ။ ဒါဖြင့်ရင် ဘယ်မြို့လဲ. . . ပြော။

မြင့်မား ။ ။ ကိုင်း. . . ငါကပြန်မေးမယ်ကွာ. . အထိုင်မတော်တော့ ‘မပေါ်’ လား။

အံ့ပွား+ ။ ။ ‘ပေါ်’ တာပေါ့။

ကြပ်ကြီး

မြင့်မား ။ ။ ‘စန္ဒော်ငွေလ’ ဆိုတော့. . . လမင်းဆိုတာ မသာလည်း ‘တ’၊ သာလည်း ‘တ’ ရတယ်မဟုတ်လား။

အံ့ပွား+ ။ ။‘တ’ ရတာပေါ့။





ကြပ်ကြီး

မြင့်မား ။ ။ ပန်းလှုလှုဆိုတော့ မနမ်းရဘူးလား။

အံ့ပွား+ ။ ။‘နမ်း’ ရတာပေါ့။

ကြပ်ကြီး

မြင့်မား ။ ။ ဒီတော့ ‘ပေါ်တနမ်း’. . ဆိုတော့. . .

အံ့ပွား+ ။ ။ ပန်းတနော်. . . ။

ကြပ်ကြီး

“ဟေး. . . ရှီး. . ဖြောင်း. . ဖြောင်း. . ဖြောင်း. . . ”

ပရိသတ်၏အားပေးသံက ဝက်ဝက်ကွဲမျှ။

အံ့ပွား ။ ။ ဟုတ်ပါရဲ့. . ဘာမြို့တုန်း. . လုပ်စမ်းပါအုံး။

အံ့ပွား ။ ။ မသေမချင်းမှတ်ထား။ အောင်ဂလီဆန်တော့ မအန်ဘူးလား။

မြင့်မား+ ။ ။ ‘အန်’ တာပေါ့။

ကြပ်ကြီး

အံ့ပွား ။ ။ ‘ပေါင်ခြံပွေးစွဲ’ တော့ မကုတ်ရဘူးလား။

မြင့်မား+ ။ ။ ‘ကုတ်’ ရတာပေါ့။

ကြပ်ကြီး

အံ့ ။ ။ ‘အန်-ကုတ်’ ဆိုတော့. . .

မြင့်မား+ ။ ။ ဥက္ကံပေါ့. . . ။

ကြပ်ကြီး

(ဝါး. . . ဟား. . ဟား. . ဟား. . . )

ပရိသတ်ကား လှူရှင်တော်သုံးဦး၏ ပြက်လုံးများ၌ သက်ဝင်နစ်မျော



www.burmeseclassic.com

www.burmeseclassic.com

ရင်းပျော်ရွှင်မြူးကြွနေလေသည်။ ရွှေပန်းတောရွာမှ သံလုံးနှင့်အပုမတို့၏ မင်္ဂလာဆည်ခံပွဲကား ပြောစမှတ်တွင်လောက်စကား ကောင်းခဲ့လေသည် တကား။


♦♦♦♦♦♦♦♦

BURMESE CLASSIC .com

“ဘယ် မိမယ် ဖ–မယ် အမျိုးတူတဲ့လဲဟေ့…
ဒီမိကောင်းနေတုန်း…
ငါ့မင်းကို ထားခဲ့တာ…
ဒီကြွေရာပေါ့တာ…။
‘ကြာတင်’ ကို ဘာထင်သလဲ…
ရူးမဦတစ်ရေ့ပျက်လုံးနေတာ…”

www.burmeseclassic.com

www.burmeseclassic.com

အပုမတို့မင်္ဂလာကိစ္စပြီးလေသည့်တိုင် ပါလေရာပွကြီးတစ်ယောက် ရှေ့ပန်းတောမှ မပြန်နိုင်သေး။ ပြန်မည်ဆိုသည့်တိုင် ဖြူတုတ်တို့က ပေးမပြန်။ အဒေါ်မကြာစိကလည်း ဆွဲထားပြန်သေး၏။

ဆွေမျိုးသားချင်းများ၏ဆွဲခေါ်မှု၊ ကိုပုလုံးထန်းရည်၏ ညှို့ခေါ်မှုများကြောင့် ပါလေရာပွကြီးအဖို့ ဖိုးကျိုင်းတုတ်ဖြစ်မှန်းမသိဖြစ်ရလေသည်ဆိုလျှင်. . . မမှား။

တစ်ညနေခင်း. . . ဖြူတုတ်နှင့် ကိုပုလုံးထန်းတဲသို့ ရောက်သွားခဲ့သည်။ ထုံးစံအတိုင်းဆိုသလိုပင် ဆက်ရက်မင်းစည်းစိမ်ကို အပြည့်အဝခံစားနေစဉ်မှာပင် ဖြူတုတ်က စကားစလာသည်။

"မဟာကောင်. . ပွကြီး. . ."

"ဘာတုန်းတွ. . ဖြူတုတ်. . ."

"ဒီည. . ငါ့ကို ကူညီပါလားကွာ. . ."

"ဘာကူညီရမှာလဲ. . ပြောလေကွာ. . ."

"အဟီး. . ဒီည၊ ငါ. . ငါ့ရည်းစားသင်းမေတို့အိမ်ကို လူပျိုလှည့်မလို့ကွ။ ခါတိုင်း. . တက်ပုက ငါနဲ့အဖော်လိုက်ပေးနေကျ. . .။ ခု. . ဒီကောင်တောတက်သွားလို့ မင့်ကို အကူအညီတောင်းရတာ. . ."


www.burmeseclassic.com

www.burmeseclassic.com

"နေပါအုံး ဖြူတုတ်ရာ. . မင့်ရည်းစားရဲ့နာမည်ကလည်း ဆိုးလိုက်တာ. . . ပြီးတော့. . ကြောက်စရာကြီး. . ."

"ဟ! ငါ့ရည်းစားက ချစ်ဖို့အင်မတန်ကောင်းပါတယ်ကွ. . နာမည်ကလည်း လှပါတယ်။ မွေးကြိုင်ပျံ့သင်းတဲ့နေရာမှာ စံထားရလောက်တဲ့ အလှမေပျိုလေးမို့ 'သင်းမေ' လို့ နာမည်ပေးထားတာ. . ."

"အေး. . မင်းဘာသာ လှချင်လှ၊ ပချင်ပ ပလေ့စေ။ ငါကတော့ လန့်တာအမှန်ပဲ။ သင်းမေဆိုတော့. . 'သေမင်း' ပေါ့ကွ. . ."

"အယ်. . ."

ပွဲကြီး၏စကားကြောင့် ရုတ်တရက်ဖြူတုတ် ကြောင်သွားလေတော့၏။

BURMESE CLASSIC .com

"နေပါအုံး. . မင်းတို့က ချိန်းတွေ့မှာလား. . ."

"သီးသန့်ချိန်းတွေ့တာတော့ မဟုတ်ဘူး။ သူတို့အိမ်က ခြေတံရှည်အိမ်ကွ။ မှောင်ရိပ်ခိုပြီး သူရှိတဲ့ အခန်းအောက်ကို အချက်ပေးရင် သူက ဖျဉ်ပြားချပ်ကလေး လှပ်ပြီး ဖွင့်ပေးလိမ့်မယ်။ 'အပျိုပေါက်' ဆိုပါတော့ကွာ။ အဲဒီအပေါက်ကနေ လက်နှိုက်ရမှာ. . ."

တစ်ခါမျှ မကြုံဖူးသေးသည်မို့ ပွဲကြီးပင် ရင်ခုန်သွားရသည်။ ဘယ်လိုမလေ့ကြီးများပါလိမ့်။

"ချကွာ. . ညတောင် အတော်မှောင်လာပြီ။ အတော်နေရင် သွားကြရအောင်. . ."

"အေးပါ ဖြူတုတ်ရာ. . လိုက်ပေးပါ့မယ်။ ဒါထက်. . မင့်ရည်းစားအိမ်မှာ ခွေးတွေဘာတွေရှိနေရင် ပြဿနာနော်. . ."

"ဒီ့အတွက် မပူစမ်းပါနဲ့ ပွဲကြီးရာ. . ငါ့ရည်းစားအိမ်မှာ ရှိတဲ့ခွေးက ငါနဲ့ပြဿနာမရှိပါဘူး. . .။ ငါက. . ခွေးကိုတောင် ပိုင်အောင်ပေါင်းထားတဲ့





ကောင်ကွ. . ."

"ပိုင်ပါ့ကွာ. . ရည်းစားကိုလည်း အပိုင်၊ ခွေးကိုလည်း အပိုင်။ ဒါထက်. . ယောက္ခမတွေကိုကော မပိုင်ဘူးလား. . ."

"အဲ. . အဲဒါတော့ မပိုင်ဘူးကွ။ ယောက္ခထီးကြီးက ခွက်ပုန်းသမားကြီးကွ။ သူကသာ ခွက်ပုန်းဆွဲနေတာ. . . သူ့သမီးရဲ့ရည်းစား ပြောင်ကျကျထန်းရည်ချတာကျတော့ သဘောမကျဘူး ဖြစ်နေတယ်။ သူ့ထက်ဆိုးတာက ယောက္ခမ အမကြီးကွ။ အင်မတန်လည်း စွာတယ်။ သူ့သမီးနဲ့ငါ့ကို လုံးဝသဘောတူတာ မဟုတ်ဘူး။ အာကလည်း ဘားကြမ်းသလဲမမေးနဲ့။ ငါနဲ့လမ်းမှာများ အခန့်မသင့်လို့ဆုံဖြစ်ကြရင်. . ထွီခနဲ. . ထွမ်ခနဲ. . တံတွေးထွေးလို့ ထွေးရဲ့ . . ."

"ဟာ. . ဒါဆို. . မင်း သူတို့ခြံဝင်းထဲဝင်တာသိရင် ကျောက်ပျဉ်နဲ့ဆင်းများထုမလား မသိဘူး. . ."

"ဟာကွာ. . လွဲပါစေ. . ဖယ်ပါစေ။ ဒီမိန်းမကြီးက ငွေအင်မတန်မက်တာကွ။ ငါ့ရည်းစားရဲ့ပြောပုံအရ စပါးပွဲစားဦးဖက်တီးရဲ့သား. . ရှုးကြောင်မူးကြောင် ငပိန်နဲ့ ပေးစားဖို့ ကြံနေတယ်တဲ့။ သူတို့က ငါ့ထက်စာရင် အပုံကြီး ငွေကြေးပြေလည်တယ် မဟုတ်လား. . ."

"ဒီတော့. . မင့်ရည်းစားသင်းမေကကော. . ဘယ်လိုသဘောတဲ့လဲ. . ."

"သူကတော့. . ငါမှငါပါပဲကွာ. . ရှုးကြောင်မူးကြောင် ငပိန်နဲ့ပေးစားရင်. . ငါနဲ့ခိုးရာလိုက်မတဲ့. . ."

"ငပိန့်ကို လက်သင့်ခံတာ မဟုတ်ပါဘူး. . .။ ကိုင်း. . အချိန်အတော်ပဲဟေ့. . သွားကြရအောင်. . ."

ဆိုင်ရှင်ကိုပုလုံးအား ကျသင့်ငွေများကို ရှင်းပြီးနောက် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

သား ရွာအနောက်ဖျားသို့ လျှောက်ခဲ့ကြလေသည်။ ကောင်းကင်မှာတော့ တိမ်ညိုလက်ကျန်တွေ ရှိနေသေးသည်မို့ တစ်ခြမ်းပဲ့နေသော လရောင်အား တိမ်ညိုဆုပ်တွေက ဖုံးအုပ်လိုက်သည်ဆိုလျှင်ပင် အပျိုလူပျိုတို့ သဘာဝ သမီးရည်းစားချိန်းတွေ့ကြသူများအဖို့ လွန်စွာမှနှစ်ခြိုက်ခုံမင်ဖွယ်ရာ အနေအထားမျိုးပင် ဖြစ်လေသတည်း။

မကြာမီမှာပင် အနောက်ဖျားရှိ သင်းမေတို့ ခြံဝင်းထဲသို့ ရောက်သွားခဲ့ကြသည်။ သင်းမေတို့အိမ်မှာ မွန်အိမ်သဖွယ် အမြင့်ဖြစ်၏။ မြင့်သည်မှ. . လူတစ်ရပ်သာသာမက။ အိမ်ခြံပတ်လည်၌ ပုဏ္ဏရိပ်ပင်များကို စည်းရိုးသဖွယ် စိုက်ထားသည်။ အိမ်ဝိုင်းတစ်ခုလုံးအား လရောင်ကို တိမ်ညိုဖုံးသဖြင့် ပိန်းပိတ်အောင် မှောင်နေတော့၏။ တဖန် အခက်အလက်အရွက်များ မြိုင်ဆိုင်စွာ ခွဲဖြာထွက်နေသည့် ပိတောက်ပင်အိုကြီးကြောင့်လည်း အမှောင်သည် ပို၍ရင့်နေပါတော့၏။

"ဝုတ်. . . ဝုတ်"

ခွေးက တစ်ချက်ထိုးဟောင်၏။ သည်ခဏ ဖြူတုတ်က လက်ဖျောက်တီးကာ ခါးပုံစတွင်းထည့်လာသည့် ထန်းလျက်ခဲကို ပစ်ကျွေးလိုက်သည်။ သည်တော့. . ထန်းလျက်ကြိုက်သော သုနက္ခောခမျာ ဟောင်ဖို့ရာကို လုံးဝ သတိမရတော့။

ဖြူတုတ်လက်ကုတ်သဖြင့် ပွကြီးလည်း ဖြူတုတ်နှင့်အတူ သင်းမေတို့ အိမ်အောက်ထပ်သို့ ဝင်သွားခဲ့လေ၏။

"ရှူး. . အဲဒါ. . ငါ့ရည်းစားသင်းမေရဲ့အခန်းပဲ. . ။ ငါ့အရပ်နဲ့ မမီတာမို့ ကူညီတဲ့အနေနဲ့ လေးဘက်ကုန်းပေးကွာ။ မင့်ခါးပေါ် ရပ်မှ အဆင်ပြေမယ်. . ."

ဖြူတုတ်က လေသံတိုးတိုးဖြင့် နှစ်ကိုယ်ကြား ပြောသည်။





ပွကြီး ငြင်း၍မဖြစ်တော့. . . ။သည်အခြေရောက်လာမှတော့ အကျိုးဆောင်ရပေတော့မည်။ သို့ဖြင့်. . မြေပြင်၌ ပုဆိုးကတောင်းကျိုက်ကာ လေးဘက်ထောက်ပေးလိုက်သည်။ ဤတွင် သကောင့်သားဖြူတုတ်သည် ပွကြီးအား ခွေးခြေခုံသဖွယ် သဘောထားလျက် ခြေစုံတက်ရပ်ကာ အပျိုပေါက်ကို စမ်းနေလေသည်။

ထိုခဏ ထန်းလျက်ခဲကို အားပါးတရ တွယ်ပြီးခဲ့လေသော သင်းမေ၏ ခွေးသည် လေးဘက်ထောက်ကာ အရှင်လတ်လတ်ဝင်ဒိုက္ခခံနေရသော ပွကြီးထံအမြီးတနံ့နံ့ဖြင့် ရောက်လာပြီး ဦးစွာပထမ ပွကြီး၏ မျက်နှာကို နမ်းကာ လျှာဖြင့် ပလပ်ပလပ်မြည်အောင် လျက်တော့၏။ ထန်းလျက်သာမက ခွေးထောပတ်ဖြစ်သော လူ့မစင်တို့ကိုပါ စားထားလေသော ခွေးပါးစပ်ကြောင့် ပို၍အနံ့ချင်စရာကောင်းနေတော့၏။ ဝေ့ါခနဲ အန်မချမိစေရန် စိတ်ကို တင်းထားရလေ၏။

ခွေးသည် ထိုမျှလောက်နှင့် လက်စသတ်ချင်ဟန် မတူချေ။

ပွကြီး၏မျက်နှာကို အားပါးတရ လျက်ပြီးသည့်နောက် လည်ပင်းကို လျက်ပြန်၏။ လည်ပင်းပြီးလေသော်. . ခါး၊ တင်ပါးတို့ထံ တဆင့်ပြီးတဆင့် ဖြတ်သန်းပြန်ပါလေ၏။ သည့်နောက် ပေါင်၊ ခြေသလုံး၊ ခြေဖဝါး. . အားပါးပါး. . ယားလှချည့်။ ယားသည်ဆိုပြီး ထိုးထိုးတွန့်တွန့်နှင့် တွန့်ခါလိုက်ပါက

"ဘယ် သေချင်းဆိုး. . ကာလနာ၊ မိမစစ်. . ဖမစစ်၊ အမျိုးယုတ်ပဲဟေ့. . . အိပ်လို့ကောင်းတုန်း. . ငါ့ဖင်ကို လာဆိတ်တာ. . . ။သိကြရောပေါ့ဟာ. . 'ကြာတင်' ကို ဘာထင်သလဲ။ ရွာစဉ်တလျှောက် နာမည်တစ်လုံးခဲ့နေတာ. . ."

သည်အသံကြောင့် သကောင့်သားဖြူတုတ်လည်း မျက်ဖြူဆိုက်ကာ ဝုန်းခနဲ ပြုတ်ကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ပွကြီးရေ. . ပြေးကြမယ်ဟေ့. . အခြေအနေက မဟန်ဘူး"

သည်သို့ သတိပေးပြောဆိုရင်း သူကိုယ်တိုင် ရှေ့ဆုံးမှ ဦးဆောင်လစ်လေရာ. . ပွကြီးလည်း နောက်မှ ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် သုတ်ခြေတင်ရပါတော့၏။ တာလမ်းပေါ် ရောက်မှပင် ပြေးလွှားခြင်းကို ရပ်တံ့ကာ အမောဖြေရတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ. . ဖြူတုတ်ရာ. . ."

"ရှိုး. . ပြောကိုမပြောချင်တော့ပါဘူးကွာ. . ငါကိုက သတိမေ့တာ၊ ဒီကနေ့. . သင်းမေ. . ကျူတောရိုးအလှူကိုသွားမယ်ဆိုတာ မေ့နေတယ်။ ယောက္ခမလောင်းကြီးကလည်းကွာ သူ့အခန်းသူမအိပ်ဘဲ သင်းမေအခန်းလာအိပ်ရတယ်လို့. . .။ငါက သင်းမေမရှိတာကို ရှိတယ်မှတ်ပြီး သွားစမ်းမိတာကွ. . ."

"အေး. . မင်းသာ ဒုက္ခရောက်တာ မဟုတ်ဘူး။ ငါလည်း ဒုက္ခရောက်တာပဲ ဖြူတုတ်. . ."

သည်သို့စကားခံပြီး သင်းမေတို့ခွေး၏ နသားပါရလုပ်မှုများကို ပြောပြလေရာ ဖြူတုတ်လည်း အားပါးတရရယ်မောလေတော့၏။

"အဟီး. . ဟီး. . သင်းမေရဲ့ခွေးက တော်သလင်းတုန်းက အရှိန်တွေ မပြေသေးလို့ထင်ပါရဲ့ကွာ. . ဟား. . ဟား. . ဟား. ."

ပွကြီးအဖို့ ဖြူတုတ်လို အားပါးတရ မရယ်နိုင်ဘဲ မျက်နှာရှုံ့မဲ့နေမိပါတော့သတည်း။

◆◆◆◆◆◆◆◆





ရွှေပန်းတောမှ ပြန်ရောက်လာပြီး သိပ်မကြာခင်မှာပင် ပါလေရာပွကြီးတစ်ယောက် ရန်ကုန်သို့ မထင်မှတ်ဘဲ ရောက်ခဲ့ရပြန်ပါပြီ။ ကိစ္စကတော့ ဖိုးလေးစံမြတို့ အလှူပွဲအတွက် မြို့တက်ကာ သက်န်းပရိက္ခရာများကို လိုက်လံဝယ်ယူပေးဖို့ပဲဖြစ်သည်။ အလှူရက်က နည်းနည်းတော့လိုပါသေး။ သည့်အတွက် ရန်ကုန်သို့ ရောက်တုန်းရောက်ခိုက် ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်ရှိတန်ခိုးကြီးဘုရားများကို အားပါးတရ စရိတ်ငြိမ်းဖူးမြော်ခွင့်ရလေမည်မို့ ပါလေရာပွကြီးအတွက်တော့ အတော်လေးကို ဟန်ကျနေတော့၏။

"ဟိုရောက်ရင်. . တည်းဖို့ခိုဖို့ ဘာမှပူစရာမလိုပါဘူးကွာ. . တို့ရွာသားသိန်းဖေကြီး ရန်ကုန်မှာ ကုန်စုံဆိုင်ဖွင့်ရင်းကြီးပွားနေတာကွ။ သူ့ကိုလည်း အလှူဖိတ်ရင်း. . သူ့ဆီမှာပဲ တည်းကြတာပေါ့. . ."

ပွကြီးနှင့်အတူ ရန်ကုန်ကိုလိုက်မည့် ကျင်ငွေက ဘာမျှစိတ်စနိုးစနောင့်မဖြစ်ရန် စကားခင်း၏။

ကိစ္စမရှိ. . .။

ပွကြီးတို့က ရောက်လေရာနေရာတွင် ဖြစ်တတ်အောင်နေ၍ တွေ့သည့်လူနှင့်လည်း ပလဲန့်ပသင့်အောင်ပေါင်းတတ်၊ နေတတ်၊ စားတတ်သည်မို့ ဘာမျှအပူမပင်မရှိ။ ကျင်ငွေပြောဆိုသည့်အတိုင်းပင်. . ပွကြီးတို့ရွာသားဖြစ်


www.burmeseclassic.com

www.burmeseclassic.com

သော ဦးသိန်းဇံကြီးတို့၏နေအိမ်တွင် တည်းခိုကြ၏။ ရွာမှထွက်လာကတည်းက ဖိုးလေးစံမြတို့က သွားစရိတ်၊ လာစရိတ်၊ စားစရိတ်၊ သောက်စရိတ်တို့ကို အပြည့်အစုံပေးထားခဲ့လေသည်မို့. . ဦးသိန်းဇံတို့အိမ်မှာ ညအိပ်သာတည်းခိုသည်။ စားသောက်တော့ ကိုကျင်ငွေနှင့်နှစ်ယောက်သား အပြင်မှာ ထွက်စားကြသည်။ သည်တော့. . . ဦးသိန်းဇံသာမက သူ့မိန်းမ မတရုတ်မပါ ကြည်ကြည်ဖြူဖြူရှိကြသည်။

ပွဲကြီးတို့နှစ်ယောက်သားသည် ပုဇွန်တောင်ရှိ ဟိုင်းမင်း-သက်န်းပရိက္ခရာတိုက်သို့သွားကာ လိုအပ်သောပစ္စည်းပစ္စယတို့ကို ပြည့်ပြည့်စုံစုံဝယ်ယူကြလေ၏။ ဆိုင်ရှင်ဆရာကြီးဦးမျိုးမြင့်တို့ ဇနီးမောင်နှံကလည်း မှန်ကန်သောပစ္စည်းများကို ဈေးနှုန်းအမြတ်များစွာ မတင်ဘဲ. . မလျှော့တတ်ဈေးရောင်းဆိုသည့်စကားအတိုင်း စေတနာအပြည့်ဖြင့် ရောင်းချပေးသဖြင့် အစစအရာရာ အဆင်ပြေလှသည်။ ဝယ်ယူလာသောပစ္စည်းများကို ဦးသိန်းဇံတို့အိမ်၌ ခေတ္တထား၏။

ပွဲကြီးတို့နှစ်ယောက်သား ရန်ကုန်သို့ရောက်တုန်းရောက်ခိုက် လည်စရာပတ်စရာရှိသည်များကို နေရာနှံ့အောင်လည်ပတ်ပြီးလေရကား. . နောက်တစ်ရက်ဆိုလျှင်ဖြင့် ရွာပြန်ကြဖို့ စီစဉ်ကြလေတော့၏။ ထိုစဉ်မှာပင် ဦးသိန်းဇံနှင့် မတရုတ်မတို့လင်မယား ပွစိပွစိ ဖြစ်နေကြသည်နှင့် ကြုံရလေတော့၏။

"ဒီတစ်ခါတော့. . . ရှင့်တွက်ကိန်းတွေ အလွဲကြီးလွဲချော်သွားတာ ကိုသိန်းဇံ. . ."

"ဟ. . ငါလုပ်တာ ဘယ်မှာလွဲဖူးလို့လဲ. . . ဘယ်ကုန်ပဲတင်တင် မြတ်တာချည်းပဲ မဟုတ်လား. . အဲ- အမြတ်ကြီးနဲ့ အမြတ်လေး ကွာဟတာကလွဲလို့ပေါ့. . ."





"တော်ပါ. . မြတ်ဖို့နေနေသာသာ။ တစ်ခုမှတောင် ရောင်းမထွက်ဘဲ ပုံနေတာ ရှင်မမြင်ဘူးလား. . ."

"ဟ. . ဘယ်ပစ္စည်းလဲ. . . ရောင်းမထွက်တာ. . ."

"ရှင်. . လောဘကြီးနဲ့လှောင်ထားတဲ့ ဝမ်းပိတ်ဆေးပုလင်းတွေနဲ့ ဓာတ်ဆားထုပ်တွေလေ. . .။ တစ်ခုမှ ရောင်းမထွက်ဘူး။ အဲဒီအတွက် ငွေတွေအိပ်နေတယ်။ ငွေအိပ်တာထက် ရက်လွန်တွေဖြစ်သွားမှ ကိုယ်ကျိုးနည်းရောပဲ. . ."

"အယ်. . ဟုတ်ပါရဲ့. . ."

မတရုတ်မ၏စကားက ဦးသိန်းဇံ၏အရှိုက်တည့်တည့်ကို ထိသွားပုံရ၏။ ဦးသိန်းဇံခမျာ ကြက်ကြီးလည်လိမ်ထားသလိုမျိုး ဖြစ်သွားရချေသည်။

"ဟူး. . မင်းပြောတာ ဟုတ်ပါရဲ့ကွာ. .။ ငါလည်း ဆေးဆိုင်က အပေါင်းအသင်းမန်နေဂျာက ပစ္စည်းတွေရှင်းမယ်ဆိုတာနဲ့ သိမ်းကြုံးပြီး ဝယ်ထားလိုက်တာ. . .။ ခုထိ ရောင်းမထွက်ဘူးဆိုတော့ အကျိုးနည်းပါပြီကွာ. . .။ အရင်းအနှီးက နည်းတာမဟုတ်ဘူး. . ."

သည်စကားကြားရတော့. . ပွဲကြီး တွေခနဲဖြစ်သွားသည်။ ပြီးတော့ သေသေချာချာစဉ်းစားလိုက်သည်။

ဟုတ်ပြီ. . .။

ပွဲကြီးခေါင်းထဲ လက်ခနဲဖြစ်သွားသည်။ သည့်အတွက် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ဖြင့် ဦးသိန်းဇံတို့ လင်မယားကြားထဲ ဝင်လိုက်သည်။

"ဗျို့. . ဦးသိန်းဇံ. . အဲဒီရောင်းမထွက်ဘူးဆိုတဲ့ ဝမ်းပိတ်ဆေးပုလင်းတွေနဲ့ ဓာတ်ဆားထုပ်တွေ တစ်ခုမကျန်ရောင်းထွက်အောင် ကျွန်တော်နဲ့ ကိုကျင်ငွေတို့ လုပ်ပေးမယ်။ ရောင်းလို့ကုန်ရင်. . ကျွန်တော်တို့နှစ်ယောက်ကို ယုံချည်တစ်ထည်စီ ဆုချမလား. . ."


www.burmeseclassic.com

www.burmeseclassic.com

ပွဲကြီး၏စကားကြောင့် မတရုတ်မ၏မျက်နှာမှာ ဝင်းလက်သွားသကဲ့သို့ ကြက်ကြီးလည်လိမ်ဖြစ်နေသော ဦးသိန်းဖံမှာလည်း ပြုံးရွှင်သွားတော့သည်။

"ဟာ! ဒါဖြင့် လုပ်ပေးစမ်းပါ ပွဲကြီးရာ. . လုံချည်တင်မကဘူး. . မင်းတို့ရွာပြန်ဖို့ သင်္ဘောဆိပ်ဆင်းတဲ့အခါ ဒံပေါက်ထုပ်တွေ ဝယ်ပေးလိုက်အုံးမယ်"

"ဟုတ်တယ်. . လုပ်ပေးစမ်းပါ ငါ့တူရယ်"

ဦးသိန်းဖံနှင့် မတရုတ်မတို့မှာ ကယ်တင်ရှင်လုပ်မည့် ပွဲကြီးအားအားကိုးတကြီး ဖြစ်လာကြသည်။ ကိုကျောင်ငွေကတော့. . . ပွဲကြီး ဘယ်လိုမှပြောမထား၍ အူကြောင်ကြောင်ဖြစ်နေသည်။

"ဟကောင်. . ပွဲကြီး၊ ငါက. . ဘယ်လိုလုပ်ရမှာတုန်း. . အဲဒီပစ္စည်းတွေအကုန်ဝယ်သွားရမှာလား. . .။ မဖြစ်ဘူးထင်တယ်နော်. . ငါ့ဆီမှာအပြန်စရိတ်သာသာပဲရှိတော့တာ. . ."

"မပူစမ်းပါနဲ့ဗျာ. . . အကြံကောင်းတော့ တစ်ချက်ပါဗျ. . .။ကျုပ်ခင်ဗျားကို ဘာလုပ်ရမယ်ဆိုတာ. . အေးအေးဆေးဆေးပြောပြမယ်။ ကျုပ်စီစဉ်အကွက်ချသလိုပါ ပီပီပြင်ပြင်နဲ့ လွဲချော်မှုမရှိအောင်သာလုပ်. . ကျုပ်တို့ရွာအပြန်မှာ လုံချည်တစ်ထည်စီလည်းရမယ်။ ဒံပေါက်ကိုလည်း သင်္ဘောပေါ်မှာ တစ်ဝဟဲသွားရမယ်။

ကိုင်း. . မတရုတ်မ. . ကျွန်တော့်ကို ဝမ်းပိတ်ဆေးပုလင်း ငါးပုလင်းနဲ့ ဓာတ်ဆားထုပ်တစ်ဒါဇင်ပေးလိုက်ချေ. . ."

မတရုတ်မက ဝမ်းသာအားရဖြင့် ပွဲကြီးတောင်းခံသည်တို့အား မှန်ဘီရိုရှိုးကေ့စ်ထဲမှ ထုတ်ယူပေးလိုက်လေသည်။

"ကိုင်း. . လာဗျို့ ကိုကျောင်ငွေ. . ကျုပ်တို့ အစီအစဉ်လေး စလိုက်





ကြရအောင်. . .။ ဝတ်စားဆင်ယင်ပုံနဲ့ ပြောပုံဆိုပုံတွေကို သင်ပေးရအုံးမယ်"

သို့ဆိုလျက်. . အိမ်ရှေ့ခန်းဝယ်. . ပွဲကြီးနှင့် ကိုကျောင်ငွေတို့ ခေါင်းချင်းဆိုင်ကာ စကားတွေ တွတ်ထိုးနေကြလေတော့၏။

◆◆◆◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

“မင်းတကာ...ဒါပဲ ပါလားကွာ
ရနိုင်ရင်
ငါက များများလိုချင်တာ။
ငါတို့ရွာမှာ ဝမ်းရောဂါကူးစက်နေလို့
အများကြီး ဝယ်သွားရချင်တယ်...
ဆေးပုလင်းတစ်ပုလင်းကို
အမြတ်နှစ်ရာပေးမယ်။
ဖက်ဆေးလုပ်ကတော့...
တစ်ထုပ်ကို ငါးဆယ်အမြတ်ယူကွာ...
ကျေနပ်လား...”





သည်နေရာကား. . . မှောင်ခိုသမားအမျိုးမျိုးတို့ ကျင်လည်ကျက်စားရာနေရာဖြစ်လေသည်။ အထူးသဖြင့် ဆေးဝါးအရောင်းအဝယ်လုပ်စားသူ၊ တန်းစီတိုးစားသူတွေ ခြေချင်းလိမ်တတ်ကြသော နေရာလည်းဖြစ်၏။

ထိုနေရာသို့ လွယ်အိတ်တစ်လုံးဖြင့် ပွကြီးရောက်သွား၏။

ထိုနေရာ၌ အမြဲတစေ ကျင်လည်ကျက်စားကြကုန်သော တန်းစီတိုးစားမှောင်ခိုသမားတွေအဖို့ ပွကြီးသည် မျက်နှာစိမ်းဖြစ်နေ၍ မသိမသာအကဲခတ်နေကြ၏။ ဆေးဝယ်မည့်သူလား. . ဆေးရောင်းမည့်သူလားဟူ၍ စူးစမ်းသောအကြည့်ဖြင့် ကြည့်နေကြ၏။ ဤတွင် သွက်လက်ချက်ချာဟန်ရှိသော မှောင်ခိုတစ်ယောက်က ပွကြီးအပါးသို့ လျှောက်လာပြီး စကားစလိုက်၏။

“ဟေ့. . ငါ့ညီ၊ ဘာရောင်းဖို့ပါလဲ. . ။ ရောင်းဖို့မဟုတ်ရင် ဘာဆေးတွေလိုချင်သလဲ. . . ”

“ဘာဆေးမှ မလိုပါဘူးဗျာ. . ကျွန်တော့်အသိတစ်ယောက်က ရောင်းခိုင်းလို့. . ဒီနေရာကို ထွက်လာတာ. . . ”

“ဩော်. . . ငါ့ညီက ဒီလောကသားမဟုတ်ဘဲကိုး။ ပြစမ်းပါအုံး. . ဘာဆေးတွေများပါလိမ့်. . . ”



www.burmeseclassic.com

www.burmeseclassic.com


"ဟော. . ဒီမှာလေ. . ."

ပွဲကြီးက လွယ်အိတ်ထဲမှ ဝမ်းပိတ်ဆေးတစ်ပုလင်းနှင့် ဓာတ်ဆား တစ်ထုပ်ကို ထုတ်ပြလိုက်၏။

"များများစားစားလည်း မဟုတ်ပါဘူးဗျာ. . ဆေးပုလင်း (၅)ပုလင်း နဲ့ ဓာတ်ဆားထုပ်က တစ်ဒါဇင်တည်းရယ်ပါ. . ."

မှောင်ခိုက. . ပွဲကြီးပြသည့်ပစ္စည်းတို့ကို မြင်လျှင်မြင်ချင်းပင် မျက်နှာရှုံ့မဲ့သွားလေတော့သည်။

"ဟ-ငါ့ညီဟာက ဘယ်သူမှ မေးမြန်းဝယ်ယူမှုမရှိတဲ့ ပစ္စည်းတွေပဲ။ တစ်လောက ဆေးဆိုင်ဂိုဒေါင်ရှင်းတော့. . အဲသည်ပစ္စည်းလက်ကျန်တွေကို ကိုယ့်တို့အသိ ကုန်စုံဆိုင်ပိုင်ရှင် ဦးသိန်းဇံဆိုတဲ့လူ သိမ်းကြုံးပြီးဝယ်သွားတာလေ. . ဝယ်လက်တစ်ယောက်မှ မရှိလို့ သူ့ဆီမှာပုံနေတာ. . ."

"မသိပါဘူးအစ်ကိုရာ. . ကျွန်တော့်အသိက ကျွန်တော်အသုံးပြုတ်နေတာသိလို့. . ဒါလေးရောင်းသုံးဆိုပြီး ပေးလိုက်လို့ မအူမလည်နဲ့ ရောက်လာတာပါ။ အစ်ကို. . သင့်တဲ့ဈေးဖြတ်ပြီး ယူထားလိုက်ပါလားဗျာ. . ."

ပွဲကြီးက မျက်နှာလေးငယ်ငယ်ဖြင့် မှောင်ခိုအား အသနားခံသလိုမျိုး ပြောလိုက်သည်။

"မလုပ်ပါနဲ့ကွာ. . ငါ့ဆီမှာပုံပြီး အရင်းထဲက ပဲ့သွားပါလိမ့်မယ်။ အရောင်းသွက်လို့ကတော့ ဦးသိန်းဇံဆိုင်ပြေးပြီပေါ့ကွာ. . ."

ထိုခဏ. . ထီးတစ်ချောင်းကို ချိုင်းကြားညှပ်လျက် ဆေးပြင်းလိပ်ခဲကာ တဘက်ကြီးခေါင်းပေါင်းရင်း လွယ်အိတ်ကြီးလွယ်ထားသော တောသားကြီးတစ်ဦး သူတို့ထံလျှောက်လာသည်။ ဤသို့ မှောင်ခိုအချို့ကလည်း ထိုတောသားကြီးထံပါး မယောင်မလည် ဝိုင်းအုံရောက်ရှိလာခဲ့ကြ၏။

"ဗျို့. . ဆရာကြီး၊ ဘာပစ္စည်းများ အလိုရှိပါလိမ့်. . အားဆေးအစုံ ရှိတယ်. . ပစ္စည်းမှန်. . ဈေးမှန်နဲ့ပေးလိုက်မယ်. ."

"ငါလိုချင်တာ. . အားဆေးမဟုတ်ဘူးကွ. . ဝမ်းပိတ်ဆေးနဲ့ ဓာတ်ဆားထုပ်. . ."

"ဟာ! ကျွန်. . ကျွန်တော့်မှာ ရှိတယ်။ ကျွန်တော့်မှာ ရှိတယ်"

ပွဲကြီးက ဝမ်းသာအားရဖြင့်ပြောလေတော့ ဝိုင်းအုံနေသော မှောင်ခိုသမားများမှာ ပါးစပ်အဟောင်းသားဖြစ်သွားကြလေ၏။

"ပေးစမ်းကွာ. . ."

တောသားကြီး၏စကားကြောင့် ပွဲကြီးလည်း ဝမ်းသာအားရ ထုတ်ပေးလိုက်သည်။

တောသားကြီးသည် ဆေးပုလင်းနှင့်ဓာတ်ဆားထုပ်ကို သေသေချာချာကြည့်၏။ ပြီးနောက်. . .

"မင်းဟာက ဒါပဲ ပါသလားကွ။ ရနိုင်ရင်. . ငါက များများလိုချင်တာ။ ငါတို့ရွာမှာ ဝမ်းတွေဒုက္ခပေးနေလို့. . အများကြီးဝယ်သွားချင်တယ်။ ဆေးပုလင်းတစ်ပုလင်းကို အမြတ်နှစ်ရာပေးမယ်။ ဓာတ်ဆားထုပ်ကတော့ တစ်ထုပ်ကို ငါးဆယ်အမြတ်ယူကွာ. . ကျေနပ်လား. . ."

"ရပါတယ် ခင်ဗျာ. . ကျေနပ်ပါတယ်. . ."

တောသားကြီးထုတ်ပေးသော ငွေအား ပွဲကြီးလည်း ဝမ်းသာအားရ လှမ်းယူလိုက်လေ၏။

"ဟေ့ကောင်လေး. . ဒီဆေးတွေ ထပ်လိုချင်သေးတယ်။ ရနိုင်သလောက်သွားဆွဲလာခဲ့ကွာ. . . မင်းအပေါင်းအသင်းတွေမှာ အဲဒီဆေးတွေ ရှိရင် ခေါ်သာလာခဲ့. . .။ငါပေးတဲ့ဈေးကို လက်ခံရင်. . အကုန်လုံးဝယ်သွားချင်တယ်. . .။ ငါ. . ဟောဟို ကော်ဖီဆိုင်က စောင့်နေမယ်. . ဟုတ်ပလား"

သည်သို့ပြောဆိုပြီး တောသားကြီးလည်း ကော်ဖီဆိုင်သို့ ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။ ဤ၌ ပွဲကြီးသည် ၎င်းအားစကားလာပြောသော မှောင်ခိုအား စကားစလိုက်သည်။

"အစ်ကိုကြီးရာ. . ကျွန်တော်တော့ ကံကောင်းတာပဲ. . ။ ဒါထက် အစ်ကိုကြီးစောစောက ဦးသိန်းဇံကုန်စုံဆိုင်ဆိုတာ ဘယ်မှာလဲ. . . ။အဲဒီကို သွားချင်တယ်. . . "

"ဟာကွာ. . မသိဘူး. . . ။မင်းဘာသာ သိချင်ရင် စုံစမ်းပေါ့ကွ"

စောစောကလို သာယာညင်းပျောင်းမှုမရှိဘဲ မာမာထန်ထန်ပြော ဆိုရင်း အနီးမှ လှစ်ခနဲ ထွက်သွားလေ၏။ ထိုမှောင်ခိုသာမဟုတ်. . . ။ ကျန်သောမှောင်ခိုတွေမှာလည်း အသီးသီးအလျှိုလျှိုနှင့်နေရာမှ ပျောက်သွား ကြလေ၏။ ပွဲကြီးသာလျှင် ယောင်နနဖြင့် ကျန်ရစ်ခဲ့လေ၏။

မှောင်ခိုသမားတွေ ကင်းရှင်းသွားလေသော် ပွဲကြီးလည်း ကော်ဖီ ဆိုင်ထဲလှမ်းဝင်လိုက်၏။ ထိုအချိန်ဝယ် တောသားကြီးဟန်ဆောင်ထားသော ကိုကျင်ငွေခမျာ ဝတ်စားဆင်ယင်မှုတွေ ပြောင်းပြီးသားဖြစ်နေ၏။

"ကိုင်း. . ကိုကျင်ငွေရေ. . မြို့ထဲလှည့်ပြီး ရုပ်ရှင်ကြည့်မယ်ဗျာ။ ပြီးမှ. . ဦးလေးသိန်းဇံတို့ဆီ ပြန်ကြတာပေါ့. . . "

"အေး. . ကောင်းဘယ်ပွဲကြီး. . , ကောင်းတယ်"

ပွဲကြီးနှင့် ကိုကျင်ငွေတို့ ရုပ်ရှင်ကြည့်ရန် ထွက်သွားကြချိန်ဝယ်. . ဦးသိန်းဇံ မတရုတ်မတို့၏ ကုန်စုံဆိုင်၌ မှောင်ခိုသမားတစ်စုသည် ရောင်းမ ကုန်၍ ဘီရိုအတွင်း အိပ်မောကျနေသော ဝမ်းပိတ်ဆေးပုလင်းနှင့် ဓာတ် ဆားထုပ်များအား တစ်ပုလင်းမကျန်၊ တစ်ထုပ်မကျန် အလုအယက်ဝယ်ယူ ကြလေရာ ခဏလေးနှင့် ပြောင်တလင်းခါသွား၍ ဦးသိန်းဇံမှာလည်း တပြုံး ပြုံး၊ မတရုတ်မမှာလည်း တဟီးဟီး. . . ။

"ပွဲကြီးတို့ရဲ့ရိုက်ချက်ကတော့ ကွက်တိပဲဟေ့. . ဒီကောင့် ဦးနှောက်





ရွှေချထားဖို့ ကောင်းတယ်. . . "

"ရွှေချဖို့မလိုပါဘူးတော်. . . လုံချည်နဲ့ ဒံပေါက်ထုပ် ဝယ်ပေး လိုက်ပါ. . . "

"အေးပါကွာ. . အေးပါ. . "

ဈေးကွက်နေရာသို့ ပြန်လည်ရောက်ရှိလာကြသော ဆေးမှောင်ခို တစ်စုမှာဖြင့် ဝမ်းပိတ်ဆေးပုလင်းများ၊ ဓာတ်ဆားထုပ်များကိုကိုင်လျက် ငိုင်တွေ မှိုင်တွေလျှက် ရှိကုတ်ကြလေသည်တကား။

◆◆◆◆◆◆◆◆


www.burmeseclassic.com

www.burmeseclassic.com

"ဟီး..ဟီး..ဟီး...

ဝက်မြီးကို မြင်ဖူးတယ်...

တစ်ခေါက်ကလေးမှ

အငြိမ်မနေဘူး။

သဘောပေါက်ပြီ..သဘောပေါက်ပြီ။

'ဝေါင်မင်း' ဟာကလည်း...

ဝက်မြီးပဲ ဖြစ်ချေရမယ် အစ်ကိုပွကြီး..."



ကိုယ့်ရပ်ကိုယ့်ရွာမှာတော့. . ကာလသားအသိုင်းအဝိုင်းဝယ် ပွကြီးဆိုသည်ကား ဆရာကြီးတစ်ဆူပါပေ။ လူငယ်ကာလသားတွေကို အစစအရာရာ ဦးဆောင်နေသော်လည်း ရည်းစားသနာဟူ၍ သူ့မှာမရှိသေး။ ရှိအောင်လည်း. . မကြိုးစား။ အချိန်တန်တော့လည်း. . သူ့ဟာနှင့်သူ ဖြစ်သွားလိမ့်မည်ဟု သဘောထားလျက် ဘဝကို ရယ်မောပျော်ရွှင်ခြင်းဖြင့် ဖြတ်သန်းနေခဲ့လေသည်။

တစ်ရက်. . . 'ဝေါင်မင်း' ဆိုသည့် တရုတ်သွေးအပြည့်ပါသော ပုပုကွကွ အသားဖြူဖြူ လူပျိုပေါက်တရုတ်ကလေးတစ်ယောက် ပွကြီးထိုင်နေကျဆန်းတဲသို့ ဝိုးကြည်နှင့် လိုက်လာသည်။ ဝေါင်မင်းကို ပွကြီးမသိမဟုတ်။ သိသည်။ သိဆို. . ပွကြီးတို့ရွာရှိ ကုန်စုံဆိုင်ပိုင်ရှင် ပေါက်ဖော်ကြီး ဦးအရှောင်နှင့် တရုတ်မကြီး ဒေါ်အစိယားတို့၏ တစ်ဦးတည်းသောသား မဟုတ်လား။ သို့ရာတွင်. . ရင်းရင်းနှီးနှီးမဟုတ်။ မကြာခဏကုန်စုံဆိုင်သို့ ဆေးလိပ်ကလေးဘာလေး သွားဝယ်တိုင်း တွေ့တွေ့နေကြမို့ သာမာန်တရုတ်ချာတိတ်ကလေးပဲဟုသာ သဘောထားခဲ့သည်။

ခုတော့. . ဝေါင်မင်းသည် ပီဘိ ချာတိတ်ကလေး မဟုတ်တော့။ ပါးပြင်နှစ်ဖက်ပေါ်တွင် ဝက်ခြံပုန်းတွေ မင်းမူကာ အသည်းသည်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကာလသားပေါက်တစ်ယောက်ဖြစ်လာပြီး ထန်းရည်အရသာကို မြည်းစမ်းကြည့်သည့်အဆင့်ထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

"ဟေ့ကောင်. . ပွဲကြီး. . .။ ဒါ. . ငါ့ချာတိတ်ကွ. . နာမည်က 'ဝေါင်မင်း' တဲ့. . မှတ်ထား. . ."

"သိပါတယ်ကွာ. . ပေါက်ဖော်အရှောင်နှင့် ဒေါ်အစိယားတို့ရဲ့သားပဲဟာ၊ အဲဒါ. . ငါက ဘာလုပ်ရမှာလဲ. . ."

"မင်းကို အကူအညီလာတောင်းတာကွ. . မင်းက ကိုယ်တိုင်သာ ဘာမှအဖြစ်ရှိအောင်မလုပ်တာ. . . ရည်းစားစာ အရေးကောင်းတဲ့နေရာမှာတော့ တကယ့်ကို ထိပ်ပဲ။ မင်းရည်းစားစာအရေးကောင်းလို့ စွံသွားကြသူတွေ ဆိုတာ. . တစ်ပုံကြီး. . ."

"အေး. . အဲဒါ ဘာဖြစ်လဲ. . ."

"ဘာဖြစ်ရမှာလဲကွ. . ငါ့ကောင်လေး ဝေါင်မင်းက သူတို့အိမ်နဲ့ မျက်စောင်းထိုးအိမ်က ငတိမကလေးကို မျက်စိကျနေတယ်. . .။အဲဒါ ရည်းစားစာမရေးတတ်လို့တဲ့. . .။ ငါ့ကို အကူအညီတောင်းတယ်။ ငါကလည်း မင်းသိတဲ့အတိုင်း. . ရည်းစားစာမပြောနဲ့. . ကကြီးကနေ အ-အထိတောင်ရတဲ့သူ မဟုတ်လေတော့. . မင်းကိုပြေးမြင်ပြီး လာ အကူအညီတောင်းတာ ပွဲကြီးရဲ့"

"ဟုတ်ပါသယ် အစ်ကိုပွဲကြီးရယ်. . . ကျွန်သော့်ကို ကူညီပါဗျာ. . . ကျွန်သော် ကျေးဇူးမမေ့သတ်ပါဘူး. . ."

ဝေါင်မင်းကလည်း ကျိုးနွံ့နွံ့ဖြင့် စကားခံလာသည်။ ဝေါင်မင်းက တရုတ်မို့လား မသိ။ စကားသိပ်မပီလှ။ အထူးသဖြင့် 'တ' ကို. . သ၊ 'သ' ကို. . တ-အသံ ထွက်နေသည်။ ဖိုးကြေည်က ပွဲကြီး၏မျက်နှာကို စေ့စေ့ကြည့်လျက် မေးဆတ်ပြ၏။ သဘောကတော့. . 'ကူညီလိုက်ပါ ပွဲကြီးရာ. . ငတိလေးက အမြင့်ရွှင်နေတာ. . စွံအောင်လုပ်ပေးလိုက်တော့ အမြတ်





တားရော. ." ဆိုသည့်သဘော။

"ကျွန်သော်. . တူကို တိတ်ချစ်နေလို့ပါ. .

ကျွန်သော့် အချစ်ကို တူတိတ်အောင် ရည်းစားစာ ဘယ်လိုရေးရမှန်းမတိ၊ ရေးလည်းမရေးသတ်သာနဲ့ အစ်ကိုပွဲကြီးကို ကိုဖိုးကြေည်ကသဆင့် အကူအညီသောင်းရသာပါ. . .။

ကိုင်း. . သောက်ချင်တလောက်သောက်၊ စားချင်တလောက်စား ကျွန်သော် သဝိုင်းလုံးကို သာဝန်ယူပါသယ်. . ."

သည်တော့လည်း ပွဲကြီးအဖို့ ဖိုးကျိုင်းတုတ်ဖြစ်ရပြန်လေသည်ပေါ့။

"ငါ. . ရေးပေးတာတော့ ဟုတ်ပါပြီ. .။ စာကို ဘယ်လိုပေးမှာလဲ ဝေါင်မင်း. . ."

"မပူပါနဲ့ အစ်ကိုပွဲကြီး. . .

ကျွန်သော့်ကောင်မလေးရဲ့ ခြေရင်းအိမ်မှာ ရှာကျောင်းသက်နေတဲ့ ချာသိပ် သယောက်ရှိတယ်။ တူက မုန့်ဖိုးပေးရင် စာပေး. . ပေးမတဲ့. . .။ ပေးကမ်းခြင်းတည် အောင်မြင်ရာ၏' ဆိုတလိုပေါ့ အစ်ကိုရယ်. . ."

ငတိကလည်း. . အလာသား။ သူ့လိုဘပြည့်ဖို့အတွက် ဘယ်သူ့ကို ဘယ်လိုမျိုး လာဘ်ထိုးရသည်ကို ပြည်ကြီးသွေးပါသူပီပီ သဘောပေါက်နားလည်လွန်းလှ ချေသည်တကား။

ခုပဲ. . . ကြည့်။

သူတိုက်ကျွေးလေသော အရည်တို့၊ အဖတ်တို့က လည်ချောင်းမှ တဆင့် အစာအိမ်ဝမ်းအတွင်း အနယ်ထိုင်းလေပြီဆိုတော့ ပွဲကြီးလည်း သူ ကြုံတွေ့ခဲ့ဖူးလေသော အချစ်ဝတ္ထုတွေထဲမှ စာသားနုနုရွရွ လှလှပပကလေးများကို နောက်ခံပြုကာ ရေးပေးရပြန်ပါတော့သည်။

"သောက်! သော်သော်လေးကောင်းသဲ့ စာလုံးလေးသွေပါပဲလား



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရာ. . ကောင်မလေးမပြောနဲ့. . ။ကျွန်သော်သောင်မှ စာဖတ်ပြီး ပြီးချင်းအသော်လေးကို ကြွေနေပြီ. . . ”

ရည်းစားစာပေးမယ့် ကာယကံရှင်က နှစ်သက်လက်ခံသည်ဆိုတော့လည်း ပါလေရာပွကြီးအဖို့ သူ့အားထုတ်မှုအပေါ်တွင် သူကျေနပ်ပီတိ ဖြစ်ရသည်။

နောက်ရက်. . ဝေါင်မင်း ပေါက်ချလာသည်။

အံမယ်. . လက်ချည်းသက်သက်မဟုတ်။ ဝက်အူချောင်းတွေ ကြော်လာသည်။ အဟမ်း. . . ။ ထန်းရည်ခါးနဲ့တော့ လိုက်မှလိုက်. . ကောင်းမှကောင်း။

“ဟေ့ကောင်. . ဝေါင်မင်း၊ အခြေအနေဘယ်လိုလဲ. . . ”

“ဘယ်လိုနေရမလဲ. . ကောင်းတမှုသကယ့်ကိုကောင်းပဲ အစ်ကိုပွကြီးရဲ့. . . ။ ချာတိတ်ကလေးကို မုန့်ဖိုး သရာပေးပြီး ခိုင်းလိုက်သာ. . ကောင်မလေးဆီ ရောက်သွားသာပေါ့. . အစ်ကိုရာ. . . ”

“အေး. . ရောက်သွားတော့. . ဘာတွေထူးသလဲ. . . ”

“ထူးသာကတော့ မပြောနဲ့သော့ အစ်ကိုပွကြီးရယ်. . တူကလေးနဲ့ ကျွန်သော်ဆိုသာ နှစ်ကိုယ်ချင်း စကားမပြောဖူးပေမဲ့ မျက်လုံးချင်းကသော့ စကားသွေတောတောည်အောင် ပြောဆိုခဲ့ကြပြီးပြီ. . .

အဲ. . အစ်ကိုပွကြီးရေးပေးလိုက်သဲ့စာထဲကလိုဆိုရင်. . နှစ်ဦးစလုံးရဲ့ အတဲသွေကနေ ချစ်ခြင်းဆိုသာ ဖလှယ်ပြီးတား. . ဖလှယ်ပြီးတား. .

ဝေါင်မင်း၏ အူမြူးနေမှုကို ထောက်ရှု၍ အခြေအနေကောင်းခဲ့ပုံ ဖြစ်မှန်း အကဲခတ်၍ရပါသည်။

“ဝမ်းသာပါတယ်. . ဝေါင်မင်းရာ. . ကိုယ်ချစ်တဲ့သူနဲ့ အဆင်ပြေမယ့်အနေအထားကြားရတော့ မင်းအတွက် ဝမ်းသာဂုဏ်ယူပါတယ်ကွာ. .





“ဟုတ်ကဲ့. . ဝမ်းသာဂုဏ်ယူသဲ့ အနေနဲ့ အစ်ကိုပွကြီးသို့ဝိုင်းကို ကျွန်သော်ရှင်းပေးမယ်. . သော်ကြာ အစ်ကိုဖိုးကြည်လည်း ရောက်လာအုံးမယ်. . . ”

ဖိုးကြည်ကား သားကောင်အရှာအဖွေကျွမ်းကျင်သော မုဆိုးတစ်ဦးနှယ်ပါတည်း။

နောက်တစ်ရက်ရောက်တော့. . ကောင်မလေးထံမှ ပြန်စာရလာပါသတဲ့။

“အဲသာ. . အစ်ကိုပွကြီး ရေးပေးသဲ့ရည်းစားစာက စွမ်းလို့ခင်ဗျာ၊ စွမ်းလို့. . . ”

ဝေါင်မင်း၏စကားကြောင့် ပွကြီးအဖို့ မိုးကောင်ကင်ကြီးအားခေါင်းဖြင့် ခုန်ဆောင့်ချင်စိတ်တွေ တဖွားဖွားပေါ်လာသည်ကို မနည်းချိုးနှိမ်ထားလိုက်ရသည်။

“ကျွန်သော့်ကောင်မလေးက အင်မသန် အရှက်အကြောက်ကြီးသာ အစ်ကိုရ။ ဣန္ဒြေလည်း တိတ်ရှိသာပဲ။ လူချင်းသွေ့ပြီးပြောရမှာ ရှက်လို့ စာနဲ့ပဲ အကြောင်းပြန်လိုက်ပါတသဲ့။ ကျွန်သော့်ရဲ့ မြစ်သာကို ခြွင်းချက်မရှိ လက်ခံပါသယ်သဲ့။ လက်ရေးကသော့ တိတ်မလှဘူး. . ။ ရော့. . အစ်ကို ဖတ်ကြည့်ပါအုံး. . . ”

ဝေါင်မင်းကမ်းပေးသောစာကို ဖတ်ကြည့်ရတော့ ပွကြီးအဖို့. . 'တယ်ဟုတ်တဲ့ ငါပါလား. . . ။ ငါ့ရဲ့အရေးအသားဟာ တစ်ဖက်သားကို ဒီလောက်တောင်အရည်ပျော်ကျသွားနိုင်စွမ်းရှိပါကလား။ မြို့တက်ပြီး စာရေးဆရာလုပ်စားရင် ကောင်းမယ်ထင်ပ'. . . ဟူ၍ပင် ၎င်းကိုယ်၎င်း အသားလွတ် ဘဝင်မြင့်ချင်ချင်. . . ။

ပြန်စာက. . အပီမအပြင်။



www.burmeseclassic.com

www.burmeseclassic.com

လက်ရေးက. . လှတော့မလှ။ ဪ. . မိန်းကလေးလက်ရေးဆိုတာမျိုးက ခပ်သီသီဆိုတော့ ချစ်ခြင်းမေတ္တာကို အရင်းခံလျက် ခွင့်လွှတ်ရပေအုံးတော့မည်။

"ဟုတ်သယ်မဟုတ်လား အစ်ကို. .

ကျွန်သော့်ကို တိတ်တိတ်ချစ်သယ်လို့ အဖြေပေးထားသာသွေ့သယ်နော်. ."

"အေးပါကွာ. . တွေ့ပါတယ်. . တွေ့ပါတယ်. . မင်းအတော်လေးကုသိုလ်ကံထူးတာပဲ. . ."

"ထူးသယ်ဆိုတဲ့နေရာမှာ အစ်ကိုပွဲကြီးရဲ့ရည်းစားစာက အဓိကကျပါသယ်ဗျာ. . .။ ဒီ့အသွက် အစ်ကိုပွဲကြီးသို့ ပြုစုပါရစေ. .။ ပြီးသော့စာသစောင်လောက်လည်း ထပ်ရေးပေးအုံးနော်. . ."

ကိုယ်ဖော်သည့်ဆေး. . ကို ပြန်စားရကိန်းတော့ ကြုံပေပြီ။ မတတ်နိုင်တော့. . .။ စားကောင်း. . သောက်ကောင်းဆိုသလို အကျွေးအမွေးကို ထောက်ထားလျက် ဝေါင်မင်းအလိုကျ ရေးပေးရတော့သည်။

တစ်စောင်. . နှစ်စောင်. . သုံးစောင်။

ရေးပြီးပေးလေသမျှ. . ကြားခံချာတိတ်လေးမှတဆင့် ပြန်စာတွေဖတ်ရသည်။ လက်ရေးက ခပ်ညံ့ညံ့. . ပြီးတော့ ပွဲကြီးရေးလိုက်သလိုမျိုး တဖွဲ့တနွဲ့တွေမပါ။

"ကိုဝေါင်. . .

ကိုဝေါင့်အချစ်ကို လက်ခံလိုက်ပြီပဲ။

ထာဝရဆိုတာ ယုံပါတော့. . .။

ရာသက်ပန်ချစ်သွားမယ့်

(. . . . .)"





သည်လိုသဘောကကို မတတ်။ သည်တော့ ပြန်စာကိုလာလာပြရင်း စေတနာရေစီးကမ်းပြိုလိုက် အလျှံပယ်တိုက်ကျွေးပြုစုသွားတတ်သည့် ဝေါင်မင်းအား စာပေးစာယူနှင့် ကျေနပ်မနေဘဲ အဆင့်တက်ရန် ကြပ်ပေးရပြန်တော့သည်။

သည်လိုမလုပ်လို့လည်း မဖြစ်။

နေ့တိုင်း. . စာရေးရေးပေးနေသည်မှာလည်း ငြီးငွေ့လှပေပြီကော။

ဝေါင်မင်းအဖို့မှာလည်း မေတ္တာစာလွှာကို အကျိုးဆောင်ပေးသည့် ချာတိတ်ကိုလည်း ငြိုငြင်မှုမရှိစေရန် မုန့်ဖိုးကျေနပ်အောင်ပေးရသည်။ ပွဲကြီးစိတ်လိုလက်ရ အနုအရွအလှအပလေးတွေ ရေးပေးနိုင်ဖို့ရာ တိုက်ကျွေးပြုစုရသည့် တန်ဖိုးမှာလည်း မနည်းလှ။

ကိစ္စမရှိ. . .။ သူ့အတယ်တို့ ရှာဖွေထားသည့် စီးပွားဥစ္စာတို့မည်သည် သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ. . အိမ်မှုနေသော သူ့အတွက်ပင် မဟုတ်ပါကလား။

"ဟော့ကောင်. . ဝေါင်မင်း. . "

"ဗျာ!. . အစ်ကိုပွဲကြီး. . . "

"မင့်ကောင်မလေးနာမည်က. . ဘယ်သူ. . . "

"မြို့မြို့ရင့်. . အဲ. . ဟုတ်ပေါင်. . မြင့်မြင့်ရီသဲ့. . အစ်ကို. . "

"အေး. . မင်းကလည်း ဝင်းမောင်ဆိုတော့ ဝေါင်မင်းပေါ့ကွာ. .။ အဲ. . ဝင်းမောင်တွေ မြင့်မြင့်ရီတွေ အသာထား. . ခုဆိုရင်. . မင်းတို့ တစ်ယောက်နဲ့တစ်ယောက် စာချင်းဖလှယ်မိကြပြီ. . စာထဲကပဲ တစ်ဦးအချစ်ကို တစ်ဦးက လက်ခံကြပြီ. . ဟုတ်တယ်မဟုတ်လား. . . မှန်တယ်မဟုတ်လား"

"ဟုတ်သယ် အစ်ကို. . . မှန်သယ် အစ်ကို. . . "

"အေး. . ဒါဆိုရင် အဆင့်ကျော်တော့. . စာချည်းသက်သက်မလုပ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့တော့. . ."

"ဘာလုပ်ရမှာသုံး အစ်ကိုရ. . ."

"ဟ!. . လူချင်းတွေ့ဖို့ ကြိုးစားရမှာပေါ့ကွာ. . တစ်နေ့ကျရင် မင်းတို့ဟာ စာချင်းပေါင်းကြမှာမှ မဟုတ်ဘဲ. . .။ လူချင်းပေါင်းကြရမှာ မဟုတ်ဘူးလား. . ."

"ဟုတ်သယ်. . ဟုတ်သယ်. . ."

"အေး. . အဲဒါကြောင့်. . ခုကတည်းက ယဉ်ပါးရအောင် လူချင်းတွေ့ဖို့လုပ်ကွာ. . .။ စကားပြောကွာ. . .။ လူလစ်ရင်လစ်သလို လက်ကလေးဘာလေး ကိုင်ကွာ. . .။ ပိုပြီးလစ်ရင် ဖက်နမ်း. . ပြီးတော့. . ."

"အဟီး. . ဟီး။ ဟုတ်သယ်. . ဟုတ်သယ်. . ."

**"မိန်းမဟူဘိ၊ ထိုက္ကတ္တိတား**
**မထိမကောင်း၊ ထိမှကောင်း၏**
**ထောင်းပါညက်ညက်၊ လျှင်စွာသွက်မှ**
**ကြင်ဘက်သက်လျှာ၊ မြတ်နိုးစွာဖြင့်**
**သီတာရေမြေဆုံးစေမည့်. . . .**" လို့ ကုန်းဘောင်ခေတ်တုန်းက ဘယ်ဆရာတော်ကြီးလဲ မသိဘူး. . .။ လင်္ကာရေးသွားတာကို မှတ်သားရတယ်. . ဝေါင်မင်းရ. . ။ ဒီတော့. . ရှေးပညာရှိ စာဆိုကြီးတွေရဲ့ အဆိုအမိန့်တွေကို ဦးထိပ်ထားပြီး ကိုယ့်ဘက်က ပြုပြင်သင့်တာကိုပြုပြင်၊ ဆင်ခြင်သင့်တာကိုဆင်ခြင်၊ လိုက်နာသင့်တာတွေ လိုက်နာလို့ရှိရင် ဘဝကူးကောင်း (အဲ) ဘဝအနာဂတ်တစ်ခုလုံး ဖြောင်ဖြူးသာယာ ပျော်ရွှင်သွားရမှာပေါ့ကွာ. . .။

"ပညာရှိလိုက်လေ. . ကိုပွကြီးရာ. . .။ အဲသာကြောင့် ကိုဖိုးငကြည်က. . ကိုပွကြီးဆီခေါ်လာပေးသာဖြစ်မှာ. . .။ ကြာလေ. . ကြာလေ. . ပိုပိုပြီး လေးစားရလေပါလား အစ်ကိုပွကြီးရာ. . .။

"ဒါကတော့. . လူတိုင်း. . လူတိုင်း. . မင်းလိုမြင်တတ်အုံးမှပါ။ လောကမှာ 'ဆင်တတ်မှ. . လှသလို၊ ကြင်တတ်မှလည်း. . ရ' သကွ။ ပြီးတော့ 'လောကနီတိ' အရ-

**"ပညာရှိကို အရှည်တွဲလို့**
**မှိုဝဲဆည်းကပ် နည်းယူစေ. . .။**
**ထန်းရည်၊ ကွက်ကြော်၊ အာပြဲခြောက်နဲ့**
**လျှာစွဲလောတ်အောင် ဧည့်ဝတ်ကျေ။**
**ညောင်းညာရင်လေ. . နှိပ်နယ်ပေးလို့**
**ဒဏ်ကြေဆေးလည်း လူးစမ်းလေ။**
**အဲဒါမှ. . မုချ၊ ဧကန္တ**
**မသွေအမှန် ဘဝစိုပြေ. . .**" ဆိုပြီး ကိုယ့်အပေါ်ကျေးဇူးရှိတဲ့ ဆရာသမားတွေအပေါ် တုံ့ပြန်ကျေးဇူးဆပ်ရမယ် ဝေါင်းမင်း။ ဒါမှ. . . အဲသည်ဂုဏ်ကျေးဇူးနဲ့လျော်ညီစွာ တပည့်ဖြစ်သူရဲ့ ဘဝအနာဂတ်ဟာ သာယာစိုပြေလိမ့်မယ့်လို့ ပြောချင်တယ်. . ."

"တကယ့်ကို မှတ်သားလောက်တဲ့ အဆိုအမိန့်တွေပါပဲလား အစ်ကိုပွကြီးရာ။ ကိုင်း. . အစ်ကို့အဆိုအမိန့်တွေ နားထောင်ရတာနဲ့ ကျွန်တော်တောင်မှ. . နည်းနည်းလောက်တွယ်ချင်လာပြီ. . ."

"တွယ်ပေါ့ကွာ. . လောကမှာ ဆရာ့ထက်တပည့်က လက်ဝါးစောင်ထက်ဖို့လိုတယ်. . .။ ဒါမှ တိုးတက်လာတဲ့ လူ့သမိုင်းစဉ်ကြီးဖြစ်တော့မပေါ့။ ကိုင်း. . . ထည့်သာချ။ သည်တစ်ခါ. . မင်းလုပ်လာခဲ့တဲ့ ဝက်ပေါင်ခြောက်က တော်တော်လေးအရသာရှိတာပဲကွ. . .။

"ဟုတ်လား. . အဲဒါ အတယ်ကိုယ်တိုင် ဝက်ပေါင်တုန်းက ပေါင်သား





www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းကို ရွေးလုပ်ထားတာ. . ။ အတယ်တို့လစ်တုန်း ကြောင်အိမ်ထဲကနေ နည်းနည်းလှိုးယူလာတာ. . . ။ ဒီတစ်ခါ ဝက်သားချဉ်လုပ်တဲ့နေ့က ဆွဲလာခဲ့အုံးမယ်. . . ”

“အေးကွာ. . ဆွဲလာတော့လည်း တွယ်ရသေးတာပေါ့. . . ကိုင်း. . ငါပြောတာမမေ့နဲ့. . မင်းအဆင့်က စာတွေ့လွန်သွားပြီး. . လက်တွေ့ကဏ္ဍကို ကူးပြောင်းရတော့မှာ. . ဒီမှာ ဝေါင်မင်း. . ”

“ခင်ဗျား. . . ”

“သေသေချာချာမှတ်ထား. . ကိုယ့်အချစ်ကို လက်ခံလိုက်တဲ့ချစ်သူနဲ့တွေ့ရင်. . ပတ်ဝန်းကျင်အနှောင့်အယှက်မရှိရင် လူလစ်ရင် လူပျိုလက်ဟာ အငြိမ်မနေရဘူး။ ‘လူပျို့လက်. . ဝက်မြီး’ တဲ့ကွ။ မသေမချင်း. . မှတ်. . ”

“ဟီး. . ဟီး. . ဟီး. . ။ ဝက်မြီးကို မြင်ဖူးတယ်. . . ။ တစ်စက်ကလေးမှ အငြိမ်မနေဘူး. . သဘောပေါက်ပြီ. . သဘောပေါက်ပြီ. . . ။ ဝေါင်မင်းလက်လည်း ဝက်မြီးပဲ ဖြစ်စေရမယ် အစ်ကိုပွကြီး. . ”

“အေးပါကွာ. . အေးပါ. . . ”

သို့ဖြင့် အာစိုရုံမက အူပါစိုလေသော ညတစ်ညကို ဆက်ရက်မင်း စည်းစိမ်အပြည့်ဖြင့် ပွကြီးတစ်ယောက် ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရပြန်လေသည်တကား. . . ။

◆◆◆◆◆◆◆◆◆◆





ကြည်နူးသာယာဖွယ်ကောင်းလိမ့်မည်ဟူ၍ ယူဆထားသော ညနေခင်းကလေးသည် ဝေါင်မင်းကို တွေ့လိုက်ရလျှင် တွေ့လိုက်ရချင်း- တစ်စစီကျိုးပဲ့ပျက်စီးသွားရော့လေသလားဟု ထင်မှတ်မှားစရာ ဖြစ်ရလေသည်။

ဘာကြောင့်ပါတဲ့. . . နည်း။

ဝေါင်မင်း၏ခေါင်းမှာ ပတ်တီးအဖွေးသား။

မျက်နှာကလည်း မီးအုံးခံထားရသည့် ခရမ်းသီးပမာ ရှုံတွနေသည်ကိုက စိတ်မသက်သာဖွယ်ရာကောင်းနေသည်။

သူနှင့်အတူ. . ဇိုးကြည်လည်း ပါလာသည်။

“ဟကောင်. . ဇိုးကြည်၊ မင့်တပည့်ဝေါင်မင်း. . ဘာဖြစ်လာတာလဲ. . ဘယ်သူက သမလွှတ်လိုက်လို့လဲ. . . ”

“ဘာဖြစ်ရမလဲကွာ. . သူနဲ့အဆင်ပြေနေပါတယ်ဆိုတဲ့ ကောင်မလေးက သူ့ကိုလက်ဆွဲပြီး စကားပြောရပ့ါမလားဆိုပြီး ထီးလက်ကိုင်နဲ့ ကောက်တွယ်လိုက်တာလေ. . ချိုစောင်းပေါက်ပြီး ပြေးလာခဲ့ရတယ်. . . ”

ကြားသာကြားရ. . နားဝမသက်သာဆိုသော စကား။

‘ဟ! ဘယ်ကဘယ်လိုလဲ. . ကွာ။ ရှင်းကို မရှင်းတော့ဘူး။ ဟေ့. . ဝေါင်မင်း. . မင်းပြောတော့. . မင့်ကောင်မလေးဆီက ချစ်အဖြေရပြီဆိုကွ”


www.burmeseclassic.com

www.burmeseclassic.com

"ရတာတော့ ဟုတ်တယ်။ ဒါပေမဲ့ . . မဟုတ်ဘူး . . ."

"ဟာ . . မင်းစကားကလည်း ကြယ်သီးနှစ်လုံးထဲနဲ့ ဘောင်းဘီကြပ် သလိုမျိုးပါလား . . . ရှင်းရှင်းလင်းလင်းပြောပါကွာ . . ။ မနေ့က . . မင်းကို ငါဘာမှမရေးပေးဘဲ လက်တွေ့လုပ်ကိုင်တော့လို့ နည်းနာတွေ ပေးလိုက်သေး တယ် မဟုတ်လား . . ."

"အဲဒီ နည်းနာတွေကြောင့် အခုလို ဒဏ်ရာဒဏ်ချက်တွေ ရလာတာ ပေါ့ အစ်ကိုပွကြီးရ . . ."

"လိပ်ပတ်လည်အောင် ပြောစမ်းပါအုံး . . ဝေါင်မင်းရာ . . ."

"မနေ့က အစ်ကိုပွကြီးပေးသဲ့နည်းအသိုင်း . . တီကနေ့မနက် . . ကောင်မလေးအပြင်ထွက်သော့ . . အနောက်ကနေ ကျွန်သော် မယောင်မ လည်လိုက်တွားသယ်။ တူ့ကို စကားပြောသော့ ဘုသောလွှတ်လိုသယ်ဗျာ"

"ရှုတ်တရက်ဆိုတော့ တစ်ခါမှ အတွေ့အကြုံမရှိတာမို့ ရှက်ရမ်း ရမ်းလိုက်တာဖြစ်မှာပေါ့ ဝေါင်မင်းရာ . . ."

"ကျွန်သော်လည်း အဲတီလိုပဲ တဘောထားပါသယ်ဗျာ . . ။ အဲဒါ ကြောင့် တဲညည်းခံပြီး ထပ်လိုက်ပြန်သယ်။ အဲ . . လူလစ်သဲ့အခါကျသော့ အစ်ကိုပွကြီး တင်ပြထားသဲ့အသိုင်း . . . .

'မိန်းမဟူဘိ၊ ထိုက္ကတ္တိကား
မထိမကောင်း၊ ထိမှကောင်း . . . ' ဆိုတလို၊ 'လူပျို့လက် ဝက်မြီးတုံး' ကို နှလုံးမူရင်း . . လက်ကိုလှမ်းအဆွဲမှာ . . ပြောင်းဆို . . ထီးနဲ့ လှမ်းရိုက်လို့ ချိုစောင်းသခုလုံး ပူထူပြီး ကျန်ခဲ့သယ် အစ်ကို . . ."

"တေလိုက်ပါသော့ . . အဲ . . သေလိုက်ပါတော့ ဝေါင်မင်းရယ် . ."

"ပြတနာက ဒီလောက်နဲ့မပြီးဘူး အစ်ကိုရဲ့ . . အဲဒါ . . တူ့မိဘသွေ ကသဆင့် အသယ်သို့ကို လာသိုင်ကြသယ်။ အဲသည်မှာ ဒေါတကြီးသဲ့ အသယ်က ဖနောင့်စာကျွေးလိုက်ပြန်ရဲ့ . . အဟီး . . ."

ဝေါင်မင်းတစ်ယောက် ငိုချင်းချနေပြန်ပါပြီ။

သူ့အဖြစ်က ကြေကွဲစရာတော့ အကောင်းသား။

"မင်းဟာမလေးကလည်းကွာ . . ချစ်တယ်လို့ အဖြေတောင်ပေးခဲ့ပြီး မှ ခုလိုမျိုးလုပ်လိုက်တာကတော့ ရက်စက်မှုအပေါင်း သရဖူဆောင်းလွန်းရာ ကျပါတယ် . . ."

"သကယ်သော့ . . တူရက်စက်သာမဟုတ်ဘူးဗျ . . . ။ကျွန်သော့်ရဲ့ စာသွေပေး ပေးမယ်ဆိုပြီး မုန့်ဖိုးညာယူသဲ့ ချာသိပ်ဗျ . . ။

သည်ချာသိပ်လေးက ကျွန်သော် အစ်ကိုပွကြီးဆီက ယူလာသဲ့စာ သွေကို ကောင်မလေးဆီမပေးဘဲ ကောင်မလေးက စာပြန်ရေးပေးသဲ့ပုံစံနဲ့ ဘူ့ဖာသာတူရေးပြီး တိတ်ချစ်သယ်လုပ်တာဗျ . . . အဟီး . . ခုသော့ ထန်း ရည်ဖိုးကလည်း မနည်းသဲ့အပြင် ချိုစောင်းလည်းပေါက်ရ၊ ဖနောင့်နဲ့လည်း အပေါက်ခံရ . . တောက်ရှောက်ကို လုံးလုံးကွဲပေါ့ဗျာ . . အား . . ဟားဟား . . အီး ဟီး ဟီး . . ရွှတ် . . ."

ဝေါင်မင်း၏ ငိုချင်းအဆုံးမှာတော့ ပွကြီးနဲ့ ငိုးကြေည်တို့ ထန်းရည် မှာရကောင်းနိုးနိုးဖြင့် ချီတုံချတုံဖြစ်နေကြလေသည်တကား။

◆◆◆◆◆





စိန်မိုးသံစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဆံပင်ရှည်ကြီးနဲ့ မွေးလာရင်
ဗိုလ်ကလေး...တဲ့။
ခေါင်းတုံးဆိုရင်...
ဗိုလ်ကလေး...မဟုတ်ဘူးတဲ့။
ကိုသာဂေါင်ကြီး ပြောသွားတာ
ဟုတ်သလိုလို...ရှိတယ်။
မွေးလာတဲ့ကလေးက
ဆံပင်ရှည်ပြီးမလာရင်တော့
ငါ...အရှက်လုံးလုံး ကွဲပြီ..."





တစ်နှစ်တစ်ရာသီ စက်ဝိုင်းလည်၍ ပါလေရာပွဲကြီးတစ်ယောက် မိခင်၏ ဇာတိရပ်ရွာဖြစ်သော ရွှေပန်းတောသို့ အမေနှင့်တစ်ခါတစ်ခေါက် လိုက်ပါခဲ့ရပြန်ပါပြီ။

အကြောင်းကမူ အမေ့ညီမ ဒေါ်ကြာစိ၏သမီးဖြစ်သူ၊ တစ်နည်းအားဖြင့် အမေ၏တူမဖြစ်၍ ပွဲကြီး၏နှမဝမ်းကွဲတော်သူ အပုမတစ်ယောက် သားဦးရတနာဖွားမြင်ပြီး ကလေးခေါင်းဆေးမင်္ဂလာကျင်းပမည့်အတွက် အမေက မင်္ဂလာဆောင်တုန်းက မလာရောက်ဖြစ်သဖြင့် ခုမှပဲ. . လာဖြစ်ခြင်း ဖြစ်လေသည်။

တစ်နှစ်ဆိုသော အခါကာလသည် ဘာမျှတော့ ကြာမြင့်လိုက်သည် မဟုတ်လင့်ကစား. . ပြောင်းလဲမှုတွေရှိခဲ့လေသည်။

သည်တစ်ခေါက် ပွဲကြီး. . ရွှေပန်းတောသို့ ရောက်လာရခြင်း၌ ကုန်ကြမ်းရှာသော စာရေးဆရာတစ်ယောက်ဖြစ်ပါက ဟာသရသမြောက် ဝတ္ထုတစ်ပုဒ်ဖြစ်မှာ သေချာသည်။ သည်အကြောင်းကို ဖြူတုတ်တို့၊ သာဂေါင်ကြီးတို့၊ ဦးသောင်းယဉ်တို့က တဖွဲ့တနွဲ့ပြောကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်နှင့်အမျှ ရယ်ပွဲဖွဲ့ချင်စရာလည်း ကောင်းလှသည်။

◆ ◆ ◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com


"မင်းယောက်ဖသံလုံးနဲ့ အပုမတို့ မင်္ဂလာဆောင်ပြီးတဲ့ညပေါ့ကွာ"

"အဲဒီညက..'ရတနာမေနှင်း အငြိမ့်' ဝင်တယ် မဟုတ်လား"

"သေချာတာပေါ့..လူရွှင်တော်..အံပွားတို့၊ မြင့်မားတို့၊ ကြပ်ကြီးတို့ကလည်း ကောင်းမှကောင်း..ပါးစပ်ကို မပိတ်ရဘူး..."

"မင်းသမီးမြနန်းရှင်တို့၊ မြမဥ္စုဝေတို့၊ ရတနာမေနှင်းတို့ကလည်း နိပ်တာပါပဲကွာ..."

"ဟကောင်..သာဂေါင်ကြီး...။ မဆိုင်တာတွေ သိပ်မပြောနဲ့..ဦးတည်ချက်တွေ လွဲကုန်မယ်..."

"အေး..အေးပါကွာ...။ ပွဲကြီးရဲ့ယောက်ဖသံလုံးဆိုတဲ့ကောင် ရှုံးလွန်းအလွန်းတာကိုပဲ ပြောမှာပါ...

အေး..အဲဒီညက ငါတို့ကာလသားတစ်စု သတို့သားသံလုံးဆီကို ခဲဖိုးသွားတောင်းကြတယ်..."

သာဂေါင်ကြီးက လွန်လေပြီးသော ကာလတစ်ခု ပြန်လည်တူးဆွနေတော့၏။ စိတ်ဝင်စားစရာ..ရယ်ချင်စရာကောင်းလေမည် ဖြစ်သောကြောင့် ဆိုင်ရှင်ကိုပုလုံးပင်လျှင် ထန်းရည်ခွက်ကိုကိုင်ကာ စကားဝိုင်းထဲသို့ ဝင်လာလေ၏။

♦♦♦♦♦

"ကိုသာဂေါင်ကြီးရာ..စောစောက ကာလသားခေါင်းလာလို့ ခဲဖိုးပေးလိုက်ပါပြီဗျာ..."

"ဟ..သံလုံးရ...။ မင်းပေးတဲ့ ခဲဖိုးဆိုတာ..ရပ်ရွာအတွက် လိုအပ်တဲ့ ဖျာတို့၊ အိုးခွက်ပန်းကန်တို့..ဘုံပစ္စည်းဝယ်ရမဲ့ငွေစာရင်းထဲ ရောက်သွားမှာ...။ ခု..ငါတို့လာတာက တို့ကာလသားတွေ မင်းတို့ မင်္ဂလာပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ ပျော်ပျော်ပါးပါး..သောက်ကြ၊ စားကြ၊ ပျော်ပွဲစားကြဖို့အတွက် တောင်းတဲ့ ခဲဖိုးကွ..."

"ဘယ်လောက်တောင်လဲ..ကိုသာဂေါင်ကြီးရာ...။ ကျွန်တော်တို့မလဲ တစ်နေ့လုံးပင်ပန်းထားတော့..အိပ်ရာဝင်ချင်ပြီ...။ အငြိမ့်တောင် ကြည့်ချင်ပေမဲ့ မကြည့်နိုင်တော့ဘူး..."

"ဟေ့ကောင်..သံလုံး။ မင်းဘာသာကြည့်..ကြည့်၊ မကြည့်..မကြည့်၊ ငါတို့နဲ့ မဆိုင်ဘူး...။ ကြာတယ်ကွာ..ပေးမှာလား..မပေးဘူးလား။ ဒါ..ငါတို့ ရွှေပန်းတောရဲ့ထုံးစံပဲ။ အစဉ်အလာဖျက်မယ်ဆိုရင်တော့..မင်းတို့ မင်္ဂလာဦးညမှာ ခဲမိုးရွာသွားမယ်..ဟွန်း..ဟွန်း..ဟွန်း..."

"ခက်တာပဲဗျာ..ကျွန်တော့်မလဲ..ငွေကသိပ်မရှိတော့ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်. . သံလုံး။ ခက်မနေနဲ့. . . ။ ငါတို့ကာလသားတွေက စီးပွားပျက်အောင် တောင်းတာမဟုတ်ဘူး။ ပျော်ပျော်ပါးပါး. . သောက်ရ စားရလောက်အောင်ပဲ တောင်းတာ. . . ။ မင်းတို့ မင်္ဂလာဆောင်ဆိုတာ ဟောဒီရွှေပန်းတောမှာတော့ ဘယ်သူမှ မယှဉ်နိုင်လောက်အောင် ထိပ်ဆုံး ကပဲ။ ဒီတော့. . ငါတို့ကာလသားတွေ စားဖို့သောက်ဖို့. . ပေးချင်ပေး အေး. . မပေးချင်ဘူးဆိုရင်ဖြင့်. . မင်းတို့ ဒီည ကောင်းကောင်းအိပ်လို့ မယ်မထင်နဲ့. . ."

"ခက်တာပါပဲဗျာ. . ."

တစ်ရွာသားဖြစ်သော သံလုံးကခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်ပါလေတော့၏။

"ဒါတော့. . စဉ်းစားလေကွာ. . အိမ်ထောင်ပြုကြတဲ့သူအဖို့ အရေး အကြီးဆုံးညဟာ. . ဘယ်ညလဲ. . . ။ မင်္ဂလာဦးညပဲ မဟုတ်လား. . . ။ အေး. . ဘဝတစ်ခုအတွက် အရေးကြီးတဲ့ညကို အလေးမထားရင်တော့. . 'သဗ္ဗေသတ္တာ ကမ္မသကာ' ပေါ့ကွာ. . . ။ ဇိမ်ကျကျနဲ့ အိပ်စက်ရမယ့် မင်္ဂလာ ဦးညကို မလိုချင်ရင်တော့. . တစ်ပြားမှမပေးနဲ့. . ဟုတ်ပလား. . ."

သာဂေါင်ကြီးက မထိခလုတ်ထိခလုတ်. . လုပ်သဖြင့် သံလုံးခမျာ မရိုးမရွ ဖြစ်ရသည်။ ထို့ကြောင့်. . သူ့အိတ်ထဲ လက်နှိုက်လိုက်သည် ပြီးနောက်. . .

"ရော့ဗျာ. . ကျွန်တော့်မှာ လောလောဆယ်. . ဒါပဲရှိတယ် ခင်ဗျာ. . ."

"ဟ. . မင်းဟာက. . တစ်ယောင်တည်းပါလား. . . ။ ဒါနဲ့တော့ ငါတို့ကာလသားတွေအတွက် အာတောင်. . စွတ်မှာမဟုတ်ဘူး။ ထပ်ပေးမှ ဖြစ်မယ်. . ."





"ခက်တော့တာပါပဲဗျာ. . ဒါဆို ခဏနေအုံး. . ."

သတို့သားသံလုံးတစ်ယောက် သတို့သမီးအပုမဆီသို့သွားကာ တီးတိုး၊ တီးတိုး သဖန်းပိုးလုပ်နေလေတော့၏။ သိပ်မကြာလိုက်. . ပြန်ရောက် လာ၏။

"ကိုင်း. . ဗျာ။ ခင်ဗျားတို့ ကျေနပ်အောင် ပြည့်ပြည့်ဝဝပေးလိုက် မယ်နော်. . . ။ မနှောင့်ယှက်ကြပါနဲ့တော့. . . ။ ကျွန်တော်တို့ရွာမှာဆို တစ်ခါပေးလိုက်တာနဲ့ ကိစ္စပြတ်တာ. . ."

"ဟ. . သံလုံးရ။ အဲဒါက မင်းတို့ရွာလေကွာ. . . ။ ဒါက. . မင်းတို့ ရွာ မဟုတ်ဘူးကွ. . ။ ငါတို့ရွာ. . . ။ အေး. . ငါ. . မိန်းမယူမယ်ဆိုရင်. . ဟောဒီ ရွှေပန်းတောက မိန်းမကိုမယူတော့ဘူး. . . ။ မင်းတို့ရွာမှာ လာယူ မယ်. . ."

"ယူပါဗျာ. . ယူပါ. . ယူပါ. . ."

"ဟား. . ဟား. . ဟား. . ."

ရိုးအလွန်းသော သံလုံးကို သဘောကျ၍ သာဂေါင်ကြီးလည်း ငွေ ငါးထောင်အား ခါးကြားလိမ်ကာ. . ပြန်ထွက်လာခဲ့၏။

◆◆◆◆◆


www.burmeseclassic.com

www.burmeseclassic.com



ပါလေရာပွဲကြီးကား. . သာဂေါင်ကြီး၏ဇာတ်ကြောင်းခင်းမှု အပေါ် စိတ်ပါဝင်စားရင်း. . လက်ကျန်ခွက်ကို ဂွပ်ခနဲကောက်မော့လျက် အမဲကြော်တစ်ဖက်အား ဝါးနေလေတော့၏။

"ဆက်ပြောပါအုံးကွာ. . ."

"ပြောမယ်. . ပွဲကြီး၊ ဆက်. . ပြောမယ်. . အဲသလိုနဲ့ လေးငါး ခြောက်လလွန်တဲ့အခါမှာပေါ့. . ."

သာဂေါင်ကြီးက ဦးဆောင်သူပီပီ ဇာတ်ထုပ်ကို ဇာတ်ရည်လည် အောင် ရှင်းပြလေတော့၏။

သံလုံးနှင့်အပုမတို့ အိမ်ထောင်သက် လေးငါးခြောက်လလောက် လွန်မြောက်ဖြတ်သန်းအပြီးမှာတော့ လောကတံထွာမမှတာအရ. . အပုမ၌ ကိုယ်လေးလက်ဝန်ရှိလာသည်။ သည်သတင်းရတော့ ရိုးလွန်းအလွန်းသော သံလုံးမည်သည့် ဆံရှည်ကိုယ်တော်အား နောက်ချင်ပြောင်ချင်စိတ်တွေ ဝင်လာသည်။

"ဟေ့ကောင်. . သံလုံး. . ."

"အမယ်လေး. . လန့်လိုက်တာကိုသာဂေါင်ရာ. . .။ အသံမပေး တာမပေးနဲ့. . ဗြုန်းစားကြီးဆိုတော့ လန့်သွားတာပဲ. . ."





"ယောက်ျားရင့်မာကြီးဖြစ်ပြီး သွေးကလည်း နည်းလိုက်တာကွာ. . ဒါထက်. . မေးပါရစေအုံး. . .။ မင့်မိန်းမ အပုမမှာ ကိုယ်ဝန်ရှိနေပြီဆို"

"ဟုတ်တယ်ဗျ. . မကြာခင်. . ကျုပ် ကလေးအဖေဖြစ်တော့မယ်။ သားသားလေးလား. . မီးမီးလေးလားတော့ မပြောတတ်ဘူး. . ချိုရတော့မှာ အမှန်ပဲ. . ."

သားဦး. . အရှုးဆိုသည်မှာ မှန်လှပါဘိ။ အချို့က ပထမဦးဆုံးမွေး လာသည့်သားသမီးကို ရူးရူးနှမ်းနှမ်းဟု ယူဆကာ 'သားဦး. . အရူး' ဟု ဆိုကြ၏။ ဒါ. . လုံးဝမှန်သော စကားမဟုတ်။ ပထမဦးဆုံးမွေးဖွားလာသည့် ရင်သွေးရတနာက ရူးနှမ်းသည်မဟုတ်။ ထိုရင်သွေးရတနာကို ပိုက်ထွေးယုယ ချစ်မဝလိုသည့် မိဘသည်သာလျှင် အချစ်စိတ်ဖြင့် ရင်သွေးရူးရူးခြင်းသာ ဖြစ်ပေသည်။ ဤ၌. . သာဂေါင်ကြီးအဖို့ ရိုးလွန်းလေစွသော ဆံရှည်သံလုံး အား. . .

"ဟကောင်. . သံလုံးရ၊ အဲဒီ မွေးလာမယ့်ကလေးက မင့်ကလေးလို့ ပြောလို့ရမလား. . ."

"ပြောလို့ရတာပေါ့ဗျ. . ကျွန်တော်နဲ့ရပြီး မွေးလာမယ့်ကလေး ပဲဟာ. . ."

"ဟား. . ဟား. . ဟား. . အံ့ပါ့ကွာ။ လောကမှာ ရယ်ခြင်းလေးမျိုး ရှိသတဲ့ကွ။ မြေ၏ရယ်ခြင်း၊ ရွှေ၏ရယ်ခြင်း၊ ဥစ္စာ၏ရယ်ခြင်းနှင့် မယား၏ ရယ်ခြင်းတို့ တဲ့ကွ။ လင်လုပ်တဲ့သူဟာ 'ငါ့သားလေး. . ငါ့သမီးလေး' ဆိုပြီး ကယုကယင်လုပ်နေတဲ့အချိန်မှာ ကွယ်ရာကနေပြီး မယားဖြစ်တဲ့သူက တိတ်တိတ်ကလေးကြိတ်ရယ်သကွ. .။ ရယ်ပေမပေါ့. . ကလေးက သည် လင်နဲ့ရတာမှမဟုတ်ဘဲ။ ကွယ်ရာမှာ နောက်မီးပွင့်လို့ရလာတဲ့ ကလေး. .။ ဒီတော့. . ရယ်ပေမပေါ့. . သံလုံးရ။ မင်းလည်း တော်ကြာ အဲဒီရယ်ခြင်းထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ သားကောင်ဖြစ်နေအုံးမယ်နော်. . ."

သာဂေါင်ကြီး၏စကားကြောင့် ဆံရှည်သံလုံးခမျာ အောင့်သီး အောင့်သက် ဖြစ်သွားရချေသည်။

"ဒီ. . ရလာမဲ့ကလေးဟာ ကျွန်တော့်ကလေးမှ ကျွန်တော့်ကလေး အစစ်ပါဗျာ. . ."

"အေးပေါ့ကွာ. . ဒီလိုပဲ ထင်ကြတာပေါ့။ တစ်ခုတော့ ရှိလေရဲ့. . မင်းကလေးဟုတ်ရင်. . မွေးလာတဲ့အခါ. . ဆံရှည်ပါလာရမယ်။ ဒါဆိုရင်. . မင်းကလေးအစစ်ပဲ။ အဲ. . အဲသလိုမဟုတ်ဘဲ ခေါင်းတုံးပြောင်နဲ့ဆိုရင်တော့ မင်းကလေးဆိုတာ မသေချာတော့ဘူး။ တို့ရွှေပန်းတောမှာ ခေါင်းတုံးတွေက အများသား. . .။

နွားတံခွန်ညွန့်တင်ဆိုရင်. . စားနေကျကြောင်ဖား။ ရိတ်ထားလိုက်တာများ ခေါင်းကိုပြောင်နေတာပဲ. . .။ မ-ကိစ္စများဆို ကျွမ်းမှကျွမ်း။ နောက်ပြီး ဘုန်းကြီးလူထွက် သွားခေါင်ကျော်တင့်တို့၊ ထိပ်ပြောင်ကျောက်လုံးတို့ဆိုတာကလည်း စိတ်ချရတဲ့ကောင်တွေ မဟုတ်ဘူး. . ."

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ. . .။

သစ်ငုတ်တိုတောင်မှ နှဲ့ပါများက လူပ်လာသည့်သဘောရှိပေရာ လူရိုးလူအ ဆံရှည်သံလုံးအဖို့ ဘာသားနှင့်ထုထား၍ ခံနိုင်စွမ်းရှိမှာတဲ့နည်း။

ရွှေပန်းတောရွာမှာက ကလေးမီးဖွားပြီဆိုလျှင်. . အမိဝမ်းမှ ကျွံ လာသောကလေးအား သန့်ရှင်းစင်ကြယ်စေဖို့အတွက် ဝမ်းတွင်းပါ ငယ်ဆံ အား ဝမ်းဆွဲလက်သည်တို့က ခေါင်းတုံးရိတ်ပေးလေ့ရှိကြစမြဲ။ ဒါကို တစ်ရွာ သား လူရိုးလူအ သံလုံးမသိ။

"ဆံပင်ရှည်နဲ့မွေးလာရင် ငါ့ကလေး. . တဲ့။ ခေါင်းတုံးဆိုရင် ငါ့ ကလေးမဟုတ်ဘူး. . တဲ့။ ကိုသာဂေါင်ကြီးပြောသွားတာ ဟုတ်သလိုလိုရှိ





တယ်။ မွေးလာတဲ့ကလေးမှာ ဆံပင်ရှည်ပါမလာရင်တော့ ငါ အရှက်လုံးလုံး ကွဲပြီ. . ဒီတော့. . ငါဘာလုပ်ရမလဲ. . ."

ထိုခေတ်က. . မယားကလေးမျက်နှာမြင်မီးဖွားလျှင် မီးနေခန်း အတွင်းသို့ လင်ဖြစ်သူခမျာ ဝင်ခွင့်မရ။ ခုနစ်ရက်တိတိ စောင့်ဆိုင်းရသည်။ သို့မဟုတ်ပါက ဘုန်းကံနိမ့်သည်ဟု အယူရှိကြသည်။

သည့်အတွက် ဆံရှည်သံလုံး၏ရင်ထဲ ပူလောင်လာသည်။

"မွေးလာတဲ့ကလေးဟာ. . ဆံပင်ရှည်ပါလာရင် အကြောင်းမ ဟုတ်ဘူး။ ခေါင်းတုံးဖြစ်နေမှသာ ပြဿနာ။ ဒီတော့. . ."

သံလုံးတစ်ယောက်လူပျိုဘဝမှသည် အိမ်ထောင်ရက်သားကျသည် အထိ အမြတ်တသသနှင့် ယုယုယယရှိပေထသော ဆံရှည်အား ဘဝပြောင်းကာ ခေါင်းတုံး တုံးလိုက်လေတော့၏။

"အဟား. . ဒါဆိုရင်. . အပုမ မွေးလာမဲ့ကလေးဟာ ဆံပင်ရှည် ရှည် မရှည်ရှည်. . ခေါင်းတုံးပြောင်ပြောင် မပြောင်ပြောင် ငါ့ကလေးမှ ငါ့ကလေးအစစ် ဖြစ်သွားပြီ။ ဟဲ. . ဟဲ. . ဘာရမလဲ. . အကြံမတုံးတဲ့. . သံလုံးကွ. . ."

သံလုံးတစ်ယောက် ကိုယ့်အကြောင်းပြချက်နှင့်ကိုယ် ပီတိဖြစ်ပြီးကာလ မကြာခင်မှာပင် နေ့ရက်အချိန်အခါ စေ့လေပြီမို့ အပုမတစ်ယောက် မီးဖွား ပါတော့၏။ ကျေးလက်၏ဓလေ့အတိုင်းပင် အရပ်ဝမ်းဆွဲသည် ဒေါ်မြရင်က လာရောက်မီးဖွားပေး၏။

မွေးလာသောကလေးမှာ ယောကျ်ားလေးဖြစ်၏။

မီးဖွားပြီးပြီးချင်း သန့်ရှင်းရေးလုပ်နေစဉ်မှာပင် ဝမ်းတွင်းပါဆံပင် များအား ရိတ်ပေးလိုက်ရာ. . ကလေးလည်း ခေါင်းတုံးဖြစ်သွားတော့၏။

ကလေးလည်း. . ခေါင်းတုံး။


www.burmeseclassic.com

www.burmeseclassic.com



သံလုံးလည်း.. ခေါင်းတုံး။

ခေါင်းတုံး ခေါင်းတုံးချင်း ထပ်တူညီမျှသွားလေရကား.. မီးထွက်သည့်နေ့မှာပင် ဖခင်သံလုံးသည် သူ့ခေါင်းတုံးပြောင်ကို အားရအောင်ပွတ်လျက်.. အရပ်ဝမ်းဆွဲသည် ဒေါ်မြရင်အနှီးဖြင့်ထုပ်ကာပေးသည့် သားဦးလေးကို ရင်ခွင်ထဲထွေးပွေ့ထားရင်း ပီတိဇောဟုန်တွေကြွနေလေတော့သည်။

မှန်လေ.. စွ။ သားဦး... အရှူး။

သံလုံးတို့ အရူးကြီး.. ရူးပေပြီ။

'သား.. သားလေး' ဆိုပြီး ပါးစပ်က တဖွဖွ။

ကလေးကို လက်မှ မချ။

သည်တော့ သံလုံး၏အဖြစ်သဲနေမှုကို စချင်ပြောင်ချင်သူတို့ရောက်လာကြသည်။

"ဟေ့ကောင်.. သံလုံး...။ ဒါ မင့်သားလား"

"ဟုတ်တာပေါ့.. ဦးသောင်းယဉ်ရ။ ကျွန်တော့်သား.. ကျွန်တော့်သား.. အဟား.. ဟား.. ဟား..."

သံလုံးကကြီးစွာသောပီတိဖြင့် တဟားဟားရယ်သွမ်းသွေးနေသည်။

"ဟ.. သံလုံးရ။ မင်းကသာ.. မင့်သားရယ်လို့ လျှောက်ကြွားနေတာ.. ငါကြားနေရတာကတော့ အဲသည်ကလေးက.. မင့်ကလေး မဟုတ်ဘူးလို့ ပြောနေကြတယ်..."

"ဟာ.. မဟုတ်တာဗျ...။ ကျွန်တော့်သားဟာ.. ခေါင်းတုံးလေးဟော.. ကျွန်တော်ကလည်း.. ခေါင်းတုံး။ ကဲ.. ခေါင်းတုံး.. ခေါင်းတုံးချင်း မတူဘူးလား..။ ကျွန်တော့်သားမှ ကျွန်တော့်သား အစစ်ဗျ.. တစ်စက်ကလေးမှ ရောမရောဘူး..."

"ဒါဖြင့်ရင်တော့ ဝမ်းသာစရာပေါ့ သံလုံးရာ...။ ဒါပေမဲ့ ပြော





ကြတာက အပုမဟာ မင်းနဲ့မွေးတာမဟုတ်ဘူး.. တဲ့"

သည်စကားကြားရတော့ သံလုံးစိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။ မျက်နှာကြီးတစ်ခုလုံးနီရဲသွားပြီး မေးကြောကြီးတွေပင် ထောင်ထသွားသည်။

"အဲ.. အဲဒါ.. ဘယ်သူပြောတာလဲဗျ..

ကျုပ်.. မခံနိုင်ဘူးဗျာ.. ဘယ်သူပြောတာလဲ...။ ပြောတဲ့လူကို အမှုန့်ချေပစ်မယ်.. ဘယ်နှယ့်ဗျာ...။ ဒီသားလေးဟာ ကျုပ်သားမှ ကျုပ်သားအစစ်ပါ။

ကျုပ်မယား အပုမဟာ.. ကျုပ်နဲ့ရတော့ တကယ့်အပျိုစစ်စစ်။ ဒါကို ကျုပ်ပဲသိတယ်။ ရှေးခေတ်က တော်လေးဝင်တာတွေ၊ မဝင်တာတွေကို ကျုပ်နားမလည်ဘူး။ အပုမဟာ.. ကျုပ်အပေါ် သစ္စာရှိရှိချစ်တဲ့သူ၊ ကျုပ်ကလွဲလို့ ဘယ်သူ့ကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး။

ဒီတော့.. ဒီသားလေးဟာ ကျုပ်နဲ့မွေးတာဗျ။ ဒါကို ကျုပ်နဲ့မွေးတာ မဟုတ်ဘူးလို့ပြောတဲ့သူကို သိရလို့ကတော့.. အသေကို သတ်မယ်ဗျာ...။ မဟုတ်တာ သွားပုပ်လေလွင့်ပြောတဲ့သူတော့ သေဖို့ရာသာပြင်ပေတော့.. တောက်"

"ဒေါသရှေ့ထားရင် မှားပေမပေါ့.. သံလုံးရယ်။

ဘယ်သူဘယ်ဝါရယ်လို့ မပြောချင်ပါဘူး...။ ငါက ကြားတာကို မင်းသိရအောင် ပြောပြတာပါ..."

"နေစမ်းပါအုံး.. ဒီကလေးဟာ.. ကျုပ်နဲ့မွေးတာ မဟုတ်ရင် ဘယ်သူနဲ့မွေးရမှာလဲဗျ...။ ကိုင်း.. ခင်ဗျားလည်း.. ပြော"

"အေး.. ငါပြောရရင်တော့.. ဒီကလေးဟာ.. မင်းနဲ့မွေးတာ မဟုတ်တာတော့ သေချာတယ်..."

"ဘာ.. ဘာ.. ဘာဗျ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေကွာ. . မင်းနဲ့မွေးတာမှ မဟုတ်ဘဲဟာ. . မင်း သေသေချာချာကြည့်စမ်း. . .။ ဒီကလေးဟာ. . အရပ်ဝမ်းဆွဲလက်သည် ဒေါ်မြရင်ကြီးနဲ့ မွေးတာမဟုတ်လား. . ."

"အယ်. . ဟာ. . ဟာဗျာ. . ခင်ဗျားကြီး တော်တော်နောက်. . ."

ဒေါသတကြီးဖြစ်နေသော သံလုံးတစ်ယောက် အတွေးပေါက်လာ ပြီးသည့်နောက်. . တင်းနေသော ဒေါသတွေ ပြေပျောက်ကာ တဟားဟား ရယ်သွမ်းသွေးရင်း. . ကလေးကိုချီကာ ထွက်သွားလေတော့၏။

သည်အဖြစ်သနစ်လေးက. . ကိုဗုလုံး၏ ထန်းရည်ဆိုင်ကလေးအား စိုပြည်သွားစေလေသည်တကား။

◆◆◆◆◆◆◆◆◆◆





"ဒါဆိုရင်....
ဆရာတော်ကြီးနဲ့....
ကိုယ်တော်နှစ်ပါးကို ပင့်လိုက်မယ်။
ဒါဆို....
သံသယ ဖြစ်စရာဆိုလို့
ကာရွယ်ကြီး ဖိုးသာဖြူ အပါအဝင်
ကျောင်းသားတွေနဲ့
စုစုပေါင်း (၆)ဦးကို
ဖမ်းဆီးဖော်ထုတ်ပါမယ့် ဘုရား...."


www.burmeseclassic.com

www.burmeseclassic.com





ရွှေပန်းတောသို့ရောက်လေတိုင်း မိခင်ဖြစ်သူက ရွာဦးကျောင်းသို့ သွားကာ ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုအစုစုအား သွားရောက်လှူဒါန်းစမြဲ။

ခုလည်း. . သားတောင်မောင်ပွကြီးကို ခေါ်လျက်. . လှူဖွယ်ဝတ္ထုပစ္စည်းအချို့ကို ယူလျက် ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့ပြန်ပါပြီ။ မိခင်မှာ ဆရာတော်ကြီးနှင့် စကားလက်ဆုံကျနေစဉ်. . ပွကြီးလည်း ကျောင်းအောက်သို့ဆင်းကာ. . ကျောင်းဝင်းကျယ်ကြီးအတွင်းရှိ သာသနိက အဆောက်အအုံများကို လိုက်လံကြည့်ရှုနေလေသည်။

ရွာဦးကျောင်းစေတီတော်ကြီးကား. . ထုံးသင်္ကန်းအဖွေးသားဖြင့် သပ္ပါယ်ကြည်ညိုဖွယ်ရာ ကောင်းလှပါဘိ။ စေတီနဘေးရှိ သက်တမ်းရင့် ဗောဓိညောင်ပင်ကြီးကား. . အခက်အလက်အရွက်တို့ ဝေဝေဆာဆာဖြင့် အုပ်အုပ်ဆိုင်းဆိုင်း. . မှိုင်းမှိုင်းညို့ညို့။

တစ်ချက်တစ်ချက် ဝေ့ဝဲတိုက်ခတ်လာသော လေပြည်ကြောင့် ညောင်ရွက်လေချီရင်း သစ်ရွက်ချင်းထိခတ်သံတို့မှာ ဘဂဝါ ဂီတကို ကျူးရင့်လေသည်နှင့်မခြား။

ဆက်ရက်တစ်အုပ်သည် ညောင်သီးတို့ကို ထိုးဆွစားသောက် နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com


စေတီ၏ထီးတော်မှ ဆည်းလည်းကလေးများက လေသွေးလိုက်လေတိုင်း. . တချွင်ချွင်မြည်နေသည်ကိုကပင် ကြားရသူရင်ထဲ ငြိမ်းချမ်းသော ရသကို ခံစားနေရသည်။ သည်လိုမျိုး သာသနိက အဆောက်အအုံတို့သည် ရွှေပန်းတောရွာကလေး၏ ကျက်သရေဆောင်ဖြစ်နေ၏။ သည်လိုမျိုး ကြည်နူးဖွယ်ကောင်းလှသော မြင်ကွင်းတို့အား ကြည့်ရှုခံစားနေရင်းမှ ဆွမ်းစားဆောင်နဘေးအရောက်တွင် ညီဝမ်းကွဲတော်စပ်သည့် ပေမှေးကို တွေ့လိုက်ရသည်။

"ဟာ. . အတော်ပဲ. . ကိုပွကြီးရယ်. . .။ ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလားဗျာ. . ."

ပေမှေး၏မျက်နှာက သိပ်မရွှင်။ သို့သော်ငြား. . ပွကြီးကို မမျှော်လင့်ဘဲတွေ့လိုက်ရတော့. . သိကြားမင်းကြီးမိုးပေါ်မှ ဆင်းချလာသည်ကို တွေ့လိုက်ရသည့်အလား မျှော်လင့်ချက်ဖြင့် မျက်နှာကလေးက ဖျတ်ခနဲ လက်သွားခဲ့သည်။

"ဘာတွေများ အခက်အခဲဖြစ်နေလို့လဲကွ. . ပေမှေးရ. . .။ ပြောစမ်းပါအုံး. . ."

"အဖြစ်ကတော့ဗျာ. . ဘုန်းကြီးရဲ့ကျက်သရေခန်းထဲက ကုလားမခြင်းဆွဲနို့ဆီနှစ်ဘူးပျောက်နေလို့. . .။ အဲဒါ အားလုံးက ကျွန်တော့်လက်ချက်လို့ ထင်နေကြတယ်။ ကျောင်းသားကြီးဖြစ်တဲ့ ကိုသံသပိတ်ကလည်း ကျွန်တော်အလစ်သုတ်တာဖြစ်မှာပဲလို့ ဆရာတော်ကြီးကို ချွန်တွန်းလုပ်နေတယ်။ ဟိုး. . တစ်နှစ်တုန်းက ကျက်သရေခန်းထဲက ကိတ်မုန့်ကို ခိုးတွယ်ဖူးလေတော့ ဆရာတော်ကြီးက ကိုသံသပိတ်ပြောတာကို ယုံချင်ချင်ဖြစ်နေတယ်"

"ဒီတစ်ခါ. . မင်းမယူဘူး. . မဟုတ်လား. . ပေမှေး. . ."

"ဘုရားပေးပေး. . ကျမ်းပေးပေးပါ ကိုပွကြီးရယ်. . ကျွန်တော်မယူပါဘူး. . .။ ကိုပွကြီးနဲ့ ကျွန်တော်ဟာ တစ်စိမ်းတွေ မဟုတ်ပါဘူး. . .။ ဆွေမျိုးစပ်ရင်တောင် ဝမ်းကွဲညီအစ်ကိုတော်ပါတယ်။ ကျွန်တော်တို့ အမျိုးဟာ ဒါမျိုးလုပ်ပါ့မလားဗျာ. . မလိမ္မာတစ်ခါပဲ မိုက်ပေမပေါ့. . ."

"အေး. . ဟုတ်တယ်ကွ. . .။ တို့အမျိုးမှာ ခိုးတာဝှက်တာ မရှိဘူး။ ခပ်သန့်သန့်လေး. . ."

"အဲဒါကြောင့်. . ကျွန်တော့်စိတ်ထဲ မခံချင်ဖြစ်နေတာဗျ။ ကိုသံသပိတ်စည်းရုံးဆော်ဩထားလို့ အားလုံးက တရားခံအဖြစ် ကျွန်တော့်ကိုချည်းပုံချနေကြတယ်. . ."

ဘုန်းကြီးကျောင်း၌ ကျောင်းအိပ်ကျောင်းစား ဘုန်းကြီးကျောင်းသားဖြစ်နေရှာသော ဝမ်းကွဲညီကလေး ပေမှေးအတွက် ပွကြီးစိတ်မကောင်းဖြစ်ရသည်။ ပေမှေးတို့မိသားစုက စီးပွားရေး ကျပ်တည်းလှသည်မို့ ပေမှေးအား ဘုန်းကြီးကျောင်းသို့ ပို့ထားခြင်းဖြစ်သည်။

"ဒီလိုမျိုး. . မြေနိမ့်ရာ လှံစိုက်တာမျိုးတော့ ငါလည်း လက်သင့်မခံချင်းဘူးကွာ။ ခုလို. . မျိုးရိုးဂုဏ်ကို ထိခိုက်မဲ့ဟာတော့ အဖြစ်မခံနိုင်ဘူး"

"အဲဒါကြောင့်. . တွေးခေါ် မြော်မြင်ဉာဏ်နဲ့ ဗဟုသုတတွေ ပြည့်စုံတဲ့ ကိုပွကြီးကို အားကိုးတကြီး အကူအညီတောင်းခံရတာပေါ့. . ."

"နေပါအုံး. . ပေမှေးရ. . .။ ခု. . နို့ဆီနှစ်ဘူးပျောက်တဲ့ကိစ္စမှာ မင်း. . ဘယ်သူ့ကို သံသယရှိသလဲ. . ."

"မဟုတ်မှလွဲရောပဲ။ ကျွန်တော့်ကို တစ်ဖက်သတ်ချောက်တွန်းနေတဲ့. . ကိုသံသပိတ်ကိုပဲ ထင်တယ်။ ဒီလူကြီးက တစ်မြန်နေ့က ဆရာတော့်အလစ်မှာ ကျက်သရေခန်းနားကို ခဏခဏ ဝဲနေတယ်။ ပြီးတော့ ရွာထဲက အပျိုကြီးမနွယ်ကို ဆွမ်းခံတဲ့အခါတိုင်း ချိတ်တိတ်တိတ်လုပ်နေတာ. . တစ်ခါတစ်ခါ ဆွမ်းခံကိုယ်တော်ပါမလာရင် ဆွမ်းခံလို့ရလာတာတွေထဲက ငှက်ပျော



www.burmeseclassic.com

www.burmeseclassic.com

သီးတို့၊ နှာနတ်သီးတို့ကို အပျိုကြီးကို ငမ်းပြီး ပေးတတ်တာ ကြုံဖူးတယ်။ ခုလည်း ပိုးကြေးပန်းကြေးအဖြစ် နို့ဆီနှစ်ဘူးကို ခိုးပြီး မပေးဘူးလို့ မပြောနိုင်ဘူး. . . ”

“အေး. . ‘မပြေးခသော်ကန်ရာရှိ’ ဆိုသလို ဖြစ်နိုင်ချေတော့ ရှိတယ်”

“ဖြစ်ကိုဖြစ်နိုင်တယ်. . ကိုပွကြီး. . . ။ ကိုသံသပိတ်က သူ့လုပ်ရပ်တွေ ဖော်ကောင်လုပ်မှာစိုးလို့ ကျွန်တော့်ကို ကျောင်းက လွှင့်ရအောင် တစ်ဖက်လှည့်နဲ့ လုပ်နေတာ ကိုပွကြီးရဲ့. . . ”

ပေမှေး၏စကားကြားရတော့. . စိတ်ထဲ၌ ကိုသံသပိတ်အား ချဉ်သွားမိလေ၏။ ဘယ့်နှယ်. . မြေနိမ့်ရာလှံစိုက်ချင်လို့၊ ရေနစ်သူကို ဝါးကူထိုးလို့ ဘယ်ရမှာတဲ့တုန်း။

“နေအုံးကွာ. . အဲသည်ကိစ္စအတွက် ငါစဉ်းစားအုံးမယ်. . ပြီးတော့ ရလာတဲ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ အမိကကျတဲ့ ဆရာတော်ကြီးကို တိုင်ပင်လျှောက်ထားရအုံးမယ်. . ။ ဆရာတော်ကြီးက ခွင့်ပြုရင်ဖြင့် မင်း ‘သံသယသားကောင်’ အဖြစ်က ကွင်းလုံးကျွတ်လွတ်မပေါ့ကွာ. . . ”

“အားကိုးပါတယ်. . ကိုပွကြီးရယ်. . . ။ ကျွန်တော်တို့ ကိုပွကြီးတို့ရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းတဲ့အနေနဲ့. . ကျွန်တော့်ဘက်က ရပ်တည်ကူညီပေးပါဗျာ. . . ”

ပေမှေးကလည်း. . အလာသား။

တစ်ဖက်သား မကူညီချင် ကူညီအောင် သွယ်ဝိုက်နှိုးပင့်တတ်ချေသည်ပဲ။ ကိစ္စမရှိ. . . ။ သည့်အတွက်တော့. . ကြီးနိုင်ငယ်ညှဉ်းလုပ်လိုသည့် ကိုသံသပိတ်ဆိုသော ကျောင်းသားကြီးအား ပညာပေး နှိပ်ကွပ်ရမည်လေ။

♦ ♦ ♦ ♦ ♦





မိခင်ဖြစ်သူက ဆရာတော်ကြီးအား လှူစရာရှိတာလှူ၊ လျှောက်ထားစရာရှိတာတွေ လျှောက်ထားပြီး ရွာသို့ပြန်သွားသည်။

မိခင်၏မျက်နှာကြောင့် ပွကြီးအဖို့ ဆရာတော်ကြီး၏ မျက်နှာသာပေးခြင်းကို ခံရသည်။ ပွကြီးက ကျက်သရေခန်းအတွင်းမှ နို့ဆီနှစ်ဘူးပျောက်ဆုံးမှုအတွက် ဂမ္ဘီရနည်းပညာဖြင့် တရားခံအစစ်ကို ဖော်ထုတ်ပေးနိုင်ပါကြောင်း လျှောက်ထားတော့. . ဆရာတော်ကြီးခမျာ ခေါင်းတညိတ်ညိတ်။

“တကယ်ဖော်ထုတ်နိုင်လို့ကတော့ အတိုင်းထက်အလွန်ပေါ့ ပွကြီးရယ်. . . ။ ငါ့ကျောင်းမှာ ဒီလိုမျိုးအကျင့်စရိုက်ရှိတာကို လုံးဝလက်မခံနိုင်ဘူး. . . ။ ကောင်းကောင်းကြီးကို ဆုံးမရမယ်. . . ။ ဒီတော့. . မင်းဖော်ထုတ်ပေးမှာကို လက်ခံတယ်. . . ။ ငါ့ဘက်က ဘာတွေလုပ်ပေးရမလဲ. . ပြော”

“အထွေအထူးတော့ မဟုတ်ပါဘူး. . ဒီကျောင်းမှာ ဦးရေဘယ်လောက်ရှိတာကို သိချင်ပါတယ် ဘုရား. . . ”

“အေး. . ငါရယ်၊ ခန်းနေကိုယ်တော်နှစ်ပါးရယ်၊ ကပ္ပိယကြီးဖိုးသာမြပြီးတော့. . ကျောင်းသားတွေဖြစ်ကြတဲ့ သံသပိတ်၊ ပေမှေး၊ ဂဲကြီး၊ ဇင်ယု၊ ဖိုးခွားတို့ ဒါပဲရှိကြတယ်. . . ”

“ဒါဆိုရင်. . ဆရာတော်ကြီးနဲ့ ကိုယ်တော်နှစ်ပါးကို ဖယ်လိုက်မယ်။



www.burmeseclassic.com

ဒါဆို. . သံသယဖြစ်စရာဆိုလို့ ကပ္ပိယကြီးဖိုးသာမြ အပါအဝင် ကျောင်းသားတွေနဲ့ စုစုပေါင်း(၆)ဦးကို စမ်းသပ်ဖော်ထုတ်ပါ့မယ် ဘုရား. . .။

ဆည်းအတွက်. . သူခိုးဖမ်းဖို့ရာ 'ဂမ္ဘီရကောင်ညှင်းထုပ် ၆ထုပ်ပြုတ်ပါ့မယ်ဘုရား။ အထုပ်တစ်ထုပ်ဆီမှာ တစ်ယောက်ချင်းရဲ့နာမည်ကို ရေးထားပါ့မယ်။ ပြုတ်ပြီးတဲ့အခါ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာနဲ့ ပြည့်ဝတဲ့ ဆရာတော်ကြီးကပဲ အဲသည် ၆ထုပ်ထဲက တစ်ထုပ်ကို ရမ်းပြီးဆွဲထုတ်လိုက်ပါ. .။ အဲဒီအထုပ်ကိုဖြည်လို့ တွေ့ရတဲ့နာမည်ရှင်ဟာ. . နို့ဆီနှစ်ဘူးခိုးတဲ့ တရားခံပါဘုရား. . .။

သည်နည်းနဲ့ တပည့်တော်ရဲ့ရွာမှာ ဖော်ထုတ်ပေးခဲ့တာ အောင်မြင်ပါတယ် ဘုရား. . ."

"ဟေ. . ဟုတ်လိုက်လေကွာ. . ဟန်ကျလိုက်လေ. . .။ ငါသဘောတူတယ်ဟေ့. . .။ လိုအပ်တာတွေ ယူပြီး မင်းပဲစီမံပေတော့ ပွဲကြီး. . ."

"တင်ပါ့. . ဘုရား. . ."

ဆရာတော်ကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် ပွဲကြီးအဖို့ စီစဉ်စရာရှိသည်တို့ကို အကွက်ကျကျ စီစဉ်လိုက်တော့သည်။

♦♦♦♦♦

"တောက်. . တောက်. . တောက် တောက် တောက်. . ."

"တောက်. . တောက်. . တောက် တောက် တောက်. . ."

ထိုအသံကား ဆရာတော်ကြီး၏ တုံးခေါက်သံပေတည်း။ သည်လို တုံးခေါက်သံပေါ်ထွက်လာလျှင်. . ကျောင်းရှိလူများ. . ကျောင်းအောက်၌ စုဝေးကြရစမြဲဖြစ်၏။ မကြာခင်မှာပင် ကျောင်းအောက်၌ လူစုံတက်စုံ ရှိကြပေပြီ။

"ကိုင်း. . ကိုင်း. . နားထောင်ကြ. . နားထောင်ကြ. .။ မင်းတို့ကို ပွဲကြီးက ရှင်းပြလိမ့်မယ်။ ဟေ့. . ပွဲကြီး ရှင်းပြလိုက်စမ်း. . ."

"တင်ပါ့. . ဘုရား. . ."

ဆရာတော်ကြီး၏ခွင့်ပြုမှုဖြင့် ပွဲကြီးက အကြောင်းကိစ္စကို ရှင်းပြလိုက်သည်။

"အခုလို. . ခေါ်ယူတဲ့ကိစ္စဟာ အခြားမဟုတ်ပါဘူး။ အများသိကြတဲ့အတိုင်း. . ဆရာတော်ကြီးရဲ့ ကျက်သရေခန်းထဲကနေ နို့ဆီဘူးနှစ်လုံး ပျောက်နေတဲ့ ကိစ္စကို မျက်နှာစုံညီရှေ့မှာ ဖော်ထုတ်ဖို့ကိစ္စပါ. . ."

ပွဲကြီး၏စကားကြောင့် ကပ္ပိယကြီးအပါအဝင် ကျောင်းသားများ မျက်လုံးပြူးသွားကြသည်။ ရင်တွေလည်း တဒိန်းဒိန်းလှုပ်ခုန်လျက်ရှိကြ၏။



စိန်မိုးယံစာပေ

www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့. . နို့ဆီနှစ်ဘူးဟာ ခြေထောက်ပေါက်ပြီး ပျောက်သွားတာတော့ မဖြစ်နိုင်ဘူး။ မသမာစိတ်နဲ့ ခိုးယူလို့ ပျောက်တာပဲဖြစ်တယ်။ အဲသည့်အတွက် သံသယဖြစ်ဖွယ်ဆိုလို့ ကပ္ပိယကြီးဖိုးသာမြ၊ ကိုသံသပိတ်၊ ပေမေ့။ ဂဲကြီး၊ တင်ယု၊ ဖိုးခွားဆိုပြီး (၆)ယောက်တိတိ ရှိလာတယ်. . .။

ဒီတော့. . ကျွန်တော်လေ့လာစူးစမ်းထားတဲ့ 'ဂမ္ဘီရသူခိုးဖော်နည်း' နဲ့ ဖော်ထုတ်ဖို့ ကောက်ညှင်းထုပ် (၆)ထုပ်ပြုတ်ထားပါတယ်။ ပြုတ်ထားတာ ကျက်လည်းကျက်နေပါပြီ။ အဲသည် အထုပ်တွေထဲက တစ်ထုပ်ကို ဆရာတော်ကြီးက ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ ဆွဲထုတ်ပါလိမ့်မယ်။ အထုပ်တိုင်းမှာ နာမည်တစ်ခုစီရေးထားတာမို့ ဆရာတော်ကြီးဆွဲထုတ်လိုက်တဲ့ အထုပ်ကျတဲ့သူကတော့ နို့ဆီသူခိုးပါပဲ. . .။

ဒီလိုမှ မဖော်ထုတ်ရင်. . တရားခံအစစ်က ပေါ်ဖို့မလွယ်ပါဘူး. .။ ယုန်ထင်ကြောင်ထင် အထင်ခံရပြီး တကယ်မခိုးဘဲ ခိုးတယ်လို့ ယိုးစွပ်ခံရတာ သိပ်ကိုနစ်နာပါတယ်။ ဒါကြောင့်. . အပြစ်မဲ့သူကို မနစ်နာရလေအောင် ဖော်ထုတ်ပေးရတာပါပဲ. . .။

"ကိုင်း. . ဆရာတော်ဘုရား. . အစီအစဉ် စလို့ ရပါပြီဘုရား. . ."

ပွဲကြီး၏ရှင်းလင်းပြောဆိုချက်အပြီး၌ ဆရာတော်ကြီးလည်း ကောက်ညှင်းထုပ် ၆ထုပ်ကို ဇလုံကြီးထဲ သမအောင် ဖင်တစ်ပြန်ခေါင်းတစ်ပြန်မွှေကာ တစ်ထုပ်သောကောက်ညှင်းအား ရွေးထုတ်လိုက်သည်။

"ကိုင်း. . ကိုယ်တော်ဇဝန ဖြည်လိုက်စမ်း. . ."

ဆရာတော်ကြီးဆွဲထုတ်လိုက်သော ကောက်ညှင်းထုပ်အား ဦးပဉ္စင်းရှင်ဇဝနသည် ဆွဲယူကာ ဖက်များအားဖြည်ချလိုက်ရာ. . ကတ်ပြားတစ်ခု ထွက်လာသည်။ ထိုကတ်ပြားကို ဖတ်လိုက်သောအခါ အားလုံး ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြသည်။





"သံသပိတ်. . တဲ့ ဘုရား. . ."

ဆရာတော်ကြီးသည် နေရာမှ ငေါက်ခနဲထကာ တိုင်၌ချိတ်ထားသော ထားဝယ်ကြိမ်ကို ဆွဲယူကာ. . .

"ကဲ. . အပြစ်ကတော့ ထင်ရှားနေပြီ သံသပိတ်. . ."

"တပည့်တော်. . တပည့်တော်. . ."

"တော်စမ်း. . တိတ်စမ်း. . ဂမ္ဘီရနည်းနဲ့ ဖော်ထုတ်လို့ပေါ်ပေါက်လာတာကို ငြင်းချင်သေးလား. . .။ ဘာမှ အထွန့်မတက်နဲ့. . .။ အရိပ်နေနေ. . အခက်ချိုးချိုးကွာ. . .။ ငါ့ကျောင်းနေပြီး သစ္စာမရှိတဲ့ကောင်၊ စာရိတ္တချို့ယွင်းတဲ့ကောင်. . ကိုင်း. . ကိုင်း. . ."

"ဖျန်း. . ဖျန်း. . ဖျန်း. . ."

"အောင်မယ်လေး. . ကြောက်ပါပြီဘုရား. . နာလှပါပြီဘုရား. . အားလား. . လား. . ."

စိတ်ရှိလက်ရှိတွယ်လိုက်သည့်အတွက် သံသပိတ်ခမျာ ကြမ်းပြင်တွင် လိမ့်နေသည်။

"ဟေ့ကောင်. . သံသပိတ်. . ."

"ဘုရား. . ."

"ကျက်သရေခန်းထဲက နို့ဆီနှစ်ဘူးကို ခိုးယူတဲ့အတွက် ဒီနေ့ကုဋီကို သန့်ရှင်းရေးလုပ်ရမယ်. . .။ ရေတွေဖြည့်ရမယ်။ ပြီးတော့ နတ်လမ်းနဘေးက ဗွက်အိုင်ထဲ သဲတွေဖြည့်ခင်းရမယ်. . .။

ကိုင်း. . သွားကြ။ ဘယ်သူမဆို အပြစ်ကျူးလွန်ရင် အပြစ်အတိုင်း စီရင်ခံရမယ်။ ကဲ. . ကျေးဇူးတင်တယ် ပွဲကြီး. . .။ ဟောဒီ. . ကောက်ညှင်းထုပ်တွေ ပြန်ရင်ယူသာသွား။ ဒီကကောင်တွေကို တစ်ကောင်မှ ကျွေးချင်လို့ဘူး"

"တင်ပါ့. . ဘုရား. . ."


www.burmeseclassic.com

www.burmeseclassic.com

ပွဲကြီးလည်း ဝမ်းသာအားရဖြင့် ကောက်ညှင်းထုပ်များကို အိတ်လွတ်တစ်ခုထဲ ထည့်ကာဆွဲယူပြီး ကျောင်းအောက်မှ ထွက်လိုက်သည်။

သံသပိတ်ကား. . ပွဲကြီးအား ပြာကျသွားနိုင်လောက်သည့် နဂါးမျက်စောင်းမျိုးကို ထိုးလျက်. . သံပုံးအလွတ်တစ်လုံးကိုဆွဲကာ ကုဋီဘက်သို့ ထွက်သွားလေ၏။ ပွဲကြီး၏ရိုက်ချက်ကား ထိရောက်လှပေစွ။ စိတ်ထဲမှာလည်း 'ငါတို့အမျိုးကို မဟုတ်တမ်းတရားစွပ်စွဲချင်တဲ့ ထိုးချချင်တဲ့ သံသပိတ်တော့ ထိပဟ' ဟု မြည်တမ်းလျက် ပီတိတွေ ဝေဖြာနေတော့၏။

ကောက်ညှင်းထုပ်အိတ်ကိုဆွဲလျက် ကျောင်းပရိဝုဏ်မှ တစ်လှမ်းချင်းထွက်လာပြီး သိပ်မကြာ. . .။ အနောက်ဘက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်တော့ ပေမှေးဖြစ်နေသည်။

"ဟ. . ပေမှေးပါလား. . ဘာများတုန်းကွ. . ဘာများကူညီရအုံးမလဲ. . ."

"ဟာ. . မလိုတော့ပါဘူးဗျာ. . ကိုပွဲကြီးကို ကျေးဇူးတင်လွန်းလို့ လာနှုတ်ဆက်တာပါ။ ကျေးဇူးတင်စကားပြောတာပါ. . ."

"မလိုပါဘူးကွာ. . မင်းနဲ့ငါနဲ့က တစိမ်းတွေမှ မဟုတ်တာဘဲ။ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မြင့်မားမားက ပေါက်ဖွားလာတဲ့ ဆွေမျိုးရင်းခြာတွေပဲ မဟုတ်လား. . ."

"အဟီး. . ဟုတ်ပါဗျာ။ ဟိုကောင်ကြီး သံသပိတ်တော့ အီစလံဝေသွားပြီ. . .။ သိက္ခာလည်းတစ်ပြားသားမှ မရှိတော့ဘူး. . ဟီး. . ဟီး. . .။ ဒါထက်. . ကိုပွဲကြီးရဲ့ 'ဂမ္ဘီရ သူခိုးဖမ်းကောက်ညှင်းထုပ်' က တယ်လည်း စွမ်းပေတာပဲနော်. . ."

"ဟ! စွမ်းတာမဟုတ်ဘူးကွ။ ငါလည်း သံသပိတ်ကို စိတ်ထဲချဉ်တာနဲ့. . ကောက်ညှင်းထုပ်တိုင်းမှာ 'သံသပိတ်' ဆိုတဲ့ နာမည်ချည်းရေးထားတာကွ. . ."





"ဟာ! ပိုင်ပါ့ဗျာ. . .။ အဲသည်အတွက် ကိုပွဲကြီးကို ကျေးဇူးဆပ်ပါရစေ. . ."

ပြောပြောဆိုဆိုနှင့် ပေမှေးသည် တောင်မြောက်ဝဲယာကို တစ်ချက်အကဲခတ်ကြည့်လိုက်ရင်း မည်သည့်အနှောင့်အယှက်တစ်စုံတစ်ရာမှ မရှိသည်နှင့် ၎င်း၏ခါးပိုက်ဆောင်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ပေးလိုက်လေ၏။

ထိုပစ္စည်းက. . အခြားမဟုတ်။

ဆရာတော်ကြီး၏ ဈာန်သရေခန်းအတွင်းမှ ပျောက်ချင်းမလှ ပျောက်နေသော၊ အနိုးခံသည်ဆိုသော ကုလားမခြင်းဆွဲနို့ဆီနှစ်ဘူးအနက်မှ တစ်ဘူးဖြစ်နေပါသတည်း။

◆◆◆◆◆◆◆◆◆


www.burmeseclassic.com

www.burmeseclassic.com



"နော်...ဒါဒါကြောင့်

သူ့အတတ်ကို

ကယ်တင်ရာလည်း ရောက်အောင်

မင်းမှာလည်း...

အတတ်ပညာငြိမ်ငြိမ်မြဲအောင်

ပျိုမယ်ဆို...

ပျိုးသင့်တယ်လို့...

ပြောချင်တာပေါ့ကွာ..."



ဆံသဆရာတစ်ယောက်အဖို့ သူတစ်ပါး၏ဆံကေသာ လှပရေးအတွက် ဖန်တီးပြင်ဆင်နိုင်သည်ဆိုငြား. . သူ့ကိုယ်သူတော့ ပြုပြင်ဖို့ရာ ဆံသဖို့ရာ မဖြစ်နိုင်ဟု ကြားဖူး၏။

ဟိ-သစ္စံ ဤစကားမှန်ပေစွ။

တစ်ပါးသူအတွက် ဖူးစာရေးနှင့်ပတ်သက်၍ အကြံကောင်းဉာဏ်ကောင်းများပေး၍ ဖန်တီးဆောင်ရွက်ပေးနိုင်လေသော ပွဲကြီးအဖို့ အမြီးပေါက်ချင်သည့်ကိစ္စ၌ သူကိုယ်တိုင်ဘယ်လိုမှ မတတ်နိုင်တော့. . သည့်အတွက် တတ်နိုင်စွမ်းရှိသည့် ဆရာ့ဆရာကြီးများထံ မှီခိုဆည်းကပ်ရပါတော့၏။

ခုလည်း သူ့အမြီးပေါက်လိုသည့်အရေးအတွက်. . 'မြာစွံထိပ်ခေါင် အဘဖိုးသာအောင်' ထံရောက်ခဲ့ရပါပြီကော။

အဘဖိုးသာအောင်မှာ အမြဲလို မျက်နှာရွှင်ပြကြည်သာနေတတ်ပြီး သူဆောင်ရွက်ပေးလိုက်သော ကိစ္စမှန်သမျှ အောင်မြင်တတ်လေရကား. . လူနှင့်အမည်နာမ လိုက်ဖက်သည့် ပုဂ္ဂိုလ်ကြီးဟု ကောက်ချက်ချရလျှင်မမှား။

'မြာစွံထိပ်ခေါင်' ဆိုသည့်အတိုင်း လူပျိုကာလသားဘဝက ရည်းစားသနတွေသောင်းခြောက်ထောင်မက ရှိခဲ့သည်။ လူ့ရည်က ခပ်သန့်သန့်။ အသားက မဖြူမညို။ သျှောင်ထုံးနှင့်လွန်စွာမှ ခန့်ညားသူ၊ အပြောကောင်း



www.burmeseclassic.com

www.burmeseclassic.com

သူ၊ အနေအထိုင်သပ်ရပ်သူ။ သည်တော့လည်း မဒီကညာတွေ ဂုဏ်းအပေါ် ခိုက်ကြ၊ ကြိုက်ကြသည်မှာ. . မဆန်း။

လက်ရှိမှာ. . မကြီး၊ မငယ်ဆိုသည့် ညီအစ်မနှစ်ယောက်စလုံးနှင့် အိမ်ထောင်ကျလျက်ရှိ၏။ တစ်အိမ်တည်း အတူနေကြ၏။ မုန့်ကိုသာဝေစား မည်။ အချစ်ကိုတော့ ဝေမစားနိုင်ဟု ဆိုရိုးစကားရှိသော်လည်း ညီအစ်မအရင်း ရင်းအခြာဖြစ်သည့် မကြီး၊ မငယ်နှစ်ဦးစလုံးပင် တည့်ကြသည်။ လင်တစ် ယောက်အပေါ်၌ အချစ်တွေညီကြသည်။ သည့်အတွက် ဖိုးသာအောင်တစ် ယောက် 'မြာစွံထိပ်ခေါင်' ဘွဲ့ရသည်မှာမဆန်း။ မကြီး၊ မငယ်တို့ ညီအစ်မ နှင့်အိမ်ထောင်မကျခင်က အိမ်ထောင်သုံးဆက်ရှိခဲ့ဖူးကြောင်းလည်း သိရ သည်။ စွံလည်း. . စွံပါပေ့။

အဘဖိုးသာအောင်မှာ 'ပျော်ပျော်နေ သေခဲ' ဆိုသည့်ထုံးကို နှလုံး မူထားသော လူပျော်လူရွှင်ကြီးတစ်ဦးဖြစ်၏။ သည့်အတွက် သူ့အိမ်၌ လူပျို ပေါက် ကာလသားတွေမှာ နည်းနာနိသယခံယူရန်၊ အကြံဉာဏ်တောင်းရန်၊ အကူအညီရယူရန် လာကြသဖြင့် တရုံးရုံး။ လာကြပြီဆိုလျှင်လည်း လက် ချည်း ဗလာသက်သက်မဟုတ်ကြ။ စားစရာသောက်စရာကလေးများ၊ ဆန် အစ၊ ငါးခြောက်တွဲအလယ်၊ လက်ဖက်သုပ်၊ ဆေးပေါ့လိပ်၊ ကွဲသကာ၊ ထန်း လျက်ခဲတို့ပါလာသဖြင့်. . မကြီး၊ မငယ်တို့ကလည်း ကြည်ဖြူကြသည်။ ဘာ ပစ္စည်းမှ ပါမလာသူဆိုလျှင်လည်း အဘဖိုးသာအောင်အိမ်ရောက်လျှင် ရေခပ်၊ ထင်းခွဲအလုပ်များကို လုပ်ပေးတတ်ကြစမြဲ။

အဘဖိုးသာအောင်သည် မြာကိစ္စ၌ အတွေ့အကြုံများစွာ ကြွယ်ဝခဲ့ သူဖြစ်၏။ အောင်သွယ်အလုပ်ကို ကျွမ်းကျင်၏။ ကာမသျှတ္တရကျမ်းကို ကျေ ညက်၏။

သူစွမ်းဆောင်ဖန်တီးပေး၍ အကြောင်းပါသွားကြသူများ၊ သားတွဲ





လောင်းသမီးတွဲလောင်းဖြစ်သွားကြသူတွေမှာလည်း မနည်းမနော။ သမီး ရည်းစားဖြစ်သွားကြသူတွေမှာလည်း ထုနှင့်ထေး။

သူတို့သာလော. . ဆိုတော့၊ မဟုတ်ရေးချမဟုတ်သေး။

အရွယ်ဟိုင်းပြီဖြစ်သည့် ဖူးစာရှင်မျက်စိလည်နေမှုအောင်၌ စိတ်ထဲ တနုံ့နုံ့ခံစားနေရသည့် အပျိုကြီးတို့မှာလည်း မကြီး၊ မငယ်တို့ထံ လာလည်သ လိုလိုနှင့် အဘဖိုးသာအောင်ထံမှ မသိမသာနည်းဗျူဟာရရှိရန် အကြောင်း ကြီးငယ်ရမယ်အသွယ်သွယ်ရှာလျှက်. . ရောက် ရောက်လာတတ်ကြလေရာ အိမ်သာ၍ ညည့်လာသည် ဆိုလေမလား၊ ညည့်လာ၍ အိမ်သာသည်ဟု ဆိုရ လေမလား။ ဘကြီးဖိုးသာအောင်၏ အိမ်မှာတော့ တရုံးရုံးဖြင့်ပျော်စရာ ကောင်းလှချေ၏။

သည်သို့သော အခြေအနေမှာတင် မိန်းမအောင်မတန်လိုချင်သော ဖဲဝိဇ္ဇာမောင်ငြိမ်းနှင့် လင်အင်မတန်လိုချင်သော အပျိုကြီးမတင်တို့ ဖူးစာ ဖက်သွားကြလေရာ ကာယကံရှင်တို့ ပီတိဖြာဝေသွားကြသလို ဖူးစာခံရေးနတ် ကြီး အဘဖိုးသာအောင်မှာလည်း ကျေနပ်ဂုဏ်ယူ၍ မဆုံးနိုင်တော့။အဘဖိုး သာအောင်အဖို့ သူ့အလုပ်အပေါ်၌ သူဂုဏ်ယူမိသည့်နှင့်အမျှ လာရောက် အကူအညီတောင်းခံသူတွေကိုလည်း တတ်စွမ်းသမျှအကူအညီပေး၏။ ဗဟုသုတလိုလားသူတို့ကိုလည်း အသိပညာများဝေငှပေး၏။

ခုတလော. . အမြီးပေါက်ချင်သည့် ပွကြီးတစ်ယောက် အဘဖိုးသာ အောင်၏ အိမ်ဂေဟာ၌ စာတ်ကျနေလေပြီ။ ခါတိုင်း တမေ့တမောရှိမှ လာတတ်သည့် ပွကြီးတစ်ယောက် ယခုတော့ ချောင်းပေါက်မတတ် ရောက် ရောက်လာသည်ဆိုတော့ ငယ်ရာကကြီးလာသည့် အဘဖိုးသာအောင်အဖို့ အကဲမခတ်တတ်ဘဲ နေမှာတဲ့လား။

"ဟကောင်. . ပွကြီး. . ."


www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျာ. . အဘ. . ."

"မင်းလည်း မငယ်တော့ဘူးနော်. . ."

"မငယ်ဆို အသက်(၃၀)ထဲ ဝင်တော့မယ် အဘရဲ့"

"ဟာကွာ. . အချိန်တွေ အလဟဿဖြစ်ကုန်ပြီ. . နေနိုင်လိုက်တာ။ ယောကျ်ားတစ်ယောက်အဖို့ အသက်အစိပ်မှ ပုခက်မချိတ်နိုင်ရင် မနိပ်ဘူးကွ"

"ကျွန်တော့် စိတ်ကြိုက်မှ မတွေ့သေးဘဲ အဘရယ်"

"သိပ်လည်း ဇီဇာမနေနဲ့ကွ. . တော်ကြာလိုတာမရ. . ရတာမလို ဖြစ်ပြီး အောက်ကလိအာဖြစ်နေလိမ့်မယ်. . .။ ဒါထက် ငါ့အိမ်ကို တစ်ပတ် တစ်ခါလောက် ရောက်ရောက်လာတတ်တဲ့ မကြီး၊ မငယ်တို့နဲ့ဆွေမျိုးမကင်းတဲ့ ကလေးမလေးကို သတိထားမိရဲ့လား. . .။ လုံးကြီးပေါက်လှကလေးလေးကွာ. ."

"ဘယ်သူတုန်း. . အဘရဲ့. . ."

"အင်း. . ဟဲဒါကြောင့်လည်း အသက်ကြီးပြီး အချိန်မစီးတာပဲ. .။ မနီတွတ်ဆိုတဲ့ ကလေးမလေကွာ. . ရွာထဲမှာ ကွမ်းတို့၊ ရာသီပေါ် သီးနှံတွေ ကောက်ပြီး မြို့တက်ရောင်းတဲ့ ကလေးမလေး. . ."

"ဪ. . သိပြီအဘ. . သိပြီ. . .။ ပြီးခဲ့တဲ့နှစ်က ပိုးထိပြီး ဆုံးသွားတဲ့ ကိုသီလရဲ့မိန်းမ မဟုတ်လား. . ."

"သေချာတာပေါ့ကွာ. . သိပ်သေချာတာပေါ့. . .။ အေး. . အဲဒါ ပြောမလို့ ကလေးမလေးက အရောင်းအဝယ်မှာ ချက်ချက်ချာချာရှိပါတယ်။ ရုပ်ရည်ကလေးကလည်း အတော်လေးကျန်နေတာ. . မင်းအမြင်ပဲ. . .။ သူ့ခမျာ အားကိုးအားထားလိုနေရှာတယ်။ ငါတို့ မကြီး၊ မငယ်တို့ နားချရင် ငြင်းပယ်မှာ မဟုတ်ပါဘူး. . .။ အေး. . အဲဒီ မနီတွတ်ကလေးကို မင်းသဘော မကျဘူးလား. . ပွကြီး. . ."

"ဟာဗျာ. . အဘကလည်း. . ."





"အောင်မာ. . အပျိုမဟုတ်ဘဲ မုဆိုးမအအိုဖြစ်နေလို့ သဘောမကျ တာလား. . .။ ဒီမှာ မှတ်ထား. . 'အအိုသာဆိုရ အပျိုရှုံးပြန်' ဆိုတာ အဲဒီလိုကောင်မလေးတွေကို ရည်ညွှန်းတာ. . .။ လောကမှာ ပျိုတာအိုတာ အရေးမကြီးပါဘူးကွာ. . မနီတွတ်ကလေးကိုသာ ယူလိုက်ရင်တော့ မင်းဘာမှ သင်နေစရာမလိုဘူး. . သူကသာ မင်းကို သင်သွားမှာ. . ဟဲ. . ဟဲ. . .။ မင်းတော့ ဇိမ်ပဲ ပွကြီးရေ. . ဇိမ်ပဲ. . ."

"ဒါထက်. . ဆုံးသွားတဲ့ သူ့ယောကျ်ားကိုသီလက တော်တော်ဆိုး တယ်လို့ ကြားဖူးတယ်. . ."

"အေး. . ဆိုးလို့လည်း လောကကြီးက လက်မခံတာနေမှာပေါ့ကွာ။ ဖဲသမားမောင်ငြိမ်းနဲ့ ပေါင်းပြီး ဖဲရိုက်လိုရိုက်၊ မြားသမားမောင်သိုက်နဲ့ပေါင်း ပြီး မြားပွေလို့ပွေ၊ ဂဇော်သမားဂျက်ကြီးနဲ့ပေါင်းပြီး မိုးမလင်းအောင် ပုလင်း ထောင်လိုထောင်နဲ့. . .။ နောက်ဆုံးမတော့ သေမင်းက မွေ့ပွေ့ယောင်ဆောင် ဓာတ်သိမ်းပေးလိုက်မှပဲ ကိစ္စကပြတ်တော့တယ်. . .။ အဲဒီတုန်းကများ ကောင်မလေးခမျာ မျက်ရည်နဲ့မျက်ခွက်၊ သိပ်. . သနားစရာကောင်း. . ."

"အင်း. . လင်ဆိုးမယားတစ်ဖားဖားဆိုတော့လည်း. . သနားမယ်ဆို သနားထိုက်ပါတယ်. . အဘရယ်"

"အေး. . အဲဒါကြောင့်. . သူ့ဘဝကို ကယ်တင်ရာလည်း ရောက်အောင် မင်းမှာလည်း ဘဝကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ယူမယ်ဆို ယူသင့်တယ် လို့ ပြောချင်တာပေါ့ကွာ။

ကောင်မလေးခမျာ လင်းဆိုးရဲ့ ဒုက္ခသုက္ခတွေကို ခံစားရပြီးတဲ့နောက် မင့်လိုလင်ကောင်းနဲ့တွေ့လိုက်တဲ့အခါ ဘယ့်ကလောက်များ ဝမ်းသာလိုက် မလဲ. . .။ လင်ကောင်းကလေးရပဟဲ့. . 'ဖူးကောင်းတော့ စင်ခံ၊ လင်ကောင်းတော့ စံရ' သဟဲ့ဆိုပြီး မင့်ကို အိမ်ဦးခန်းတင်လို့ ဖူးဖူးတောင်မှုတ်ထားအုံးမှာ. . ."


www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုပြန်တော့ မနီတွတ်ကလေးအပေါ်တောင် စိတ်ဝင်စား ချင်ချင်ဖြစ်လာပြီအဘရယ်. .။အဲ. . ခက်တာက. . ."

"ဟ. . ဘာများခက်နေရပြန်တာလဲ"

"ခက်တာက အပျိုမဟုတ်ဘဲ. . မုဆိုးမဖြစ်နေတာ ခက် တယ်. . "

"မင်းတို့ အဲဒါတွေရှုပ်နေကြတာ. . .။ အပျိုဆိုတာ ကလေးမမွေး ဖူးသေးတဲ့သူ။ တစ်ခုလပ်တို့ မုဆိုးမတို့ ဆိုတာက လင်ရဖူးတဲ့သူ။ အဲ. . ဒါပေမဲ့ မနီတွတ်က ကလေးမွေးဖူးတာမဟုတ်လေတော့. . အပျိုနဲ့ သိပ်မကွာလှပါဘူးကွာ. . .။ ပြီးတော့ အသက်ကလည်း အစိတ်လောက်ပဲ ရှိသေးတာ။ ကြီးပြီလို့ မဆိုနိုင်ဘူး။

လောကမှာ စိတ်ပါပဲကွာ. . .။ တကယ်တော့ မနီတွတ်ဆိုတာ ပညတ်တစ်ခုပဲ။ ပရမတ်မဟုတ်ဘူး။ အခြေခံကတော့ ရုပ်နဲ့နာမ်တို့ ပေါင်းစပ် ဖွဲ့စည်းထားတာပဲ။ မနေ့ကနေ့ ဒီကနေ့ မတူဘူး။ အေး. . ဒီကနေ့နဲ့ နက်ဖြန် ဆိုတာလည်း တူမှာမဟုတ်ဘူး။

ဆိုတော့. . ကိုသီလနဲ့သွားတုန်းက မနီတွတ်ဟာ အတိတ်မှာကျန်ရစ်ခဲ့ပြီ။ လက်ရှိပစ္စုပ္ပန်တည့်တည့်မှာ ရှိနေတာက မနီတွတ်အဟောင်းမဟုတ် တော့ဘူး. . .။ မနီတွတ်အသစ် ဖြစ်သွားပြီ. . .။ အသစ်မှအသစ်ကလေး. . ."

အဘဖိုးသာအောင်၏ကက္ကတ္ထိယသဘောတရားပို့ချချက်ကို ခံယူရ၍ ပွကြီး စိတ်ထဲ မုဆိုးမလေးမနီတွတ်အပေါ်၌ စိတ်ထားတွေ ညွတ်ချင်လာသလိုလို ပင် ဖြစ်ပေါ်ခံစားရလေသည်။

"ကိုင်း. . ဘယ်နှယ်လဲဟေ့. . ပွကြီး. . "

"အင်း. . စိတ်ဝင်စားသလိုလိုတော့ ဖြစ်မိသား။ ဒါပေတဲ့လို့ မုဆိုးမ လေးသာ မဟုတ်ခဲ့ရင်. . ."

"ဟာ. . မင်းဟာက 'ပြောဆိုကဲလေ. . မန်းလေ ပြလေ' ဆိုတဲ့





အတိုင်းပါပဲလား. . .။ ဒါထက် မင့်ကို ငါ ယောက်ကျားအချင်းချင်းမို့ မေးရ အုံးမယ်။ မင်း. . ဒီအချိန်ထိ မိန်းမနဲ့ မကြုံခဲ့ဖူးဘူးလား. . မှန်တဲ့ အတိုင်း. . ပြော"

"အင်း. . ကိုကျင်ငွေနဲ့ ဖိုးလေးစံမြတို့ အလှူအတွက် မြို့တက်တုန်းက ကိုကျင်ငွေအဆွယ်ကောင်းတာနဲ့ တစ်ညတော့ ကြုံဖူးလိုက်ပါတယ်. . ."

"အေး. . အဲသည်ကစပြီး မင်းဟာလူပျိုမဟုတ်တော့ဘူး။ ဒါပေမဲ့. . လက်ဆုပ်လက်ကိုင်ပြစရာ မိန်းမရှိတဲ့အတွက် လူပျိုလို့ပဲ သတ်မှတ်နေကြတာ. . .။ လက်ဆုပ်လက်ကိုင်ပြနိုင်ရင်. . အအို။ မပြနိုင် ရင်. . အပျိုကွ။ ခု. . မနီတွတ်မှာ လက်ဆုပ်လက်ကိုင်ပြစရာ မရှိတော့ ဘူး. . .။ ဒါဆို သူ့ကို မုဆိုးမလို့သတ်မှတ်လို့မရတော့ဘူး။ သတ်မှတ်ချင်း သတ်မှတ်ရင် အပျိုလို့ပဲ သတ်မှတ်ရမှာကွ. . ."

"ဟား. . ဟုတ်တယ်အဘရာ. . .။ ဟုတ်တယ်"

"ဟုတ်ရပေမပေါ့ကွာ. . .။ ငါက ဟုတ်တာ မှန်တာတွေပဲ ပြောတဲ့ ဥစ္စာ။ နောက်ပြီး ပြောမဲ့ပြောတာ မဟုတ်ဘူး. . .။ မနီတွတ်ကလေးဟာ အင်မတန်လိမ္မာ ရေးခြားရှိတဲ့ပုံပဲ. . ."

အချက်အပြုတ်လည်း မဆိုးဘူး. . .။ အလျှော်အဖွပ်လည်း ကျေနပ် စရာ။ အဲ. . အချုပ်အလုပ်ကလေးတောင် တတ်လိုက်သေး။ ဒါထက်. . ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတယ်ဆိုတော့. . အရောင်းအဝယ်ကလည်း ကျွမ်းကျွမ်းကျင်ကျင်. . အိမ်ထောင်ထိန်းသိမ်းတာလည်း နိုင်နိုင်နင်းနင်း ရှိမယ့်လက္ခဏာအပြည့်ပဲ. . ."

"အဟီး. . ."

အဘဖိုးသာအောင်၏ ဟိမဝန္တာချီးမွမ်းခန်းကြောင့် ပွကြီးတစ်ယောက် မနီတွတ်ကို မြင်ယောင်ကာ ဖယောဖယဝေဒနာများဝင် ဝင်ရောက်လာတော့၏။


www.burmeseclassic.com

 www.burmeseclassic.com

"သဘောကျသွားပြီ. . အဘရယ်။ ကျွန်တော်တော့ အဘတရားချလို့ အမြင်မှန်ရသွားတာနှင့်အမျှ မနီတွတ် လေးကို သဘောကျသွားပြီ. . ."

"အဲဒီလိုပဲ ဖြစ်ရမှာပေါ့ကွာ. . ."

"ဩော်. . ဒါထက် အဘက မနီတွတ်ကောင်းတာ တွေချည်းပြောနေတယ်။ ဆိုးကွက်၊ ညံ့ကွက်ကလေးများကော. . မရှိဘူးလား. . ."

"ဒါကတော့ကွာ. . ပတ္တမြားမှန်လျှင်တောင်မှ 'အနာအဆာလေး တွေတော့ ရှိတတ်ကြသေးတာ မဟုတ်ဘူးလား။

ခု. . မနီတွတ်လေးမှာလည်း ကောင်းကွက်တွေ အများကြီးရှိတာနဲ့ အမျှ ဆိုးကွက်လေးတွေက အများကြီး မဟုတ်တောင်မှ တစ်ကွက်တလေတော့ ရှိတာပေါ့ကွာ။ သဘာဝကြီးကိုက အကောင်းနဲ့အဆိုး ဒွန်တွဲထားတာ မဟုတ်လား. . .။ ဒီတော့ သူ့မှာ အပြစ်ဆိုစရာဆိုလို့ ငါလေ့လာသိရှိပြီး ကိုယ်တွေ့ကြုံရတဲ့ ဆိုးကွက်ကလေး တစ်ခုတော့ရှိလေရဲ့. . ."

"အဲ. . အဲဒါ. . ဘာများလဲဟင်. . အဘ. . ."

သိလိုဇောအားကြီးစွာဖြင့် အူလျားဖားလျားဆိုသလို မေးမြန်းလိုက်သည်။ ဤတွင် အဘဖိုးသာအောင်သည် ဝန်းကျင်၌ မကြီး၊ မငယ်တို့ရှိမရှိ တိမ်းငဲ့ကြည့်လိုက်သည်။ မရှိဘူးဆိုလေတော့မှ လေသံကလေးတိုးလျှစွာဖြင့် ပွကြီးကိုပြောလိုက်၏။ ထိုစကားကြားသည့် တဒင်္ဂ ပွကြီးတစ်ယောက် အဘဖိုးသာအောင်တို့ အိမ်ဂေဟာမှ သုတ်ခနဲ ဆင်းပြေးလာခဲ့ရပါသတည်း။

'မြာစွံထိပ်ခေါင်. . အဘဖိုးသာအောင်' မည်သို့ပြောလိုက်ပါသနည်း။

"အေး. . အဲဒါကတော့. . လင်ငယ်နေချင်တဲ့ ဝါသနာကွ။ သူ့လင်သေီလရှိတုန်းကတောင်. . ငါနဲ့ဖြစ်ခဲ့သေး. . ဟေး. . ဟေး"

ပါတဲ့ခင်ဗျား။

◆◆◆◆◆



"အပီး...

ပါလေရဲ့

အနားတောင် မကပ်နိုင်ပါဘူးကွာ။

အဝေးကနေပဲ

လှမ်းမြင်ရတော့တာပဲ။

တော်တော်ဆိုးတဲ့ အမျိုးကြီးကွ။

သူနဲ့ မာယာချင်းပြိုင်လို့က

ပြိုင်တဲ့သူ...

လန်ကျသွားမှာ အသေအချာပဲ..."



www.burmeseclassic.com

www.burmeseclassic.com





မိန်းမမာယာကား. . တစ်သိန်းရှိရုံမက အပလိန်းအနန္တများလှချေ၏

ဟုစာတွေထဲ ဖတ်ဖူး၏။ သီချင်းတွေထဲကြားဖူး၏။

ခုလည်း. . အဘဖိုးသာအောင်၏ ပညာပေးမှုဖြင့်. . မိန်းမတွေကို ပွကြီးလန့်ချင်သလိုလိုဖြစ်လာ၏။ သည့်အတွက်. . ရွာမှာမနေဘဲ အမေ့ချက်မြုပ်ဇာတိဖြစ်သည့် ရွှေပန်းတောသို့ တစ်ခေါက်တစ်ကျေးဆိုသလို အလည်သွားရောက်ခဲ့၏။

သည်မှာတင်. . လန့်ချင်သလိုလိုဖြစ်ခဲ့သော ပွကြီးတစ်ယောက် သာဂေါင်ကြီးနှင့် ဆွေရိုပ်မျိုးရိုပ်မကင်းသည့်. . ရင်းနှင့်သက်တူရွယ်မျှ အပျိုကြီး မစမ်းမြင့်နှင့်ကျတော့. . ဘယ်ကဘယ်လိုဖြစ်လေသည် မသိ။ သည်းဖျားဆတ်ဆတ်ခါမျှ မျက်စိအကျကြီး ကျနေမိတော့၏။

“ဟော့ကောင်ပွကြီး. . ငါ့နှမအပျိုကြီး မစမ်းမြကို မင်းက ဘယ်လိုသဘောရလို့လဲ. . ပွင့်ပွင့်လင်းလင်းသာပြော၊ ငါ. . လုံးဝစိတ်မဆိုးဘူး. . . ”

“အေးကွာ. . ငါ့စိတ်ထဲရှိသမျှ အမှန်အတိုင်းပြော ရရင်ဖြင့်ဘယ်လိုရေစက်ကြောင့်လဲ မသိဘူး။ ကြိုက်သွားတာအမှန်ပဲ. . . ။ ငါနဲ့ရင်းနှီးအောင်လုပ်ပေးစမ်းပါ သာဂေါင်ရာ. . . ”

“မခက်ပါဘူးကွာ. . မစမ်းမြတည်းတာ ငါတို့အိမ်. . . ။



www.burmeseclassic.com

www.burmeseclassic.com

သည်တော့. . ရွှေပန်တောကို အလည်ရောက် လာတဲ့မင်းအနေနဲ့. . တခြားဘယ်မှာမှ တည်းမနေနဲ့။ ငါတို့အိမ်မှာပဲ တည်းပေါ့။ မင်းနဲ့မိတ်ဆက်ပေးမယ်. . .။တွေ့ပါမြင်ပါများတော့လည်း တစ်ဦးနဲ့တစ်ဦး. . သမုဒယပိုးကြိုးလေးတွေ ချည်ဖြစ်ကြတာပေါ့ကွာ. . ."

"အားကြီးကိုးပါရဲ့. . ယောက်ဖရာ. . ."

"ဟ. . ငါ့ကမိတ်ဆက်ပေးရုံသာပေးနိုင်တာ. . နောက်ပိုင်းကဏ္ဍကို မင်းဘာသာမင်း အကွက်လည်အောင် အကောင်အထည်ဖော်ပေါ့. . .။ ပြောမယ့်သာပြောရတာ. . ငါ့နှမဝမ်းကွဲ မစမ်းမြအကြောင်းကို ငါသိတယ်. . တကယ့်. . ဂျမ်းတောမအပျိုကြီး. . ."

"ဘာလဲကွ. . တော်တော်များဆိုးသလား. . ."

သူတို့နှစ်ဦး အချီအချပြောဆိုနေကြသည့် စကားဝိုင်းထဲသို့ ဖိုးကြည်က ဝင်ရောက်လာခဲ့သည်။

"သာဂေါင်ကြီးပြောတာအမှန်ပဲ. . ပွကြီးရ. . .

မစမ်းမြဟာ တကယ့်ဂျမ်းတောမကြီး။ မာယာကလည်း အင်မတန်များပ။ တစ်ဖက်သားကို လှည့်စားတဲ့ပညာမှာတော့ ထိပ်ပဲ. . ပွကြီးရေ. . .။ ရုပ်ရည်က မဆိုးပါဘူး. . .။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ပြောစရာမရှိဆိုတော့ သူ့နားချဉ်းကပ်ကြတဲ့သူတွေဆိုတာ နည်းမှမနည်းဘဲ။

သူ့ကိုဂေါ်ကြတဲ့သူတွေထဲမှာ ဘုန်းကြီးလူထွက်လူပြန်တော်ဖိုးစိန်လင်းတို့၊ ကျောက်ရှူးမြတ်ခိုင်တို့၊ မုဆိုးဖိုဦးခေတ်ထွန်းတို့တောင်ပါသေး. . ."

"ဟကောင်. . ဖိုးကြည်၊ ငါ့နှမ မစမ်းမြကို ပိုးတဲ့အထဲ မင်းလည်းပါသေးတယ် မဟုတ်လား. . ."

"အဟီး. . . ဒါပေမဲ့. . အနားတောင် မကပ်နိုင်ပါဘူးကွာ။ အဝေးကနေပဲ လန်ပြေးရတော့တာပဲ. . တော်တော်ဆိုးတဲ့အပျိုကြီးကွ. . သူနဲ့ မာယာ





ချင်းပြိုင်လို့က ပြိုင်တဲ့သူ လန်ကျသွားမှာ အသေအချာပဲ"

ဖိုးကြည့်စကားကြောင့် ပွကြီးပင် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ဘယ်နှယ့်. . ယောကျ်ားမာယာနှင့် မိန်းမမာယာ ယှဉ်ကြမည်၊ ပြိုင်ကြမည်ဆိုလျှင် မိန်းမကနိုင်မည်တဲ့လား. . .။ ရာဇဝင်ရိုင်းလိုက်ပါဘိတော့။'

"အဲဒါမျိုးဟာ အပျိုကြီးအနေနဲ့ တကယ်ချစ်ကြိုက်မိတဲ့သူ မတွေ့သေးလို့သာ. . ပညာပြတာပါ ဖိုးကြည်ရာ. . .။ လောကမှာ 'လှိုင်းကြီးရင်လှေအောက်. . တောင်ကြီးတော့ ဖဝါးအောက်' ပဲ. . .။ နောက်ဆုံးမတော့ မိန်းမတွေ ဘယ်လောက်အပြောကြီးကြီး. . မာယာပရိယာယ်တွေ ဘယ်လောက်များများ. . တို့ယောကျ်ားသားတွေရဲ့အောက်ကို တစ်နေ့ကျရောက်ရတာပဲ မဟုတ်လား. . ."

"ဟာ. . . ပွကြီး. . နေရာတကာပါတဲ့ ပါလေရာပွကြီး. . .။ မင်းဟာ သည့်ပြင်မိန်းမတွေ အပျိုကြီးတွေကိုသာ မာယာချင်းပြိုင်လို့ နိုင်ချင်နိုင်လိမ့်မယ်. . ငါ့နှမအပျိုကြီးမစမ်းမြကိုတော့. . မနိုင်ဘူးကွာ. . .။ ကျိန်းသေလောင်းရဲတယ်. . .။ ငါ့နှမရဲ့မာယာကို အနိုင်ရလို့ ဖူးစာဖက်ရမယ်ဆိုရင်. . စပါး (၂၀)လက်ဖွဲ့မယ်ကွာ. . တကယ်ပြောတာ. . ."

သာဂေါင်ကြီးက ပွကြီး၏စိတ်ကို နှိုးဆွပေးနေသည်။

"အေးကွာ. . လောလောဆယ်တော့ ရင်းနှီးမှုကိုရအောင်ယူပြီး. . မာဒက်ထုံးနှလုံးမူလို့ အနီးပိုး၊ အဝေးပိုး၊ ကပ်ပိုး၊ ခွာပိုးကလေးတွေနဲ့ အပျိုကြီးကို ကြိုးစားကြည့်အုံးမယ်. . အဆင်ပြေရင်တော့. . အိုကေပဲပေါ့. . ."

"အိုကေပါစေ. . ယောက်ဖတော်လောင်းလျာရယ်. . မင်းနဲ့ညားလို့ကတော့. . ငါတို့သာမကဘူး ရွှေပန်းတောတစ်ရွာလုံးကပါ အဘောတူသြဘာပေးကြမှာ သေချာတယ်. . ."

သာဂေါင်ကြီးက သူ့သဘောထားအစစ်အမှန်ကို ပြောင်ပြောင်တင်းတင်းပင်



www.burmeseclassic.com

 www.burmeseclassic.com 

ဖွင့်အန်သည်။

သာဂေါင်ကြီးက. . သူနှမအပျိုကြီးမစမ်းမြနှင့် မိတ်ဆက်ပေးသည်။ အပျိုကြီးကလည်း ပျူပျူငှာငှာပါပေ။ ဒါပေသည့် သူ့ဝန်းကျင်၌ ရစ်သီရစ်ဝဲလည် လျက်ရှိသော ပုရိသများစွာနှင့် ကြုံဖူးသည့်အတွေ့အကြုံများကြောင့်. . ပွကြီး၏မျက်လုံးအကြည့်ခတ်ကို ရိပ်မိသလိုလိုရှိသည်။ အသက်ကလည်း ပွကြီးနှင့် မတိမ်းမယိမ်းဆိုတော့. . အသုံးအနှုန်းက. . 'တော်' တို့. . 'ကျုပ်' တို့ဖြင့် တောသူဆန်ဆန်သုံးနှုန်းပြောဆိုခဲ့သည်။

ဘယ်သို့ပင် သုံးနှုန်းပြောဆို. . ပြောဆို. . မစမ်းမြ၏နှုတ်ထွက်စကားသံက အမြီးပေါက်ရန်ကြိုးစားနေသည့် ပွကြီးအတွက်တော့ တကယ့်ကို စမ်းရေစီးသံလေးပါပေ။

မစမ်းမြအတွက်တော့. . 'ရွှေစွန်ညိုဘာလို့ဝဲတယ်. . မထွေးလိုလို့ဝဲတယ်' ဆိုသည်ကို အတွေ့အကြုံများအရ သဘောပေါက်ပြီးသားဖြစ်၏။ ပွကြီး၏ ရုပ်လက္ခဏာနှင့် ပြုမူပြောဆိုမှုတွေမှာ သူတွေ့ဖူးကြုံဖူးသူတွေနှင့်တော့ အဆင်ကွဲသည်။ ပွကြီးသည် ယောက်ျားတိုင်းနှင့် မတူသော ယောက်ျားတစ်ယောက် ဖြစ်သည်ကိုတော့ စိတ်ထဲမှာပဲ ကောက်ချက်ချထားလိုက်သည်။

လက်ရှိအနေအထားမှာတော့. . မစမ်းမြအဖို့ အိမ်ရှင်လိုဖြစ်နေသည်။

ပွကြီးက. . သူမောင် သာဂေါင်ကြီး၏အရင်းနှီးဆုံး ချစ်သူငယ်ချင်း၊ တစ်နည်းအားဖြင့် ဧည့်သည်။

ဤ၌ ဧည့်သည်က အိမ်ရှင်ကို စော်ကားဖို့အကြောင်းမရှိသလို. . ဧည့်သည်ကိုလည်း အိမ်ရှင်က စော်ကားဖို့ရာအကြောင်းမရှိ။ သည်တော့. . ပွကြီးအဖို့ လူကြီးတွေ အလစ်တွင် သမာဓိပိုး. . ပိုးရသည်။

"ကျုပ်နဲ့မာယာချင်းပြိုင်ပြီး. . အနိုင်ရအောင် ကြိုးစားစမ်းပါ ကိုပွကြီးရယ်. . တော်. . ကျုပ်ကို နိုင်လို့ကတော့. . တော့ကိုစဉ်းစားပြီးသားပါ. . "



"ဘယ်လို. . မာယာချင်းပြိုင်ရမှာလဲ. . . "

"ရှင်က ယောက်ျားသား မဟုတ်လား. . ဒီတော့. . ယောက်ျားမာယာနဲ့ ကျုပ်ကို အနိုင်ရအောင်လုပ်ပေါ့တော့. . .။ ကျုပ်ကလည်း. . မိန်းမမာယာနဲ့ တော့်ကို အနိုင်ရအောင်လုပ်ပြမယ်. . .။ အဲ. . တော့်မှာ ကျုပ်နဲ့ ပြိုင်နိုင်တဲ့ပညာတွေရှိလာရင် စိန်ခေါ်လိုက်. . ဟုတ်ပလား. . အဲသလိုမဟုတ်လို့ကတော့. . ကန်တော့ဆွမ်းပါပဲ. . . "

အပျိုကြီးမစမ်းမြ၏တိုက်ပွဲခေါ်သံက တကယ့်ကို ရင့်ရင့်ရဲရဲ. . .။

ပွကြီးအဖို့ ၎င်းကိုယ်၎င်း ဆန်းစစ်၏။

"ငါ. . သူ့မေတ္တာကိုရဖို့ သူ့ကိုပိုင်ဆိုင်ဖို့. . သူနဲ့ယှဉ်ပြိုင်နိုင်လောက်တဲ့ ပညာတွေ ပြည့်ဝနေပြီလား. . . "

သေသေချာချာတွေးကြည့်တော့ နေရာတကာ ဟိုနေရာ. . ပါ၊ သည်နေရာ ပါနှင့်. . 'ပါလေရာပွကြီး' ဟူ၍သာ အမည်တွင်ခဲ့သည်။ တကယ့်. . လောက်လောက်လားလားတော့ ဘာမျှမရှိသေး။

"ဟာ. . ! ဒါဘာခက်တာမှတ်လို့. . ငါတို့ရွာမှာ ဣတ္ထိယတွေနဲ့ ပတ်သက်ရင် ကဝိတစ်ဆူလို ဖြစ်နေတဲ့ 'မြာစွံထိပ်ခေါင်. . အဘဖိုးသာအောင်' တစ်ယောက်လုံးရှိနေတဲ့ ဥစ္စာပဲ. . .။ သူ့ဆီကိုပြန်သွားပြီး. . မိန်းမတွေရဲ့ မာယာဟာ ဘာတွေလဲဆိုပြီး လေ့လာဆည်းပူးရမယ်။ သူတို့ရဲ့ မာယာကို သဘောပေါက်နားလည်ထားရင်. . မစမ်းမြရေ. . ခင်ဗျားကြီး. . ကျုပ်မေတ္တာလောင်းရိပ်အောက်က. . ဘယ်လိုမှ ပြေးထွက်နိုင်ဖို့ရာ မဖြစ်တော့ဘူးဗျို့"

သည်သို့ကြုံးဝါးပြီးသည့်သကာလ ရွှေပန်းတောမှ ခေတ္တကိုယ်ယောင်ဖျောက်ခဲ့ပါလေသတည်း။

♦ ♦ ♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

"ဟကောင်. . ပွကြီးရာ. . မင်းမလဲ. . ရှာနားကမြက်မစားတဲ့ ရှာနွားဘဲ်ကောင်ပါပဲလားကွာ. . .။ အင်းလေ. . ဖူးစာဆိုတာကလည်း အဆန်းသားကလား. . .။

အေး. . လောကမှာ မိန်းမတွေဆိုတာလည်း လျှော့တွက်လို့မရပေဘူးကွ။ ကာမသျှတ္တရကျမ်းအလိုအရ မိန်းမတွေမှာ မာယာပေါင်းလေးဆယ်ရှိတယ်ဆိုပဲ။ ဗဟုသုတအဖြစ်မှတ်ထားပွကြီး. . အဲဒါတွေကတော့. . .

(၁) ဟန်ပန်အမူအရာလုပ်ပြီး ကျောကုန်းသားကို လှစ်ပြတာ. . .

(၂) ရှက်စနိုးပုံစံနဲ့ အဝတ်အစားတန်ဆာတွေကို ဖုံးလွှမ်းတာ. . .

(၃) ယောကျ်ားတွေရဲ့စိတ်ကို သူတို့အပေါ် ညွတ်ပြောင်းလာအောင်လာအောင်ပြုမူတာ. . .

(၄) လက်သည်းခြေသည်းတွေကို အကြောင်းမဲ့ ခြစ်ပြတာ၊ ပွတ်တိုက်ပြတာ. . .

(၅) တင့်တယ်စမွယ်တဲ့ အမူအရာမျိုးလုပ်ပြတာ. . .

(၆) ကိုယ်ရဲ့သားသမီးသာမက သူတစ်ပါးရဲ့သားသမီးတွေကိုပါ မြှောက်ပင့်စေတာ. . .

(၇) ခြေတစ်ဖက်ကနေ ခြေတစ်ဖက်ပေါ်ကို တက်နင်းပြတတ်တာ. . .





(၈) မိမိရဲ့သားသမီးအပြင် သူတစ်ပါးရဲ့သားသမီးတွေကိုပါ ချီပိုးစေချင်တာ. . .

(၉) သစ်သားတုံက်ချောင်း၊ လှံတံ၊ ဆူးချွန်တွေနဲ့ မြေပြင်ကို အကြောင်းမဲ့ ရေးခြစ်ပြတာ. . .

(၁၀) သူတစ်ဖက်သားကို အစားအစာပေးပြီး စားစေတာ၊ ကိုယ်ကိုယ်တိုင်လည်း စားပြတာ. . .

(၁၁) ကိုယ့်ရဲ့သားသမီးတွေကိုသာမက သူတစ်ပါးရဲ့သားသမီးတွေကိုပါ ခုန်ပေါက်ကစားစေတာ. . .

(၁၂) ကလေးသူငယ်ကို နမ်းခိုင်းတာ၊ ကိုယ်ကလည်းနမ်းပြတာ. . .

(၁၃) ကျယ်ကျယ်လောင်လောင်နဲ့ အော်ဟစ်ပြောဆိုတတ်တာ. . .

(၁၄) တိုးတိုး. . တိုးတိုးနဲ့ လေတိုးသံလောက်ပြောဆိုတတ်တာ. . .

(၁၅) သူတို့ရဲ့နိမိတ်အင်္ဂါကို လှစ်ပြတတ်တာ. . .

(၁၆) အရာဝတ္ထုတစ်ခုခုကို ကလေးတစ်ယောက်ယောက်နဲ့ တောင်းခိုင်းတတ်တာ. . .

(၁၇) ကလေးငယ်တွေ လုပ်ကိုင်ပြုမူတဲ့အတိုင်း တစ်သွေမတိမ်းမတူ တူအောင် ပြန်လည်လုပ်ပြတတ်တာ. . .

(၁၈) ထင်ထင်ရှားရှား ပြောဆိုတတ်တာ. . .

(၁၉) တေးသီချင်းတွေ သီဆိုပြတတ်တာ၊ ညည်းပြတတ်တာ. . .

(၂၀) ကခုန်ပြတာ. . .

(၂၁) တီးမှုတ်ပြတာ. . .

(၂၂) တန်ဆာဆင်ပြတာ. . .

(၂၃) အမြင်တင့်တယ်တဲ့သဘောနဲ့ မကြည့်ချင်ကြည့်ချင်အောင်စမွယ်ပြတာ. . .


www.burmeseclassic.com

www.burmeseclassic.com

(၂၄) မျက်စောင်းထိုးပြီး ကြည့်တတ်တာ. . .

(၂၅) ခါးကို လှုပ်ယမ်းပြတာ. . .

(၂၆) ပြင်းပြစွာ ဟစ်ငိုကြွေးတာ. . .

(၂၇) လျှို့ဝှက်ထားအပ်တဲ့ အင်္ဂါကို လှုပ်ခါပြတာ. . .

(၂၈) ပေါင်တံကို ပုတ်ပုတ်ပြတာ. . .

(၂၉) ပေါင်တံကို လှစ်ပြတာ. . .

(၃၀) လက်ကတီး(ချိုင်း)ကို ပင့်ပြတာ. . .

(၃၁) ရင်သားမြတ်ကို ပြသတာ. . .

(၃၂) မျက်စိကို အကြောင်းမရှိဘဲ. . မှိတ် မှိတ်ပြတာ. . .

(၃၃) မျက်စောင်းကိုဖြစ်စေ၊ မျက်ခုံးကိုဖြစ်စေ. . ချီပြတာ. . .

(၃၄) ချက်ကို ဖော်ပြီးပြတာ. . .

(၃၅) လျှာကို တစ်လစ်တစ်လစ် ထုတ်ပြတာ. . .

(၃၆) ဆံထုံးကို ဖြည်ပြီး ဖြန့်ချပြတာ. . . .

(၃၇) နှုတ်ခမ်းကို အကြောင့်မဲ့ ကိုက်ပြတာ. . .

(၃၈) အဝတ်အစားကို ချွတ်ပြတာ. . .

(၃၉) ပြေနေတဲ့ဆံပင်ကို စိန့်ပြေနပြေထုံးပြတာ. . .

(၄၀) မျက်စကိုပင့် ပင့်ပြတာ. . .

အဲဒါတွေဟာ မိန်းမတွေရဲ့ မာယာလေးဆယ်လို့ဆိုတယ်ကွယ့်။ ဒါတွေကိုမြင်ရရင်. . ကိုယ့်အပေါ် မာယာတွေ ဆင်လာပြီလို့ သဘောထား. . .။

လောကမှာ. . 'အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး. . သည်သုံးမျိုး၊ ချက်မပိုင်လျှင်၊ နောင်ပြင်နိုင်ခက်သည့်အမျိုး. . ' တဲ့ကွ။ မင်းကို မပေါင်းဖော်အပ်တဲ့ မိန်းမ(၁၃)မျိုးကို ဖော်ပြလိုက်အုံးမယ်. . . "

မြာစွံထိပ်ခေါင် အဘဖိုးသာအောင်ကား. . တကယ့်က္ကတ္တိယပညာ၌ ကဝိ





တစ်ဆူဟု ဆိုရလောက်ပေသည်။ မတီးတော့လည်း. . မမြည်။ တီးမယ့်တီးပြန်တော့လည်း သောင်းဇမ္ဗူပေါ်၌ မောင်းတဒူဒူဆော်လိုက်သည့်ပမာ။ လမ္ဘရာစည်ကြီး မြည်ဟီးသည့်ပမာ။ ပွဲကြီးအဖို့ မှတ်သားနာယူ၍မဝ။

"အေး. . အဲဒါတွေကတော့. . .

(၁) အနွယ်မှာ မာန်တက်တဲ့ မိန်းမ

(၂) အဆင်းမှာ မာန်တက်တဲ့ မိန်းမ

(၃) ဥစ္စာမှာ မာန်တက်တဲ့ မိန်းမ

(၄) ဥစ္စာအပေါ်မှာ လော်လီဖောက်ပြားတဲ့ မိန်းမ

(၅) ပွဲလမ်းသဘင်မှာ လော်လီတဲ့ မိန်းမ

(၆)တန်ဆာဆင်ခြင်းမှာ လော်လီတဲ့ မိန်းမ

(၇) သေသောက်ကြူးတဲ့ မိန်းမ

(၈) တခြားသော ယောကျ်ားတကာတွေနဲ့ လော်လီဖောက်ပြားတတ်တဲ့ မိန်းမ

(၉) လင်ကို ရန်တွေ့တတ်တဲ့ မိန်းမ

(၁၀) အိမ်မှုကိစ္စကို မထိန်းသိမ်းနိုင်တဲ့ မိန်းမ

(၁၁) သူ့အိမ်သူ့ရာကို လှည့်လည်တတ်တဲ့ မိန်းမ

(၁၂) လင်လာလျှင် ရုတ်တရက် အိမ်ထဲမဝင်နိုင်အောင် အိမ်တံခါးပိတ်ထားတတ်တဲ့ မိန်းမ

(၁၃) တခြားသောယောကျ်ားတွေနဲ့ လက်ပွန်းတတီး အရောတဝင်နေတတ်တဲ့ မိန်းမ. . . အေး. . အဲဒီလိုမိန်းမတွေကို ရှောင်ကြဉ်ရလိမ့်မယ်. . "

သည့်နောက်မှာတော့ဖြင့် မိန်းမတို့၏ကြန်အင်လက္ခဏာ၊ အင်္ဂဝိဇ္ဇာတို့ကို စေ့စေ့ပေါက်ပေါက်ဆိုသလို ဗဟုသုတတွေ ဝေငှလေတော့. . ပွဲကြီးအဖို့ရာ အကျိုးများစွာရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ်. . မြာစွံထိပ်ခေါင် အဘဖိုးသာအောင်၏ အန္တေဝါသိက တပည့်ပီပီ သူချစ်ရလေသော အပျိုကြီးမစမ်းမြနှင့် မာယာချင်းပြိုင်ကာ အနိုင်ယူလိုက်မည်၊ မေတ္တာပန်းကို ဆွတ်လှမ်းလိုက်မည်ဟု တွေးတောစိတ်ကူးကာ ပီတိဖြစ်နေပါတော့၏။

♦♦♦♦♦♦♦♦♦♦



"ရောက်..ရောက်လေ...

ကျုပ် ဒေါ်သံကြောင့်...

ရွာထဲကလူတွေ..လာကြတော့မယ်။

တော်က..မေတ္တာရလုပ်ပါတယ်ဆိုလို့

တိုင်ပြောလိုက်ရင်...

တော်...

ဘာဖြစ်သွားမယ်မှတ်လဲ..."

www.burmeseclassic.com

www.burmeseclassic.com

အဘဖိုးသာအောင်ထံမှ လေ့လာဆည်းပူးလာခဲ့သည့် မာယာအတတ်ပညာများဖြင့် ပွဲကြီးတစ်ယောက်က ရွှေပန်းတောသို့ ဝင့်ကြွားစွာ လှမ်းလင့်ခဲ့ပါပြီ။

သူ့အိမ်ကလည်း. . သည်လို လတ်လျားလတ်လျားမနေဘဲ အိမ်ထောင်ပြုဖို့ တိုက်တွန်းကြ၏။ ကြိုက်မည့်သူမရှိက. . သူတို့ရှာကြံပေးစားမည်ဟုလည်း ဆိုကြ၏။

လက်မခံ. . ပါ။

ပွဲကြီး၏ရာဇဝင်၌ မိဘတွေ စပ်ဟပ်ပေးစားပါမှ လူပျိုဘဝက ကျွတ်ရသည်ဟူသော မော်ကွန်းကို လုံးဝမထိုး။ သူ့အစွမ်းသူ့အစဖြင့်. . တော်လေးဝဝင်မိန်းမမျိုးကို ရအောင်ယူပြမည်ဟု ကြုံးဝါးခဲ့၏။

တကယ်တမ်းလည်း အဘဖိုးသာအောင်ထံမှ လေ့လာချက်များအရ သူချစ်မိလေသော မစမ်းမြသည် ပြစ်မျိုးလွတ်ကင်းကာ မယားအဖြစ်၊ အိမ်ထောင်ဖက်ကောင်းအဖြစ် ပေါင်းသင်းအပ်သူ ဖြစ်နေသည်။ ဆိုစရာလေးတစ်ခုက. . ပညာမာန်တက်ခြင်း။

ဒါကလည်း သူနှင့်တွေ့က ဦးကျိုးသွားမည့် အတက်ကလေးတစ်တက်ဟု မှတ်ယူထားလေသည်။

နေဝင်ရီဖြိုးဖျဖျမှာတော့. . ရွှေပန်းတောရွာသို့ ပွဲကြီးရောက်ခဲ့သည်။





လမ်းခရီးမှာ လေပူတွေဝှေ့မှုကြောင့် တစ်ကိုယ်လုံး ဖုတ်တွေလူးနေ၏။ ချွေးကထွက်တော့ ရှုမြင်ဖို့ရာ သိပ်မကောင်း။ တစ်ကိုယ်လုံး ကပ်စေး. . ကပ်စေးနှင့်။

သည်တော့. . တစ်ရွာလုံးအသုံးပြုကြသည့် ရေတွင်းရှိရာသို့ ကိုယ်လက်များ ဆေးကြောသန့်စင်ရန် ဦးတည်လျှောက်လှမ်းလိုက်သည်။

ထိုအချိန်၌ အပျိုကြီးမစမ်းမြသည် ထမီရင်လျားဖြင့် အဝတ်တွေ လျှော်နေလေသည်။ သည်၌ နှစ်ဦးသား မမျှော်လင့်ဘဲ ဖြုန်းခနဲ တွေ့လိုက်ကြတော့၏။ မစမ်းမြအဖို့ ပွဲကြီးကို သတိတရရှိနေသည်မှာ ကြာပေပြီ။ ညကတင်. . အိပ်မက်ထဲ ပွဲကြီးကို မက်မိပါသေး။ ခုလို ဖြုန်းခနဲ မမျှော်လင့်ဘဲတွေ့လိုက်ရလေတော့. . ရင်တွေလှပ်ဖိုသွားရင်း. . တဘက်တစ်ထည်အား. . ဟင်းလင်းပြင်ဖြစ်နေသော ရင်ဘတ်အပေါ်ပိုင်းကို ကာကွယ်ရန် အလို့ငှာ လွှမ်းခြုံလိုက်လေသည်။

“အမယ်လေး. . လန့်လိုက်တာ. . ပွဲကြီးရယ်. . .”

“မလန့်ပါနဲ့ မစမ်းမြရယ်. . မေတ္တာရှိရင်းစွဲမို့ ဘယ်ကိုမှ လွှဲမထွက်နိုင်တာနဲ့. . မစမ်းမြရှိတဲ့ ရွှေပန်းတောကို ပြန်လာခဲ့ရတာပေါ့ဗျာ. . .”

“သြော်. . သြော်. . ဒါကြောင့် ညက အိပ်မက် မက်တာကိုး. . .”

“ဘာတွေများ မက်တာလဲ. . ဟင်. . .”

“အို. . မသိပါဘူး. . .”

နှုတ်က ရုတ်တရက်ကျွံထွက်သွားသည်မို့ ကမန်းကတန်း ပြန်ပိတ်လိုက်ရသည်။

“မစမ်းမြရယ်. . မစမ်းမြကို ချစ်လွန်းလွန်းလို့. . မစမ်းမြနဲ့ပညာချင်းပြိုင်ရအောင်. . ပညာတွေ ဆည်းပူးလာခဲ့တာ. . ကဲ. . စမ်းချင်ရာ စမ်းပေတော့. . .”

“တကယ်လား. . .”

“တကယ်ပေါ့. . .”

“ဒါဖြင့်. . စမ်းပြီ. . .”

သို့ကလို ပြောဆိုပြီးသကာလ၊ လက်ဝါးနှစ်ဖက်ကို ပါးစပ်တွင်ကာရှက်. . .


www.burmeseclassic.com

www.burmeseclassic.com


"ဟောဒီမှာ. . လာကြပါအုံး. . ကယ်ကြပါအုံး. . ကိုပွကြီးတစ်ယောက် ကိုပွကြီးတစ်ယောက်. . ."

ငယ်သံပါအောင် ကုန်းအော်လိုက်သဖြင့် ပွကြီးခမျာ ဆံပင်မွှေးတွေ ထောင်ထကာ လန့်ဖျပ်သွားလေ၏။

"ဟာ. . . ဘယ်. . ဘယ်လိုလုပ်လိုက်တာလဲ မစမ်းမြရဲ့၊ ခင်ဗျား မာယာစမ်းတာက. . ဘယ်လိုကြီးလဲ. . ."

"အို. . ဘယ်လိုကြီးပဲဖြစ်ဖြစ်. . အဲဒါ. . ကျုပ်တို့မိန်းမတွေရဲ့ မာယာပဲ. . ."

"ခင်ဗျားမာယာက. . ကျုပ်တော့. . ဒုက္ခရောက်ပါပြီ. . ."

"ရောက်ရောက်လေ. . ကျုပ်အော်သံကြောင့် ရွာထဲက လူတွေထွက် လာကြတော့မယ်. . ဒီအခါ. . တော်က ဗလက္ကာရလုပ်ပါတယ်လို့. . တိုင်ပြော လိုက်ရင်. . တော် ဘာဖြစ်သွားမယ်မှတ်လဲ. . ."

"ဟာ. . . မ. . မလုပ်ပါနဲ့ မစမ်းမြရယ်. . .။ ရှိကြီးခိုးပါရဲ့ဗျာ. . .။ ကျုပ်အရှုံးပေးပါပြီဗျာ. . အရှုံးပေးပါပြီ. . ."

ထိုစဉ်မှာပင် လူရိပ်လူခြေတွေ တွေ့လိုက်ရသည်။

"ကယ်. . ကယ်ပါ မစမ်းမြရယ်. . ကျွန်တော့်ကိုကယ်ပါ. . ."

"အဟီး. . ကဲ. . ဘာတတ်နိုင်သေးလဲ. . ပွကြီး. . ရှုံးပြီနော်. . ."

"ရှုံးပါပြီဗျာ. . ရှုံးပါပြီ. . ကယ်ပါအုံး. . ."

"ဟင်း. . ဟင်း. . ဟင်း. . မတောက်တစ်ခေါက်ပညာလေးနဲ့ နောက်ကို မစမ်းနဲ့. . ဟုတ်ပလား။ ကိုင်း. . ကျုပ်. . ပြောသလိုလုပ်. . ."

"ဘာလုပ်ရမှာလဲဟင်. . ."

"ရေတွင်းထဲ. . ခုန်ချ။ ခုန်ချလိုက်လေ. . .။ လူတွေလာနေပြီ. . ."

ပွကြီး မငြင်းနိုင်တော့။



မစမ်းမြပြောသကဲ့သို့ပင်. . ပွကြီးလည်း ရေတွင်းထဲ ဒိုင်ဗင်ထိုးချလိုက်သည်။

ထိုစဉ်. . ရွာထဲမှ လူများရောက်လာကြသည်။

လက်ထဲမှာလည်း ဓားတွေ. . တုတ်တွေ ကိုယ်စီနှင့်. . .။

"ဘယ်လိုဖြစ်တာလဲ. . ပွကြီး ဘယ်မှာလဲ. . ."

"ဟုတ်တယ်. . ဘယ်မလဲ ပွကြီး. . ."

လက်နက်ကိုယ်စီဖြင့် ရောက်လာကြသော ရွှေပန်းတောရွာသားတွေက အပျိုကြီး မစမ်းမြအား. . ကသောကမျောမေးလိုက်သည်။

"မေးမနေနဲ့. . ကျွန်မကို ရေငင်ပေးရင်း. . အရှိန်လွန်ပြီး. . ရေတွင်း ထဲပြုတ်ကျသွားလို့. . ကယ်ကြပါရှင်. . ."

မိန်းမမာယာကြွယ်ဝစွာဖြင့်. . သည်တစ်ပွဲ၌ ပွကြီးကို အနိုင်ယူသွားခဲ့ လေပြီတကား။

♦♦♦♦♦♦♦♦♦♦



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းက ဤမျှနှင့်. . ဆုံးပြီဟုဆိုပါမည်။

အကြောင်းမူ. . .

ပွဲကြီးနှင့် အပျိုကြီးမစမ်းမြ၏ မာယာပြိုင်ပွဲ၌ ပွဲကြီးသည် အရှုံးကြီး ရှုံးခဲ့၏။ မစမ်းမြအနိုင်ရ၏။

သို့သော်. . မစမ်းမြသည်. . မိန်းမသား။

မိန်းမသားဖြစ်၍ မိခင်စိတ်ရှိ၏။

ဤ၌ ရေတွင်းထဲ၌ သေကောင်ပေါင်းလဲ. . ဒုက္ခခံစားသွားခဲ့ရရှာသော ပွဲကြီးအား သနားစိတ်ဝင်သွားခဲ့၏။

သနားခြင်းသည်. . မိန်းမသားတို့ မာန်မာနကို ခဝါချသော မေတ္တာ ရှေ့ပြေးဖြစ်၏။

သို့ဖြစ်လေရာ. . နောက်များမကြာမီ၌. . .

'မောင်ပွဲကြီးနှင့်မစမ်းမြ' တို့၏ မင်္ဂလာပွဲကြီးသည် ရွှေပန်းတော၌ ဝှဲခ်ီးစွာ ကျင်းပတော့မည်ဖြစ်၍ 'စကားကျွံ-နှုတ်မရ' ဆိုသည့်အတိုင်း ယောက်ဖ တော် သာဂေါင်ကြီးတစ်ယောက် စပါး(၂၀)လက်ဖွဲ့ရတော့မည် ဖြစ်ပါ သတည်း။ ။

ပြုံးပျော်ကြည်နူးကြပါစေ
မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား



BURMESE CLASSIC .com
www.burmeseclassic.com